# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၄)

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စည်ပင်ဧည့်ရိပ်သာ (၁) ကာကွယ်ဆေးထိုးစုရပ်တွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အရာထမ်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးစုရပ်၌ ယနေ့တွင် ဝန်ကြီးဌာန ၁၀ ခုမှ အရာထမ်း ၉၀၇ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၌ ယနေ့တွင် အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ အင်းယား ကိုဗစ်-၁၉ စင်တာ ကာကွယ်ဆေးထိုးစုရပ်တွင် သံဃာတော် ၁၁၂ ပါးကို ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်



## မြန်မာနိုင်ငံအတွက် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နေသော ဟိုက်ပါရေတံခွန်

**မိုင်းရှူး ဖေဖော်ဝါရီ ၂၀**

မိုင်းရှူးမြို့သည် ရှမ်းပြည်နယ်တောင်ပိုင်း၌ ပါဝင်သော်လည်း မြောက်ပိုင်းရှိ လားရှိုးနှင့် ပိုနီးသည်။ မိုင်းရှူးတွင် သဘာဝအလှတရားတစ်ခုဖြစ်သည့် ဟိုက်ပါရေတံခွန်ကြီး ရှိသည်။

ထိုဟိုက်ပါ ရေတံခွန်ကြီးသည် သဘာဝအလှတရား တစ်ခုဖြစ်သော်လည်း နယ်မြေခံ၊ ဒေသခံ ပြည်သူကလွဲ၍ လူသိပ်မသိဘဲ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။ ၂၀၁၄ ခုနှစ် နောက်ပိုင်းမှသာ လူမှုကွန်ရက်နှင့် ဘလော့ဂါ တို့အစွမ်းကြောင့် တဖြည်းဖြည်းလူသိများလာပြီး မြန်မာပြည်အရပ်ရပ်မှ လည်ပတ်သူများ တစ်စတစ်စ များလာသည်။ ဟိုက်ပါရေတံခွန်ကြီး၏ ထူးခြားချက်မှာ မြစ်အရွယ်အစား ရေတံခွန်ကျယ်ကြီးအဖြစ် တည်ရှိလျက်ရှိပြီး ရေထွက်ပေါက် အဆင့်ပေါင်း ၁၁ ဆင့်ရှိသည်။

အဆိုပါ ရေတံခွန်အနီးတစ်ဝိုက်တွင် စိမ်းစိုနေပြီး ရေငွေ့များ၊ အေးစိမ့်စိမ့်အရသာများနှင့် သဘာဝအလှတရားများကြောင့် လာလည်သူများကို စိတ်ပျော်ရွှင်စေကာ ပြည်တွင်းပြည်ပခရီးသည်များကိုပါ အထူးဆွဲဆောင်နိုင်သော နေရာတစ်ခုဖြစ်သည်။

**ခရမ်းစိုးမြင့်**



# ချင့်ချိန်စဉ်းစား

" ခလုတ်တစ်ချက်မနှိပ်ခင် စဉ်းစားပါ။ မမျှဝေခင် စဉ်းစားပါ။ COVID-19 နဲ့ပတ်သက်တဲ့သတင်းအချက်အလက်အမှားတွေ၊ မယုံကြည်မှုတွေ၊ ထိတ်လန့်မှုတွေစတဲ့ အကြောင်းအရာအများ ကြီးပျံ့နှံ့နေပါတယ်။"

ဖော်ပြပါစာသားများမှာ COVID-19 ဆိုင်ရာ သတင်းအချက် အလက်များနှင့်စပ်လျဉ်း၍ အများပြည်သူကို ပညာပေးဆော်သြ ထားသည့် ပိုစတာတစ်ခုမှဖြစ်သည်။ ထို့အပြင် "မှန်ကန်တဲ့ သတင်းအချက်အလက်တွေက လူတွေရဲ့အသက်ကို ကယ်ဆယ် နိုင်ပါတယ်။" "ကျွမ်းကျင်သူပညာရှင်အတုများကို သတိပြုပါ။ သတင်းအချက်အလက်တွေကို ကြိုးကိုင်ခြယ်လှယ်ဖို့ ကျွမ်းကျင် သူပညာရှင်အတုတွေကို မကြာခဏအသုံးချလေ့ရှိပါတယ်။" "လုပ်ကြံသတင်းလား သို့မဟုတ် သတင်းအမှားလား ခြားနားမှု ကို သိပါ" စသည့် ပိုစတာများကိုလည်း မီဒီယာများတွင် တွေ့နိုင် သည်။

အထက်ဖော်ပြပါ ပညာပေးပိုစတာများကို ကြည့်ခြင်းဖြင့် လူမှုကွန်ရက်မီဒီယာသုံးစွဲသူများကို ဦးတည်၍ ဆော်သြနေခြင်း ဖြစ်ကြောင်း သိနိုင်ကြမည်ဖြစ်သည်။ လူမှုကွန်ရက်များတွင် အတွေ့ရများနေသည့်သတင်းတု၊ သတင်းမှားများကို ခွဲခြားသိရှိ နားလည်နိုင်ကြရန်၊ သတင်းတုသတင်းမှားတို့၏ အန္တရာယ်ကို သိမြင်ကြပြီး မဆင်မခြင်ထပ်ဆင့်မျှဝေခြင်း မပြုမိကြစေရန် အသိပညာပေးနေခြင်းလည်းဖြစ်သည်။

အင်တာနက်ကွန်ရက်များ တစ်ကမ္ဘာလုံးအနှံ့ဖုံးလွှမ်းလာ ခြင်းနှင့် စမတ်ဖုန်းများကို လူတိုင်းကိုယ်စီ ကိုင်ဆောင်လာနိုင် ခြင်းတို့ကြောင့် လူတို့၏ သတင်းအချက်အလက်ရယူမှုမှာလည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲသွားခဲ့သည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်/သံ၊ အင်တာနက်ဝက်ဘ်ဆိုက်များကို နောက်မှာချန်ထားရစ် ကာ လူမှုကွန်ရက်များကို တွင်ကျယ်စွာအသုံးပြုကြခြင်းဖြင့် သတင်းစားသုံးမှု ပုံစံများ ပြောင်းလဲသွားကြခြင်းဖြစ်သည်။ လူမှု ကွန်ရက်တွင် သတင်းများကို ရယူရုံသာမက တုံ့ပြန်မှု၊ ထပ်ဆင့် ဖြန့်ဝေမှုတို့ ပြုလုပ်နိုင်သည်။ သမားရိုးကျမီဒီယာတို့က သတင်း အချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ တည်းဖြတ်ခြင်း၊ ထုတ်လုပ်ခြင်းအဆင့်ဆင့်တို့ ပြုလုပ်နေစဉ်မှာပင် လူမှုကွန်ရက်မှ သတင်းများက ဖြစ်စဉ်နှင့် မရှေးမနှောင်းမှာပင် ဖြန့်ဝေမှုများ ပြုလုပ်နေပြီဖြစ်သည်။ တစ်ခါတစ်ရံ တိုက်ရိုက် ထုတ်လွှင့်မှုများပင်ရှိနေပြီး လျင်မြန်သည့်အဟုန်ဖြင့် ပျံ့နှံ့သွား တတ်သည်။

လူမှုကွန်ရက်ကို အသုံးပြုသည့် သတင်း စားသုံးသူများအဖို့ မိမိရရှိသည့် သတင်းသည် အစစ်လား၊ အတုလား၊ အမှားလား၊ အမှန်လား၊ အယောင်ဆောင်လား၊ ချဲ့ကားထားခြင်းလား၊ ပြောင်းပြန်လှန်ထားခြင်းလားဆိုသည်ကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် အသိဉာဏ်ပညာနှင့်အတူ သတိတရားထားရှိနိုင်ဖို့ပါ လိုအပ်လာ သည်။ ပရော်ဖက်ရှင်နယ်သတင်းဌာနများနှင့် သတင်းသမား များမှာ အမှားနှင့်မကင်းနိုင်သည်မှာ သဘာဝဖြစ်သော်လည်း ကျင့်ဝတ်များကိုမူ ခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲလိုက်နာကြခြင်းကြောင့် ယုံကြည်စိတ်ချနိုင်ကြသည်။ အကောင့်တုမျိုးစုံဖြင့် လူမှုကွန်ရက် တွင် တင်ထားသည့် စာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ အရုပ်အသံဟူသမျှ တို့ကိုမူ အပြန်ပြန်အလှန်လှန် စိစစ်ကြရန် လိုမည်ဖြစ်သည်။ အချက်အလက်များ မှန်မမှန်၊ ယုတ္တိ ရှိ မရှိ၊ အချက်အလက်ပြည့်စုံမှု ရှိ မရှိ၊ မည်သည့်ရှုထောင့်မှ၊ မည်သည့်ရည်ရွယ်ချက်ဖြင့်၊ မည်သို့ သတင်းပေးတင်ပြထားသည်တို့ကိုပါ သေချာစွာ စစ်ဆေးနိုင်ပါမှ အညာလည်းမခံရ၊ မိမိ ညံ့ရာလည်းမကျ ဖြစ်မည်။

မိမိတို့နိုင်ငံ၏ ပစ္စက္ခမှာ ကပ်ရောဂါကာလဖြစ်သည့်အပြင် နိုင်ငံရေးယဉ်ကျေးမှုကို အကြောင်းပြုဖြစ်ပေါ်လာသည့် အရေးပေါ် ကာလတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ မြန်မာ ပြည်သူတို့ အသုံးများသည့် လူမှုကွန်ရက်များပေါ်တွင် တွေ့မြင် ကြားသိနေရသမျှတို့မှာ အုတ်အုတ်ကျက်ကျက် အရောရော အထွေးထွေးဖြစ်နေသည်။ ပရော်ဖက်ရှင်နယ်မီဒီယာများမှာ တာဝန်ယူမှုနှင့် ကျင့်ဝတ်များနှင့်အညီ သတင်းများကို ၎င်းတို့၏ အာဘော်များအလိုက် ထုတ်နေကြသော်လည်း သတင်းတု သတင်းမှားများစွာတို့မှာမူ ရှောင်၍မရအောင် ပေါ်ထွက်နေကြရာ သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် ချင့်ချိန်သုံးသပ် ဆုံးဖြတ် နိုင်ကြရန် ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်း ကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှု များ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူ ကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့် အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက် ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက် များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၉ ဒီဂရီ စင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၁၀ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်**

မှတ်သားဖွယ်ရာ မိုးရေချိန်များ မှာ တပ်ကုန်းမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ကွမ်းလုံမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် မိုးမိတ် မြို့နှင့် ပင်လောင်းမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြ သည်။ **မိုး/ဇလ**

# ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်

အဓိကအားဖြင့် COVID-19 ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍ မရကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည်စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့်လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရာတွင် ပြင်ပ ဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၀**

၂၀၂၁ ခုနှစ်(၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့်ကောင်စီဝင်များ၊ စစ်ဗျူဟာအခြေချ(ဟားခါး) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးရာလ်ခမ်းက (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က ဖတ်ကြားကာ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များ၊ သဘာပတိအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။

ချင်းအမျိုးသားနေ့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ သူ့ကျွန်မခံလို၍ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်အာဏာဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့်တိုင်းရင်းသားအားလုံးသွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးများအုပ်ချုပ်သည့် စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို ဖော်ဆောင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ချင်းမျိုးချစ် စစ်သည်တော်များက "ချင်းတိုင်းရင်းသားများ ပညာရေးမြှင့်တင်ရေးအဖွဲ့"ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်နေ့တွင် မေမြို့၌ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားများ၏ ပညာမျက်စိကို အလင်းဖွင့်ပေးကာ အမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို မီးမောင်းထိုးဖော်ဆောင်ပေးခဲ့သော အမျိုးသားရေး သမိုင်းဝင်ဖြစ်ရပ် ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်ခေါင်းဆောင်ပြီး ၁၉၃၃ ခုနှစ်တွင် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကာ ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဗြိတိသျှအစိုးရကို တောင်းဆိုချက်(၉)ချက် တင်ပြတောင်းဆိုခဲ့ရာ ဗြိတိသျှအစိုးရက တောင်းဆိုချက်များကို မလိုက်လျောသည့်အတွက် ချင်းတိုင်းရင်းသားများက ဗြိတိသျှကို ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဝင်ဖြစ်ရပ်နှင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ချင်းပြည်နယ် ဖလမ်းမြို့တွင် လူထု ၅၀၀၀ ကျော်ခန့်က ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တောင်းခံအတည်ပြုခဲ့ကြသည့် လွပ်လပ်ရေး သမိုင်းဝင်ဖြစ်ရပ်စသည့် သမိုင်းဝင်ဖြစ်ရပ်(၃)ရပ်ကို အကြောင်းပြု၍ ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။



ထို့ပြင် အင်္ဂလိပ်နယ်ချဲ့လက်ထက် ရခိုင်တောင်တန်းဒေသ အုပ်ချုပ်ရေးထဲတွင်ပါဝင်နေသည့် ပလက်ဝဒေသကို လည်းကောင်း၊ မကွေးတိုင်းဒေသ၏ အုပ်ချုပ်မှုအောက်တွင် ရောက်နေသည့် ကန်ပက်လက်ဒေသကို လည်းကောင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းဖြစ်ပေါ်လာသည့် ချင်းဝိဒေသတိုင်းထဲသို့ တစ်စိတ်တစ်ဝမ်းတည်းပါဝင်လာသည့်အတွက် ယနေ့ ချင်းပြည်နယ်ဟု စည်းလုံးညီညွတ်စွာဖြစ်တည်လာသည့် သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ရက်သည် ချင်းအမျိုးသား တစ်ရပ်လုံးအတွက် ထူးခြားဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်အဖြစ် ချင်းရေးရာကောင်စီက သတ်မှတ်ထားသည့် ချင်းအမျိုးသားနေ့ကို အထွတ်အမြတ်ထား၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၆ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### တာဝန်မှရပ်စဲခြင်း

အောက်ဖော်ပြပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးတင့် | အဖွဲ့ဝင် |
| (၂) | ဦးအောင်လွင် | အဖွဲ့ဝင် |
| (၃) | ဦးဟန်ညွန့် | အဖွဲ့ဝင် |
| (၄) | ဒေါ်မြတ်မြတ်စိုး | အဖွဲ့ဝင် |
| (၅) | ဦးအောင်သန်းမြင့် | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်မြင့် | အဖွဲ့ဝင် |
| (၇) | ဦးမျိုးမြင့် | အဖွဲ့ဝင် |
| (၈) | ဒေါ်အေးအေးမူ | အဖွဲ့ဝင် |
| (၉) | ဦးဇော်ဝင်း | အဖွဲ့ဝင် |
| (၁၀) | ဒေါ်လှဲ့လှဲ့သွင် | အဖွဲ့ဝင် |
| (၁၁) | ဦးစန်းဝင်း | အတွင်းရေးမှူး |

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၈ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်-

(၁) ဦးတင်ဆွေဝင်း
(၂) ဦးထင်ကျော်
(၃) ရဲမှူးချုပ် ကျော်ဝင်းသိန်း(အငြိမ်းစား)
(၄) ဒေါ်ခင်ချိုအုန်း
(၅) ဦးအောင်မြင့်လွင်
(၆) ဦးသန်းစိုး
(၇) ဦးမောင်မောင်တင့်
(၈) ရဲမှူးချုပ် သူရဘိုနီ (အငြိမ်းစား)
(၉) ဦးတင်မြင့်
(၁၀) ဒေါ်ကြူကြူဝင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၇ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးတင်ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့ခန့်အပ် တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။



## ပျဉ်းမနားမြို့ ဘုန်းတော်ကြီးကျောင်းများမှဆရာတော်ကြီးများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် သွားရောက်ဖူးမြော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပျဉ်းမနားမြို့ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်ကြီးများထံ သွားရောက်ဖူးမြော် ကြည်ညိုသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အရှင်သူမြတ်ထံသို့လည်းကောင်း၊ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသ အရှင်သူမြတ်ထံသို့ လည်းကောင်း၊ မဟာလယ်တီစံကျောင်းဆရာတော် စူဠဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဣန္ဒာဝုဓ အရှင်သူမြတ်ထံသို့ လည်းကောင်း၊ မာန်အောင်ကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဏဝ အရှင်သူမြတ်ထံသို့ လည်းကောင်း သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်အရှင်သူမြတ်များထံမှ ဩဝါဒကထာများ နာယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လှိုင်းဘွဲ့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုသည်။

ရေးဦးစွာ မြိုင်ကြီးငူအထူးဒေသရှိ မြိုင်ကြီးငူ ဥယျာဉ်ခြံ ကျောင်းဆရာတော် ဦးဉာဏိကအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်ကျုံထော်ရေတံခွန်သို့သွားရောက်ကာ ရေတံခွန်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားပြီး လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ ယာယီဖွင့်လှစ်ထားသော ဆေးခန်းကို လှည့်လည်ကြည့်ရှု၍ ဆေးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အလှူငွေများ ထောက်ပံ့လှူဒါန်းပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အွန်လိုင်းစနစ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ အွန်လိုင်းစနစ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ အမျိုးသားပြတိုက် (နေပြည်တော်)၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန် (ညွှန်ကြားရေးမှူးချုပ် - ငြိမ်း)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဌာနခွဲ/ ဌာနစုအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

သုတေသနစာတမ်းဖတ်ပွဲပထမနေ့ နံနက်ပိုင်း အစီအစဉ်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ယခုစာတမ်းဖတ်ပွဲ၌ တူးဖော်သုတေသနလုပ်ငန်းနှင့် ကွင်းဆင်းသုတေသနလုပ်ငန်းများဆိုင်ရာ ဗဟုသုတများကို အပြန်အလှန်ဖလှယ်ကြရန် ရည်ရွယ်ပါကြောင်း၊ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မပြီးပြတ်သေးသော သုတေသနလုပ်ငန်းများဖြစ်သည့် ကြေးခေတ်/သံခေတ် သုတေသန၊ ပျူခေတ် သုတေသနနှင့် သမိုင်းတင်ခေတ်ဆိုင်ရာ၊ တူးဖော်မှုနှင့် ကွင်းဆင်းသုတေသနစာတမ်း(၈)စောင်ကို ယခုစာတမ်းဖတ်ပွဲတွင် ဖတ်ကြားတင်သွင်းသွားမည် ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းသည် မိမိတို့ ဦးစီးဌာန၏ ပင်မအသက်သွေးကြောလုပ်ငန်း ဖြစ်ကြောင်း၊ ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအားလုံးကို သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း။



ဆက်လက်၍ သုတေသနလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် ပြတိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲများမှ သင့်တော်ရာစာတမ်းများကိုလည်း ဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစာတမ်းဖတ်ပွဲနှင့် တက်ရောက်လာသူများကလည်း မိမိတို့အတွေ့အကြုံများနှင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ပထမနေ့ စာတမ်းဖတ်ပွဲ နံနက်ပိုင်းတွင် စာတမ်းရှင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲမှ ဦးစီးအရာရှိ ဦးဖြိုးပြည့်ကိုကိုက "ပုဂံမြို့ဟောင်း ဇီးအိုကျေးရွာအနီး ရှေးဟောင်းသံချက်ဖိုများ၏ သံချက်လုပ်မှု နည်းပညာလေ့လာသိရှိနိုင်ရန် တူးဖော်သုတေသနပြုခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက "အုတ်အိုင်ဒေသ တူးဖော်တွေ့ရှိချက်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားပြတိုက် (ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဆန်းဝင်းက "ပင်လယ်ရေကြောင်းပိုးလမ်းမတူးဖော်မှု" ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများအသီးသီး ဖတ်ကြားတင်သွင်းသည်။

မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ လက်ထောက် ကထိက ဦးဇင်ဦးက "တနင်္သာရီတိုင်းဒေသကြီးရှိ သာဂရမြို့ဟောင်း၏ အရိုးအိုးမြှုပ်နှံမှု အလေ့အထကို လေ့လာခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ် ဒေသများဌာနခွဲ၊ ဟန်လင်းဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က "ရခိုင်ဒေသရှိ ဝေသာလီမြို့ဟောင်းအား တူးဖော်မှုလေ့လာချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသများ ဌာနခွဲ၊ ဟန်လင်းဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအေးက "HL-29(2) နှင့် HL Test Pit 1 (2018)" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြားတင်သွင်းသည်။

ဒုတိယနေ့ သုတေသနစာတမ်းဖတ်ပွဲ နံနက်ပိုင်းအစီအစဉ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေက "အင်းဝယဉ်ကျေးမှုနယ်မြေ စည်တိုပုံမြို့ဟောင်းအတွင်းရှိ နန်းခုံအုတ်မြို့ရိုး တူးဖော်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုကို သုတေသနလေ့လာတွေ့ရှိချက်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ နည်းပြ ဦးဇော်မင်းအောင်က "KGM-1 (ကိုယ်ကြီးမြှုပ်) တူးဖော်သုတေသနပြုလုပ်ရာမှ ထွက်ပေါ်လာသော အုတ်ပန္နက်ခုံအား သုတေသနအမြင်ဖြင့် ချဉ်းကပ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော ဌာနခွဲ/ဌာနစု အသီးသီးမှ အရာထမ်း၊ အမှုထမ်းများက စာတမ်းပါအကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးမေးမြန်းခဲ့ရာ စာတမ်းရှင်များက အသီးသီးဖြေကြားခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပညာရေး နီးပါရစေ

## မောင်ကျောင်းသား

**"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"**

အထက်ပါ ကျင့်ဝတ်သည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာသမားများအတွက် စောင့်ထိန်းအပ်သည့် ဆရာ့ဝတ္တရားများဖြစ်ကြသည်။ ကျောင်းနေအရွယ်ကလေးမှသည် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာသင်ယူကြသူများအားလုံး "ဆရာ"ဟူသည့် ဝေါဟာရနှင့် မစိမ်းကြသူများဖြစ်သည်။ ဆရာဟူသည် အတတ်ပညာများကို သင်ကြားခြင်းအပြင် မိမိ၏တပည့်သားမြေးများ အမှားအမှန်ဝေဖန်ပိုင်းခြား တတ်စေရန် လေ့ကျင့်ပေးကြရသည်။ ဆုံးမလမ်းညွှန်ပေးကြရသည်။ ဆင်ခြင်တုံတရားနှင့် ဉာဏ်မျက်စိကို ဖွင့်ပေးကြရသည်။ ထိခိုက်မှုဘေးအန္တရာယ်အမျိုးမျိုးမှ ကာဆီးပေးကြရသည်။ ကောင်းသည့်အလုပ်၊ လုပ်သင့်လုပ်ထိုက်သည့်အလုပ်များကို လုပ်ကိုင်ခြင်း၊ မကောင်းမှုကို ရှောင်ကြဉ်ခြင်းစသည့် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားပေးကြရသူများဖြစ်သည်။

လုပ်ငန်းအလိုက်၊ လူပုဂ္ဂိုလ်အလိုက် မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည့်အခြေခံအကျဆုံးကျင့်ဝတ်များအပြင် မိတ်ဆွေကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ်၊ နာယက ကျင့်ဝတ်စသည်ဖြင့် မိမိကျင်လည်ရာအခြေအနေနှင့် ဒေသန္တရကိုလိုက်၍ ကျင့်ဝတ်များစွာရှိပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း နယ်ပယ်အလိုက် ဆရာဝန်ကျင့်ဝတ်၊ ရှေ့နေကျင့်ဝတ်၊ သတင်းစာဆရာကျင့်ဝတ် စသည်ဖြင့်လည်း သတ်မှတ်ချက်များရှိပါသည်။

ယခင်က နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကို ဓနဥစ္စာနှင့် သယံဇာတတို့ ပေါကြွယ်ခြင်းဖြင့် တိုင်းတာလေ့ရှိကြသည်။ ယနေ့အချိန်ဝယ် နိုင်ငံအတွင်းရှိ ပြည်သူများ၏ အသိဉာဏ်မည်မျှကြွယ်ဝသည်၊ မည်မျှဆောင်ကြဉ်းနိုင်သည့် လူ့စွမ်းအားအရင်းမြစ်များ ရှိသည်စသည်ဖြင့် တိုင်းတာလေ့ရှိကြသည်။ ထိုကဲ့သို့ နိုင်ငံအတွင်းရှိ ပြည်သူများ အသိဉာဏ်မျက်စိကို ဖွင့်ပေးကြသူများသည် ပညာရေးကဏ္ဍမှ ကျောင်းဆရာ ဆရာမများပင် ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် အရာရာတိုင်းကို "ပညာ"ကသာ ဦးဆောင်နေခြင်းဖြစ်ရာ ပြည်သူများ၊ အနာဂတ်၏ နိုင်ငံ့သွေးသားများအတွက် ပညာရေးကို အကောင်အထည်ဖော်ပေးကြမည့် ဆရာများ၏တာဝန်သည် နိုင်ငံတိုင်းတွင် အလွန်အရေးကြီးလှပါသည်။

ဆရာ ဆရာမများသည် နိုင်ငံအတွက် လူ့စွမ်းအားအရင်းမြစ်များ မွေးထုတ်နိုင်ရန် သင်ကြားပြသခြင်းဟူသည့် ပင်မလုပ်ငန်းများအပြင် တစ်ခါတစ်ရံ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးကင်းသမားများ၊ တစ်ခါတစ်ရံပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာ စသည့်တိုင်းပြည်အတွက် သတင်းအချက်စုဆောင်းရေးမှူး၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း မဲရုံစောင့်များ စသည်ဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက်၊ နိုင်ငံအတွက် ကျရာတာဝန်ကို ကျေပွန်ကြသူများဖြစ်ပါသည်။

**" မည်သည့်ကျောင်းဆရာမျှ မိမိတပည့်များကို သူတစ်ပါးထောင်ချောက်အတွင်းသို့ မသက်ဆင်းစေလိုကြ။ တပည့်များ အောင်မြင်၊ ချမ်းသာ၊ ပြည့်စုံခြင်းနှင့်အတူ ဘဝပင်လယ်အတွင်း စနစ်တကျကူးခပ်နေခြင်းကိုသာ မြင်တွေ့လိုကြသူများ ဖြစ်ပါသည်။ ကျောင်းဆရာတစ်ဦး ကျောင်းသို့သွားကာ တပည့်များ မသိသေးသည့်ဘာသာရပ်များကို သင်ကြားပြသခြင်း၊ တပည့်များ၏ မှားယွင်းမှုများကို တည့်မတ်ခြင်း၊ ထူးချွန်သူများကို မြှောင်မြှောက်ပေးခြင်းသည်ပင် နိုင်ငံ့အရေး ဖြစ်ပါသည်"**

မည်သည့်ကျောင်းဆရာမျှ မိမိတပည့်များကိုသူတစ်ပါးထောင်ချောက်အတွင်းသို့ မသက်ဆင်းစေလိုကြ။ တပည့်များ အောင်မြင်၊ ချမ်းသာ၊ ပြည့်စုံခြင်းနှင့်အတူ ဘဝပင်လယ်အတွင်း စနစ်တကျကူးခပ်နေခြင်းကိုသာ မြင်တွေ့လိုကြသူများဖြစ်ပါသည်။ ကျောင်းဆရာတစ်ဦး ကျောင်းသို့သွားကာ တပည့်များ မသိသေးသည့်ဘာသာရပ်များကို သင်ကြားပြသခြင်း၊ တပည့်များ၏ မှားယွင်းမှုများကို တည့်မတ်ခြင်း၊ ထူးချွန်သူများကို မြှောင်မြှောက်ပေးခြင်းသည်ပင် နိုင်ငံ့အရေး ဖြစ်ပါသည်။

ကျောင်းဆရာလက်မှ မွေးထုတ်ပေးလိုက်သည့် တပည့်များသည် တစ်ချိန်တွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စက်မှု၊ နည်းပညာစသည်ဖြင့် နယ်ပယ်အသီးသီးတွင် ကျင်လည်သွားကြမည့်သူများဖြစ်ရာ ယင်းတို့ အတွေးအခေါ်၊ အယူအဆမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်းတို့တွင် ဆရာများ၏ သင်ကြားပြသမှုဂုဏ်ကျေးဇူးသည် များစွာ အရေးပါမည် ဖြစ်ပါသည်။

ဆရာများလောက် နိုင်ငံ့အရေးနှင့် နီးစပ်သည့် လူသားများ မရှိသလောက်ဟု တင်စားရလောက်ပင် ဆရာ ဆရာမများသည် နိုင်ငံအရေးကို စွမ်းစွမ်းတမံဆောင်ရွက်ကြသူများဟု မှတ်ယူနိုင်ပါသည်။ ၁၉၄၆ ခုနှစ်က ရန်ကုန်မြို့ကန်တော်ကလေး မြူနီစပယ်ကျောင်းတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများညီလာခံကို ကျင်းပခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းအတွင်း ပညာရေးသည် နိုင်ငံရေးပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ဖူးသည်။

နိုင်ငံ၏အရေးကိစ္စကြီးငယ်တို့တွင် ပညာရေးအဆင့်အတန်းမြင့်မားသည့် လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်ရေးမှာ ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။ ဆရာများသည် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်၊ လူရွယ်များ ပေါ်ထွက်လာကြစေဖို့ အဓိကကြိုးပမ်းအားထုတ်ခြင်းဖြင့်သာ နိုင်ငံ့အရေးကို ထမ်းဆောင်ပေးကြရမည်ဖြစ်ပါသည်။

လူသားတိုင်း၏ တန်ဖိုးကို သတ်မှတ်ရာတွင် မိမိပြုကျင့်ရမည့် တာဝန်ဝတ္တရား (ကျင့်ဝတ်)များကို မည်မျှလိုက်နာသည်အပေါ်တွင် မူတည်သတ်မှတ်လေ့ရှိပါသည်။ ကျင့်ဝတ်များကို အကောင်းဆုံးလိုက်နာသည့်အဖွဲ့အစည်းများသာလျှင် သာယာချမ်းမြေ့သည့် လူ့ဘောင်အသိုင်းအဝိုင်းကို ထူထောင်နိုင်မည်ဖြစ်ပါသည်။ ဆရာများသည် ကျောင်းသားလူငယ်များအတွက် မီးရှူးတန်ဆောင်များ ဖြစ်သည်။ ရှေ့ဆောင်လမ်းပြသူများ လုံလောက်အောင်မရှိပါက အနာဂတ်လူငယ်များအတွက် များစွာ ရတက်မအေးကြရမည် ဖြစ်ပါသည်။

**လက်ရှိမြန်မာနိုင်ငံသည် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေပြီး ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံ့စီးပွားရေးများ အားနည်း၊ ကျန်းမာရေးများ ထိခိုက်ခြင်းနှင့်အတူ စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်မှာ ကြာရှည်ခဲ့ရပြီဖြစ်ပါသည်။** ကျောင်းသူ၊ ကျောင်းသားအများစု ကျောင်းဖွင့် မည့်ရက်ကို လက်ချိုးရေကာ စောင့်ဆိုင်းနေကြရပြီဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် တပည့်များနှင့် ကင်းကွာနေကြရသည့် ဆရာ ဆရာမများကို ကျောင်းတော်ကြီးများနှင့် ကျောင်းပြန်တက်ရန် တာစူနေကြသည့် တပည့်များက လွမ်းနေကြရရှာရော့မည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းအပြင် ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်နေကြပြီဖြစ်ရာ ရောဂါပိုးကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ စာသင်ကျောင်း တံခါးများပွင့်လာရန်လည်း နီးကပ်လာနေပြီဖြစ်ပါသည်။ တပည့်များ၏ အနန္တကျေးဇူးရှင် ဆရာ၊ ဆရာမများ၏ နွေးထွေးနူးညံ့သည့် သင်ကြားပြသမှုများ၊ ဆုံးမပဲ့ပြင်မှုများဖြင့် လူငယ်၊ လူရွယ်များ၏ ပညာရေးမဝေးရအောင် အမြန်ဆုံးစာသင်ခန်းများသို့ လာရောက်စေလိုပါကြောင်း ဆရာကြီး ဆရာမကြီးများအား လေးလေးစားစားဖြင့် ဖိတ်မန္တက ပြုလိုက်ရပါသည်။ ။

" လက်ရှိ မြန်မာနိုင်ငံသည် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေပြီး ကိုဗစ်- ၁၉ ရောဂါကြောင့် နိုင်ငံ့စီးပွားရေးများ အားနည်း၊ ကျန်းမာရေးများ ထိခိုက်ခြင်းနှင့်အတူ စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်မှာ ကြာရှည်ခဲ့ရပြီဖြစ်ပါသည်။ ကျောင်းသူ ကျောင်းသားအများစု ကျောင်းဖွင့်မည့်ရက်ကို လက်ချိုးရေကာ စောင့်ဆိုင်းနေကြရပြီ ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် တပည့်များနှင့် ကင်းကွာနေကြရသည့် ဆရာ ဆရာမများကို ကျောင်းတော်ကြီးများနှင့် ကျောင်းပြန်တက်ရန် တာစူနေကြသည့် တပည့်များက လွမ်းနေကြရရှာရော့မည်"

# ကသာမြို့အဝင်သာယာလှပရေးသုံးဖက်မြင် Welcome To Katha သံပန်းဆိုင်းဘုတ်တပ်ဆင်

**ကသာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဗန်းမော်သွားကားလမ်းဆုံတွင် မြို့အဝင်သာယာလှပရေး သုံးဖက်မြင် Welcome To Katha သံပန်းအလှဆင်ဆိုင်းဘုတ်တပ်ပြီးစီးခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရသည်။

ကသာ -ဗန်းမော် မြို့အဝင်နေရာ သာယာလှပရေး ယာဉ်စက်ယန္တရားထိန်းသိမ်းစောင့်ရှောက်ရေး ကသာမြို့မှ ကုန်ကျငွေကျပ်သိန်း ၇၀ ဖြင့် စည်ပင်သာယာရေး ကော်မတီက ဦးစီးပြီး ကသာ- ဗန်းမော် တြိဂံလမ်းနေရာကို Welcome To Katha သံပန်းစာတန်းဆိုင်းဘုတ်ကို နေ့/ညအလှဆင်မြင်တွေ့ရအောင် ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း၊ နေ့ပိုင်း၌ အဖြူရောင်မြင်တွေ့ရပြီး ညပိုင်း၌ လျှပ်စစ်မီးရောင်ဖြင့် အဝါရောင်သံပန်းစာတန်းကို တွေ့မြင်ရအောင် ပြုလုပ်နေကြောင်း၊ နောက်ပြီးဆိုင်းဘုတ်အောက်မှ ပိုမိုလှပအောင် ဝပ် ၅၀ လျှပ်စစ်မီးလေးလုံး တပ်ဆင်ခြင်း အလှပန်းအိုးများ အလှပန်းပင်များ ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားရှိကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။

ကသာမြို့အတွင်း သန့်ရှင်းသာယာလှပရေး ရေဝတီမြစ် ကမ်းနံဘေးအများပြည်သူများ လေကောင်းလေသန့်ရရှိရေး ဆိပ်ကမ်းသာယာလှပ ရေးစီမံချက်ဖြင့် ဆောင်ရွက်နေကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ ပို၍လှပလာအောင် ကျောက်တောင် ရေတံခွန်မှာတောင်တန်းပုံစံ အမြင့် ၁၀ ပေ၊ ၆ ပေ၊ ၅ ပေ၊ အရှည် ၂၇ ပေ၊ အကျယ် ၁ ပေဖြင့်ကျောက်ကြီးလေးကျင်း၊ သဲနှစ်ကျင်း၊ တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး စည်ပင်မှ ထောက်ပံ့ဘိလပ်မြေအိတ် ၄၀၊ ရောင်စုံမီးသီး၊ စလိုက်မီး၊ ရေမော်တာတစ်လုံးနှင့် စည်ပင်သာယာရေး




ကော်မတီအကူအညီ ပန်းရန်လက်ခအပါအဝင် ငွေကျပ်ငါးသိန်းကျော်ဖြင့် လှပအောင် ပြုလုပ်ထားပြီး ပေ ၈၀၀ ကွန်ကရစ်လျှောက်လမ်းကို ကိုယ်လက် ကျန်းမာရေးအတွက် လမ်းလျှောက်သူများ ယာဉ်အန္တရာယ် ကင်းစွာ လမ်းလျှောက်နိုင်အောင် ဆောင်ရွက်ထားကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စိတ်အေး ချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်



လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်း အဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် ကော့မှူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နှင့် ချင်းပြည်နယ်၊ ဟားခါးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၂၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ကြူစမ်းရပ်ကွက် ပေါက်ကုန်းရပ်ကွက်၊ ပလရ(၁၀၀)ရပ်ကွက်၊ မှော်ဘီမြို့နယ် သဲဖြူကျေးရွာ၊ ယင်းဒိုက်ပင်ကျေးရွာ၊ သာယာကုန်းကျေးရွာ၊ လိပ်ပွတ်ကျေးရွာ၊ ညောင်ပင်အင်းကျေးရွာ၊ လက်ပံကုန်းကျေးရွာနှင့် စက်ဝန်းကုန်းကျေးရွာတို့ရှိ အိမ်ထောင်စု ၅၉၀၈ စုတို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ဂန္ဓမာကျေးရွာ၊ အင်ဂျင်ကျေးရွာ၊ ကောင်းမွန်ကျေးရွာ၊ ဆက်ာတောင်ကျေးရွာနှင့် မတ္တရာမြို့နယ်၊ လင်းမြွေချောင်းကျေးရွာတို့ရှိ အိမ်ထောင်စု ၇၀၀ တို့အတွက် ဆန်နှင့်ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက်သွားရောက်ပေးအပ်ကြောင်းသတင်းရရှိသည်။**သတင်းစဉ်**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မစရိယအေးကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုလန္ဒက အမှူးပြုသော မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၄၈ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီး ငါးပါးတို့ကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။



ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

### သွားရောက်ဖူးမြော်

ယင်းသို့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥဂ္ဂံသ အမှူးပြုသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ရှင်သာမဏေ စုစုပေါင်း ၃၁ ပါးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

### နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထိုသို့ ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက် ဖူးမြော်ကြည်ညိုပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အေးချမ်းစွာနေပါရစေ . . .

■ မအေးစိန်

> "ကျွန်မတို့ဟာ ယဉ်ကျေးမှုအစဉ်အလာကြီးတဲ့၊ ဘာသာတရားနဲ့ မိဘဆရာသမား အဆုံးအမတွေကို ရိုသေလေးစားတန်ဖိုးထားတဲ့၊ ခွင့်လွှတ်တတ်တဲ့၊ သည်းခံတတ်တဲ့၊ စာနာတတ်တဲ့ ကျွန်မတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ဘယ်သူဖျက်ဆီးလိုက်တာပါလဲ။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲနှင့် ပတ်သက်ရင် ကဲကဲဆတ်ဆတ် အထိမခံတော့ပါ။ ရပ်သူရွာသားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း အသွင်မတူတာနဲ့ စိတ်ဝမ်းကွဲကုန်ကြပါပြီ။ အဲဒါ ဘယ်သူဖန်တီးတာလဲ။ ဘယ်သူဖြေရှင်းပေးမှာလဲ"

"အေးချမ်းစွာ နေချင်ပါတယ် . . ."

ကျွန်မ ဒီစကားတစ်ခွန်းကို ကျွန်မပတ်ဝန်းကျင်က မိတ်ဆွေအပေါင်းအသင်းတွေကို ပြောမိပါတယ်။ တစ်ခါတလေ ကျွန်မရဲ့ခံစားချက်ကို ကျွန်မရဲ့ဖေ့စ်ဘွတ်ခ်စာမျက်နှာကနေ ရင်ဖွင့်မိပါတယ်။ ဒီလိုပြောလိုက်တဲ့အခါမှာ ကျွန်မနဲ့ခင်မင်ရင်းစွဲရှိတဲ့ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေဟာ အခေါ်အပြော နည်းသွားပါတယ်။ တချို့လည်း မျက်လုံးစိမ်းတွေနဲ့ ကျွန်မကို ကြည့်ပါတယ်။ ကျွန်မပြောစကားကို သူတို့အတွေးနဲ့သူတို့ အတွေးနယ်လွန်ဟန်တူပါတယ်။ ကျွန်မကတော့ ကျွန်မခံစားချက်နဲ့ ကျွန်မ ရိုးရိုးသားသား ပြောမိတာပါ။

ကျွန်မနဲ့ လူကိုယ်တိုင် မသိကျွမ်းပေမယ့်လည်း လူမှုကွန်ရက်ကတစ်ဆင့် သိကျွမ်းကြတဲ့ မိတ်ဆွေတွေကို ဒီစကားလေးကို မျှဝေမိတာနဲ့ ရန်သူသဖွယ် ချက်ချင်းပြောင်းလဲသွားကြပါတယ်။ ရန်သူလို့တောင် သတ်မှတ်ချင်သတ်မှတ်ကြဦးမှာ ဖြစ်ပါတယ်။ မိတ်ဆွေအဖြစ်ကနေ စွန့်ပယ်ကြသူတွေလည်း ရှိပါတယ်။ ကံကောင်းလို့သာ အဆဲမခံရတာ။ ဒီထက်ပိုပြီး ပြောမိမယ်ဆိုရင်တော့ အဆဲခံရမှာ သေချာပါတယ်။

အခုအချိန်အခါမှာ ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ အရင်ကလိုမဟုတ်တော့ပါဘူး။ သွားသတိ၊ လာသတိ၊ နေသတိ၊ အထူးသဖြင့် စကားပြောရင် အထူးသတိပြုပြောဆိုဆက်ဆံနေရပါတယ်။ လက်ရှိဆန္ဒပြနေတာကို အသိအမှတ်မပြုတဲ့စကား ပြောလိုက်မိမှာကို အထူးသတိထားနေရပါတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် သူ့ဘက်မပါခဲ့ရင်၊ သူတို့လုပ်နေတာကို မထောက်ခံခဲ့ရင်၊ သူတို့လုပ်တာကို မကြိုက်ခဲ့ရင် မိတ်ဆွေအဖြစ်က စွန့်ပယ်ခြင်းကိုသာမက ရန်မူခြင်းပင် ခံရနိုင်ပါတယ်။ ကျွန်မတို့ လူ့အသိုင်းအဝိုင်းမှာ အရင်က ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေခဲ့ကြသူတွေအချင်းချင်း သဘောမကိုက်တာလေးတစ်ခုနဲ့ သွေးကွဲရပါပြီ။

> အခုအချိန်အခါမှာ ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ အရင်ကလိုမဟုတ်တော့ပါဘူး။ သွားသတိ၊ လာသတိ၊ နေသတိ၊ အထူးသဖြင့် စကားပြောရင် အထူးသတိပြုပြောဆိုဆက်ဆံနေရပါတယ်။ လက်ရှိဆန္ဒပြနေတာကို အသိအမှတ် မပြုတဲ့စကား ပြောလိုက်မိမှာကို အထူးသတိထားနေရပါတယ်။ ကိုယ့်အကြောင်းနဲ့ ကိုယ် သူ့ဘက်မပါခဲ့ရင်၊ သူတို့ လုပ်နေတာကို မထောက်ခံခဲ့ရင်၊ သူတို့လုပ်တာကို မကြိုက်ခဲ့ရင် မိတ်ဆွေအဖြစ်က စွန့်ပယ်ခြင်းကိုသာမက ရန်မူခြင်းပင် ခံရနိုင်ပါတယ်။ ကျွန်မတို့ လူ့အသိုင်းအဝိုင်းမှာ အရင်က ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေခဲ့ကြသူတွေ အချင်းချင်း သဘောမကိုက်တာလေးတစ်ခုနဲ့ သွေးကွဲရပါပြီ

ကျွန်မပြောလိုက်တဲ့ စကားလေးတစ်ခွန်းနဲ့ ဖြစ်ရတဲ့အဖြစ်ကို နားလည်လို့တောင် မရတော့ပါဘူး။ မိတ်ဆွေအပေါင်းအသင်း ပညာတတ်တွေတောင် ပါကုန်ပါတယ်။ အတော့်ကို စိတ်မကောင်းလည်း ဖြစ်မိပါတယ်။ ကျွန်မမိတ်ဆွေအပေါင်းအသင်းတွေသာမက မိသားစုအချင်းချင်းပင် စိတ်ဝမ်းကွဲရပါတယ်။ အချို့လည်း တစ်သွေးတည်းပါပဲ။ အချို့လည်း ရောင်တော်ပြန်နဲ့ လိုက်ပါနေကြတာပဲ။ ကျွန်မရဲ့အဖြစ်ကို ကျွန်မ ခပ်ရေးရေး သဘောပေါက်မိပါတယ်။ ညစဉ်ဆူညံနေတဲ့ကာလမှာ ကျန်းမာရေးကြောင့် ငြိမ်းငြိမ်းချမ်းချမ်း အေးအေးပဲနေချင်တယ်လို့ ပြောမိတာပါ။ သူတို့လုပ်နေတာတွေကို မကြိုက်ဘူးလို့ မပြောမိပါဘူး။ ဒီစကားလေးနဲ့ ရန်သူသဖွယ် ချက်ချင်းသတ်မှတ်လိုက်တာကို နားမလည်နိုင်အောင် ဖြစ်ရပါတယ်။

ကျွန်မ အမှားလုပ်ခဲ့ပါသလား။ ယခင်က ပြောမနာ၊ ဆိုမနာ ခင်မင်ရင်းနှီးကြသူတွေ၊ ပုံမှန်သိကျွမ်းကြသူတွေ၊ ဖေ့စ်ဘွတ်ခ်ပေါ်မှာ သိကျွမ်းကြသူ မိတ်ဆွေအားလုံးတို့ဟာ အခုအခါမှာ သူစိမ်းတစ်ရံဆံပမာ ဖြစ်သွားကြပါတယ်။ ဒီ့ထက်ပိုတဲ့သူတွေက ကျွန်မကို ပြစ်တင်၊ ဝေဖန်၊ ရှုတ်ချကြပါတယ်။ ဒီ့ထက်ပိုတဲ့သူတွေက ကျွန်မကို ဆဲဆိုကြိမ်းမောင်းကြပါတယ်။ ကျွန်မဘာအမှားမှ မပြောခဲ့မိရိုးအမှန်ပါ။

"ကျွန်မက အေးချမ်းစွာ နေချင်လှပါပြီ"လို့ဆိုတာကို "ငါတို့က အေးအေးချမ်းချမ်း မနေတဲ့သူတွေလား၊ ဆူဆူပူပူလုပ်နေတဲ့သူတွေလား"လို့ ကတ်ဖဲ့ယပ်ဖဲ့ ပြောဆိုကြပါတယ်။ ကျွန်မရဲ့ဆန္ဒ သဘောကွဲလွဲခွင့် မရတာသာမက၊ သဘောမျှပင် မဟရဲလောက်အောင် ဖြစ်လို့နေပါတယ်။ ကျွန်မတို့ လူ့ဘောင်အသိုက်အဝန်းကြီး မည်သို့မည်ပုံ ဖြစ်ကုန်ကြပါပြီ လဲ။ ကျွန်မဟာ ကျွန်မရဲ့ကိုယ်ပိုင်ဆန္ဒကို ဖော်ထုတ်ခြင်းမျှသာဖြစ်ပါတယ်။ အချင်းချင်း အမုန်းတရားတွေ များခဲ့ပါပြီ။

"အေးအေးချမ်းချမ်း နေချင်ပါတယ်"လို့ ကျွန်မပြောမိတာဟာ ကျွန်မ ကျန်းမာရေးအခြေအနေအရ မခံသာလို့ ဖွင့်ဟမိခြင်းဖြစ်ပါတယ်။ ကျွန်မဟာ ငယ်ငယ်ကတည်းက မွေးရာပါ နှလုံးရောဂါရှိပါတယ်။ ကျွန်မရှေ့မှာ အော်ဟစ်ဆူညံတာ၊ ခိုက်ရန်ဖြစ်ပွားတာ၊ ကြောက်စရာတစ်ခုခု ဖြစ်တာ၊ စိုးရိမ်ထိတ်လန့်စရာ တစ်မျိုးမျိုးဖြစ်တာတွေ ကြုံခဲ့ရင် ကျွန်မရဲ့ နှလုံးရောဂါဟာ ဖောက်လာပါတယ်။ မခံသာအောင် နှလုံးခုန်မြန်တာကြောင့် ဆေးအမြန်သောက်၊ စိတ်အမြန်လျှော့ရပါတယ်။

ကျွန်မတို့ရပ်ကွက်မှာ ညစဉ်ညတိုင်း ဆူညံတာဟာ ရက် ၂၀ ကျော်ခဲ့ပါပြီ။ ဖြစ်စဉ်ဟာ CDM ကြောင့် ဖြစ်တယ်လို့ ပွင့်ပွင့်လင်းလင်း ပြောမိပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မကို မုန်းသွားတာ ဖြစ်နိုင်ပါတယ်။ ကျွန်မရဲ့ ပင်ကိုစိတ်ရင်းမှာ အာဏာရှင်ကို မနှစ်သက်ပါ။ လွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီကို လိုလားပါတယ်။ စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို နှစ်သက်ပါတယ်။ ဒါဟာ ကျွန်မရဲ့ စိတ်ရင်းဖြစ်ပါတယ်။ ကျွန်မရဲ့ ကျန်းမာရေးကြောင့် တက်ကြွလှုပ်ရှားခြင်းလည်းမရှိ၊ ပါဝင်အားပေးတာလည်း မပြုလုပ်နိုင်ပါ။

ညတိုင်း ည ၈ နာရီ နီးတာနဲ့ ငရဲပြည်ကို စတင်ရောက်ပါတော့တယ်။ လူနေထူထပ်သိပ်သည်းတဲ့ ရပ်ကွက်ထဲမှာ နေထိုင်ရတော့ ညစဉ်ထုရိုက်ကြတဲ့ အိုးခွက်သံပုံးသံတွေဟာ အရပ်ရှစ်မျက်နှာ ဆူညံနေပါတော့တယ်။ ယခင်က ကျွန်မတို့ရဲ့ ယဉ်ကျေးမှုအစဉ်အလာဖြစ်တဲ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နေဝင်ရီတရောအချိန်မှာ ရပ်ရွာအတွင်းက မကောင်းဆိုးဝါးတွေ ထွက်သွားစေဖို့အတွက် သံပုံးတီး တောထုတ်ကြတာကို သတိရပါတယ်။ တစ်နှစ်မှာတစ်ရက် အစဉ်အလာမပျက် လုပ်ကြပါတယ်။ ရပ်ရွာအတွင်း မကောင်းဆိုးဝါးတွေ ထွက်သွားဖို့ အစဉ်အလာအားဖြင့် လုပ်ကြတာပါ။

အခုတော့ နေ့စဉ်ရက်ဆက် ညတိုင်းထုရိုက်နေတာကြောင့် မကောင်းဆိုးဝါးတွေ ထွက်ပြေးကြမှာ သေချာပါတယ်။ မကောင်းဆိုးဝါးတွေသာမက ရပ်ရွာအတွင်း မှီခိုနေထိုင်ကြတဲ့ သားငှက်တိရစ္ဆာန်တွေ စိုးရိမ်လန့်ဖျပ်ကြပါတယ်။ သတ္တဝါတွေသာမက မမြင်အပ်တဲ့ အိမ်စောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်များပါမကျန် ထွက်ပြေးကြလိမ့်မယ်ထင်ပါတယ်။ နောက်ဆုံးတော့ နားမခံသာတဲ့ ကျွန်မတို့လို အေးအေးဆေးဆေးနေချင်တဲ့လူတွေပါ အမြန်ဆုံး ထွက်ပြေးကြရပါတော့မယ်။

ညစဉ်ညတိုင်း ထုရိုက်နေကြတာဟာ အကြောင်းကြောင်းကြောင့် ဖြုတ်ချခဲ့ရတဲ့ အစိုးရပြန်ရရေးအတွက် မသမာသူတွေက အခါပေးတဲ့အတိုင်း တစ်ပြိုင်တည်း ထုရိုက်နေကြတာ ဖြစ်ပါတယ်။ ရပ်ရွာအတွင်းမှာ ထုချင်နှက်ချင်တဲ့သူတွေ များလှတယ်။ ရပ်ရွာထဲမှာ အယူဝါဒ၊ ယုံကြည်ချက် ကွဲလွဲတဲ့သူတွေ၊ သဘောမတူတဲ့ သူတွေလည်း ရှိကြပါလိမ့်မယ်။ ကိုယ်ယုံကြည်ရာဘာသာတရားကို အာရုံပြုနေကြတဲ့သူတွေ၊ ဘုရားဝတ်ပြု တရားပွားများအားထုတ်နေကြတဲ့သူတွေ၊ ကျွန်မလို နှလုံးမကောင်းသူတွေ၊ ကျန်းမာရေး မကောင်းတဲ့သူတွေ၊ သက်ကြီးရွယ်အိုတွေ၊ သွေးနုသားနု ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကြောက်လန့်တတ်တဲ့ ကလေးသူငယ်တွေ မျိုးစုံရှိနိုင်ပြီး သူတို့တွေ ဘယ်လိုခံစားနေရပါသလဲ။

ဆန္ဒဖော်ထုတ်နေတဲ့သူတွေက အများစုဆိုရင် ကျွန်မတို့လို လူနည်းစုတွေကို စာနာပေးတာ၊ နားလည်ပေးတာ ဒီမိုကရေစီမဟုတ်ပါလား၊ ဒီမိုကရေစီဖခင်၊ ဒီမိုကရေစီမိခင်တွေကို မေးကြည့်ချင်ပါတယ်။ ခုတော့ တစ်ခုခုတော့ မှားနေပြီလို့ ထင်မိပါတယ်။ ဆူညံပူညံ ထုရိုက်သံတွေကြောင့် ကျွန်မအေးအေးနေချင်ပါတယ်လို့ ဆိုခဲ့မိတဲ့ ကျွန်မ မအေးစိန် မှားခဲ့ပါက ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။

ကျွန်မတို့ဟာ ယဉ်ကျေးမှုအစဉ်အလာကြီးတဲ့၊ ဘာသာတရားနဲ့ မိဘဆရာသမား အဆုံးအမတွေကို ရိုသေလေးစား တန်ဖိုးထားတဲ့၊ ခွင့်လွှတ်တတ်တဲ့၊ သည်းခံတတ်တဲ့၊ စာနာတတ်တဲ့ ကျွန်မတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ဘယ်သူဖျက်ဆီးလိုက်တာပါလဲ။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲနှင့် ပတ်သက်ရင် ကဲကဲဆတ်ဆတ် အထိမခံတော့ပါ။ ရပ်သူရွာသားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း အသွင်မတူတာနဲ့ စိတ်ဝမ်းကွဲကုန်ကြပါပြီ။ အဲဒါ ဘယ်သူဖန်တီးတာလဲ။ ဘယ်သူဖြေရှင်းပေးမှာလဲ။

ကျွန်မ မအေးစိန်ကတော့ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဒိသာဖရဏ မေတ္တာပွားနည်းဖြစ်တဲ့ အရပ် (၁၀) မျက်နှာမှာရှိကြကုန်သော "အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"လို့ ညစဉ်ညတိုင်း မေတ္တာပို့ နေရပါတော့တယ်။ ။

# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ကိုဗစ် - ၁၉ ရောဂါကူးစက်လူနာများ ထားရှိကုသပေးရေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာ ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးတွင် ကိုဗစ်ရောဂါ ကူးစက်လူနာများ ရောက်ရှိလာပါက ကုသမှုပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမ (၃)၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကုသရေးဌာန ရန်ကုန် (ဖောင်ကြီး)ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ကြီးကြပ်ရေးကော်မတီနာယက၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ပြင်ပဆေးရုံကြီးများမှ ပညာရှင်များအဖွဲ့၊ ဌာနဆိုင်ရာများ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် စုပေါင်းအားဖြင့် ပြည်သူလူထုကို ကာကွယ်ပေးကြရန် မှာကြားသည်။

အစည်းအဝေးသို့ ကိုဗစ် - ၁၉ ကုသရေးဌာန ရန်ကုန် (ဖောင်ကြီး) ကြီးကြပ်ရေးကော်မတီ နာယကများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် ၊ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေတွန်းစက်ရုံ အမှတ်(၈)သို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သွားရောက်ကြည့်ရှု




**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီက အောင်မြေသာစံမြို့နယ် မြို့ပတ်လမ်းအနီး ၁၆ လမ်းနှင့် ၁၉ လမ်းကြားရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရေနှင့် သန့်ရှင်းမှုဌာနက ဆောင်ရွက်သည့် ရေတွန်းစက်ရုံ အမှတ်(၈)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရေတွန်းစက်ရုံ အမှတ်(၈) အတွင်းသို့ ရောက်ရှိလာရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှု ဌာနမှတာဝန်ရှိသူများက စက်များလည်ပတ်နေမှု အခြေအနေများ၊ ရေများပို့လွှတ်နေမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြပြီးနောက် စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရေဝတီမြစ်ရေကို သင့်လျော်သည့် သန့်စင်မှုနည်းစနစ်များ အသုံးပြုပြီး ရေပေးရေးစနစ်ကို အချိန်နှင့်တစ်ပြေးညီ တိုးတက်တည်တံ့စွာပေးနိုင်ရေး၊ မြို့၏ အရှေ့ခြမ်း၊ မြောက်ခြမ်း၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တွင် ပြည်သူများ ရေလုံလောက်စွာ ရရှိစေရန်အတွက် မန္တလေးတောင် ရေဂါလန် ၂ ဒသမ ၅ သန်းဆံ့ ရေလှောင်ကန်နှင့် အမှတ်(၁) ရေတွန်းစက်ရုံ(မလွန်) ရေဂါလန် ငါးသန်းဆံ့ ရေလှောင်ကန်သို့ ရေအားဖြည့်ပေးပို့နိုင်ရန် ရည်ရွယ်၍ အဆိုပါရေတွန်းစက်ရုံ အမှတ်(၈)ကို တည်ဆောက်ထားခြင်းဖြစ်သည်။

အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း ၂၂ လမ်းထိပ်မှ ရေဝတီမြစ်ရေယူအဆောက်အဦ၊ ရေသန့် ယခင်တာရိုးဟောင်းနှင့် ယခု မြို့ပတ်လမ်းသစ်ကြား၊ ၁၆ လမ်းနှင့် ၁၉ လမ်းကြားတွင် ရေသန့်စင်စနစ် အဆောက်အအုံများ ဆောက်လုပ်ထားပြီး အနေးကျသဲရေစစ်ကန်စနစ်ဖြင့် တစ်ရက်လျှင် ရေထုတ်လုပ်မှုမှာ အနေးကျသဲရေစစ်ကန်စနစ်မှ ရေဂါလန်တစ်သန်းနှင့် စက်ရေတွင်း (၃၉၊ ၄၂၊ ၄၃၊ ၄၄)တို့မှ ရေဂါလန် သုံးသန်းတို့ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းဒေသကြီးအတွင်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၁၄၄ အရ တားမြစ်သည့်အမိန့် ထုတ်ပြန်ထားခြင်းအပေါ် အသိပေးနှိုးဆော်ချက်ကို ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

ယင်းအသိပေးနှိုးဆော်ချက်တွင် ယခုအခါမှာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးတွင် လူအချို့သည် အများပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် စိုးရိမ်ဖွယ်အပြုအမူများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းသည် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး/ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သောကြောင့် မြို့နယ်များအတွင်း စုဝေးခြင်း/ ဟောပြောခြင်း/ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ/ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း/ လှုံ့ဆော်ဆန္ဒပြခြင်း/ ဖျက်ဆီးခြင်း/ ရုန်းရင်းဆန်ခတ် ပြုမူခြင်းများကို မပြုရန် တားမြစ်လိုက်သည့်အပြင် လူ (၅) ဦး သို့မဟုတ် (၅) ဦး ထက်ပိုသောသူများသည် လမ်းမကြီးများ၊ အများပြည်သူသွားရာလမ်း၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ် (သို့မဟုတ်) အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စုဝေးခြင်းမပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၁၄၄ အရ တားမြစ်သည့်အမိန့်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

အဆိုပါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ - ၁၄၄ အရ ထုတ်ပြန်ထားသည့် တားမြစ်သည့်အမိန့်အား လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာဇသတ်ကြီးပုဒ်မ ၁၈၈ အရ အရေးယူတရားစွဲဆို ခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားတွေ့ရှိပါက (၆) လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သောကြောင့် ပြည်သူလူထုအနေဖြင့် အသိတရားနှင့် ဂရုပြုရှောင်ကြဉ်နိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# ရန်ကုန်ဘုရင့်နောင်ဆိပ်ကမ်း ရေလမ်းခရီးပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြစ်ဝကျွန်းပေါ်ဒေသ အပါအဝင် ကုန်စည်ပို့ဆောင်ရေး ရေလမ်းခရီးလိုင်း သုံးခုဖြင့် ပို့ဆောင်ပြေးဆွဲနေသော ရန်ကုန် ဘုရင့်နောင်ဆိပ်ကမ်း၏ လုပ်ငန်းတွင် ဆိပ်ကမ်းကုန်တင်/ကုန်ချ လုပ်သား ၁၀၀ ကျော်ဖြင့် ပုံမှန်လည်ပတ်လျက်ရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေးမှ သိရသည်။

“ဒီကာလမှာ ဘုရင့်နောင်ဆိပ်ကမ်းမှာက ပုံမှန်ပါပဲ။ ရန်ကုန်ကနေ နယ်ကိုဆင်းတဲ့ သင်္ဘောတွေရော၊ နယ်ကနေတက်တဲ့ သင်္ဘောတွေပါ အဝင်အထွက်ကတော့ ပုံမှန်ပါပဲ။ ဒီလို လုပ်ငန်းလည်ပတ်မှုလေးအတိုင်း မရပ်သွားဘဲ လည်ပတ်နေမယ်ဆိုရင် ဒီမှာအလုပ်ဆင်းနေကြတဲ့ လုပ်သားတွေလည်း အဆင်ပြေပြေ နေသွားနိုင်မှာပါ။ ကိုဗစ်စည်းကမ်းချက်တွေနဲ့ အညီ နှာခေါင်းစည်းတပ်ဖို့၊ ခပ်ခွာခွာနေဖို့ ၊ လက်ဆေးဖို့တွေ သတိပေးဆောင်ရွက်နေတာတော့ ရှိတယ်။ အဓိကကတော့ ရန်ကုန်ကနေ စစ်တွေကုန်တင်ပို့တာများတယ်။ အခြားမြစ်ဝကျွန်းပေါ် ဒေသတွေကိုလည်း ဆင်းတာတွေရှိတယ်။ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေ သယ်တယ်။ နယ်သင်္ဘောတွေကတော့ လမ်းကြောင်းပွင့်ရင် ပွင့်သလို ရန်ကုန်ကို အတက်ရှိပါတယ်။ လုပ်သားတွေကတော့ အခုလက်ရှိမှာ တစ်ရက်ကို အင်အား ၁၀၀ ကျော်လောက်တော့ ဆင်းပါတယ်။ သင်္ဘောလိုင်းအားလုံးဆို သုံးလိုင်းရှိတယ်”ဟု ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေးမှ လုပ်သားစောင့်ရှောက်ရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်သယ်ယူပို့ဆောင်ရေး လမ်းခရီးတွင် သင်္ဘောလိုင်းသုံးလိုင်းဖြင့် ရန်ကုန်-မြစ်ဝကျွန်းပေါ်ဒေသ (ဖျာပုံ/ပုသိမ်/မြောင်းမြနှင့် အခြားမြို့ကြီးများ)၊ ရန်ကုန် - စစ်တွေ ၊ ရန်ကုန် - မြိတ် စသော ရေလမ်းခရီးလိုင်း သုံးခုကို သတ်မှတ်ချက်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

ထိုခရီးစဉ်များတွင် နယ်မြို့များမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် အခြားဒေသထွက်ကုန်များ ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်းသို့ အဝင်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အခြားပစ္စည်းများကို နယ်သို့တင်ပို့ပေးလျက်ရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေးမှ သိရသည်။

**ရွှေမြိုင်မောင်ဖုန်း**

❊ *ကျောဖုံးမှ*

ထားကာ ရမှတ် ၂၁ မှတ်သာ စုဆောင်းထားနိုင်သည်ကို တွေ့ရသည်။ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည် ၁၁ ပွဲတွင် ကိုးပွဲအထိ နိုင်ပွဲရရှိကာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားပြီး ရမှတ် ၂၈ မှတ်အထိ စုဆောင်းရရှိထားသည်ကို တွေ့ရသည်။

ထို့ကြောင့် အေစီမီလန်အသင်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် သာလွန်နေသည်ကို သတိပြုရမည်။ အင်တာမီလန်အသင်းက ယခုနှစ်ရာသီ စီးရီးအေ အဝေးကွင်းစွမ်းဆောင်ရည် ၁၁ ပွဲတွင် ခြောက်ပွဲနိုင်ပြီး လေးပွဲသရေကျကာ တစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၂၂ မှတ်သာ စုဆောင်းထားနိုင်သည်ကို တွေ့ရသည်။ အင်တာမီလန်အသင်းက ယခုနှစ်ရာသီ စီးရီးအေတွင် အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်ရည် သာလွန်နေသည်ကို တွေ့ရသည်။

အေစီမီလန်အသင်းက အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ရန် ကြိုးပမ်းလာမည်ဖြစ်ပြီး အင်တာမီလန်အသင်းက အမှတ်ဖြတ်ထားနိုင်ရန် ကြိုးစားလာမည်ဖြစ်သည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမည်မှာ မလွဲပေ။

**အောင်ဇော်**

# ဝန်ထမ်းကောင်းတစ်ဦးဆိုရာဝယ် . . .

မိုးမခ

**ဝန်ထမ်းတစ်ဦး၏ ဘဝရည်မှန်းချက်သည် အငြိမ်းစားယူပြီးသည့်ကာလတွင် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ဆိုသည့် ဂုဏ်သိက္ခာတစ်ရပ် ကျန်ရှိရေးပင်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးအတွက် ပေးအပ်သည့်တာဝန်ကို ကျေပွန်ခြင်း၊ နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကို စွမ်းဆောင်နိုင်ခဲ့ခြင်းနှင့် သစ္စာစောင့်သိခြင်းဟူသည့် အခြင်းအရာများကသာ ဘဝတစ်လျှောက် သယ်ဆောင်သွားရမည့် ဂုဏ်အရည်အချင်းများပင် ဖြစ်ပေသည်။**

ပတိရူပဒေသဝါသောစ သင့်တော်သောအရပ်၌ နေထိုင်ခြင်းဟူသည့် မင်္ဂလာတရားတော်အရ နေထိုင်ရေးမင်္ဂလာ (၃) ပါးထဲတွင် ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေဟူသည့် အချက်သည် တစ်ချက်အပါအဝင် ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦး၏ဘဝသည် ပြည်သူကို ဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံနှင့် နိုင်ငံသား၏ အကျိုးကိုသယ်ပိုးခြင်းတည်းဟူသော အချက်ကြောင့် ကုသိုလ်နေ့စဉ်ရပါသည်။ ဝန်ထမ်းဘဝတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပညာရပ်များကို အစဉ်လေ့လာ ဆည်းပူးနေရသဖြင့် ပညာလည်းရပါသည်။ ဝန်ထမ်းဘဝတွင် ရာထူးအလိုက် လစာနှင့်အဆောင်အယောင်ဟူသော ဥစ္စာများလည်းရရှိသဖြင့် ကုသိုလ်၊ ပညာ၊ ဥစ္စာတည်းဟူသော အရာများ ရရှိရန် သင့်တင့်လျောက်ပတ်သော အလုပ်တစ်ခုဖြစ်သည်ဟု စာရေးသူ ယူဆပါသည်။ အချို့သော ရာထူးဌာနများတွင် လစာနှင့်မလျော်ညီသော ဥစ္စာဓနများ ရရှိစုဆောင်းနိုင်မည် ဖြစ်သော်လည်း အများစုသော ဝန်ထမ်းများသည် ရရှိသည့် လစာငွေနှင့် သင့်တင့်လျောက်ပတ်အောင် ရောင့်ရဲသုံးစွဲကာ ဘဝကို ဂုဏ်သိက္ခာရှိရှိ ဖြတ်သန်းရှင်သန်နေကြသူများ ဖြစ်ပါသည်။

## စည်းကမ်းတကျ တာဝန်ကျေကျေ

စာရေးသူသည် လူ့ဘဝသက်တမ်း (၅၀) ကျော်ဖြတ်သန်းခဲ့ပြီး ဝန်ထမ်းလုပ်သက် (၃၀) ကျော်ခဲ့ပြီဖြစ်သဖြင့် ဘဝ၏ အကောင်းဆုံးအရွယ်ကို လုပ်ငန်းခွင်ထဲတွင်ပင် ကုန်ဆုံးဖြတ်သန်းခဲ့သူတစ်ဦး ဖြစ်ပါသည်။ လုပ်သက်များလာသည်နှင့်အမျှ နိုင်ငံရေးအလှည့်အပြောင်းများ၊ ခေတ်စနစ် အပြောင်းအလဲများကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသလို ကိုယ်တိုင်ပါဝင်ဖြတ်သန်းခဲ့ရသည့် အဖြစ်အပျက်များလည်း များလှပြီဖြစ်သည်။ မျက်လှည့်ပြသလို ဖျတ်ခနဲပြောင်းလဲသွားသည့် အရာများရှိသလို အစီအစဉ်တကျ စည်းစနစ်ရှိရှိ ပြောင်းလဲခဲ့သည့် အရာများလည်း ဒုနဲ့ဒေးပင်။ မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာခဲ့သည့်အရာများရှိသလို မျှော်လင့်မထားဘဲ ဖြစ်လာခဲ့သည့်အရာများလည်း အများအပြားပင်။ မည်သို့ပင်ဆိုစေကာမူ စာရေးသူအပါအဝင် ဝန်ထမ်းအများစုသည်ကား ဖြစ်လာသည့် အပြောင်းအလဲများ ရွေ့လျားမှုများအားလုံးတွင် စည်းကမ်းတကျ တာဝန်ကျေကျေနှင့် လုပ်ဆောင်ဖြတ်သန်းခဲ့သည်ပင် ဖြစ်သည်။

နိုင်ငံတကာက အံ့သြရသည့် နိုင်ငံရေးအပြောင်းအလဲများတွင်ပင် စာရေးသူတို့ ဝန်ထမ်းများသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြသလို ကျရာကဏ္ဍတွင် စွမ်းဆောင်မှုပြခဲ့ကြသည်။ အချို့သော အပြောင်းအလဲများသည် အသားကျနေသော ဝန်ထမ်းတချို့အတွက် လိုက်ပါရန် ခက်ခဲကောင်း ခက်ခဲမည်ဖြစ်သော်လည်း အားလုံးကြိုးစားစွမ်းဆောင်ခဲ့ကြသည်မှာ ဝန်ထမ်းတိုင်း၏ ဘဝသမိုင်းတွင် ဂုဏ်ယူစရာတစ်ခုအဖြစ် ရှိနေခဲ့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဝန်ထမ်းဦးရေ ၁ သန်းကျော်ရှိပြီး ထိုဝန်ထမ်းများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် နက်နဲသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ရှုပ်ထွေးခက်ခဲသော အသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များကို အစိုးရက ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူပြုပေးခဲ့ကြသည်။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှု ရှေ့ဆက်ဖြစ်ပေါ်ရေးနှင့် အစိုးရအပေါ်ယုံကြည်မှုတိုးမြှင့်ရေးတွင်လည်း ကောင်းမွန်စွာဆောင်ရွက်ခဲ့ကြပြီး အများပြည်သူဝန်ဆောင်မှုများကို ထိရောက်စွာပံ့ပိုးဆောင်ရွက်ပေးခဲ့ကြကြောင်း ယခင်နှစ် ဆောင်ရွက်ချက်များက သက်သေပင်ဖြစ်သည်။ ၂၀၁၁-၂၀၁၅ ဒီမိုကရေစီ အသွင်ကူးပြောင်းကာလတွင် ကောင်းစွာလိုက်ပါခဲ့ကြသလို ယခင်အစိုးရလက်ထက်တွင်လည်း ညီညွတ်စွာတာဝန် ကျေပွန်ခဲ့ကြသည်။ အစိုးရအဆက်ဆက် မည်သို့ပင်ပြောင်းလဲစေကာမူ ဝန်ထမ်းများက ကျင့်ဝတ်စည်းကမ်းနှင့်အညီ ခံစားမှုကို ရှေ့တန်းမတင်ဘဲ ပညာရှင်ပီသစွာ တာဝန်ကျေခဲ့ကြသည်။

> **နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း၊ နိုင်ငံရေးစီးပွားရေးစနစ်များ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါကြောင်း ညွှန်းဆိုထားပြီး နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာစေနိုင်ရန်အလို့ငှာ မူလအခြေခံနည်းဥပဒေများ၊ နောက်ဆက်တွဲနည်းဥပဒေများ၊ မြို့ပြဝန်ထမ်းစည်းမျဉ်းများတို့မှ ထုတ်နုတ်ဘာသာပြန်ထားသည့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်(၁၉၈၄)၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲ (၁၉၈၅)၊ အစိုးရဝန်ထမ်းများကျင့်ဝတ် နည်းဥပဒေများတို့ပါ ဖော်ပြချက်များအနက်မှ ဝန်ထမ်းများသိရှိလိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။ ထိုကျင့်ဝတ်စာအုပ်တွင် ဝန်ထမ်းတိုင်းလိုက်နာဆောင်ရွက်ရမည့်အချက်များကို တိတိကျကျ ပြုစုထားပြီး ဖြစ်ပါသည်။ ထို့မျှမက ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင်လည်း ရှင်းလင်းတိကျစွာ ဖော်ပြပါရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းတစ်ဦးအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း မဟုတ်သလို ပြည်သူများအပေါ် မရိုသေမလေးစားခြင်းလည်း မဟုတ်ပေ။**

## ဝန်ထမ်းများဘဝ အပြောင်းအလဲများဖြစ်ပေါ်

သို့သော် ယခု ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ မျှော်လင့်မထားသည့် အပြောင်းအလဲကြီးတစ်ရပ် ကြုံတွေ့ခဲ့ရပြန်သည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာ ခေတ္တလွှဲအပ် တာဝန်ပေးထားသည့် အခြေအနေများကြုံတွေ့ခဲ့ရပြီး မြန်မာနိုင်ငံအတွင်း သဘောထားကွဲလွဲမှုများ၊ မတည်ငြိမ်မှုများ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ကြရသည်။ ထိုအဖြစ်အပျက်သည် ပြည်သူများ၏နေ့စဉ်ဘဝကို လှုပ်ရှားမှုများ ဖြစ်ပေါ်စေခဲ့သလို ဝန်ထမ်းများ၏ ဘဝကိုလည်း အပြောင်းအလဲများဖြစ်ပေါ်လာစေခဲ့သည်။ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဆိုသည့် ဝန်ထမ်းများကို Civil Disobedience Movement တွင်ပါဝင်ကြရန် စည်းရုံးလှုံ့ဆော်သည့်အတွက် အချို့သောဝန်ထမ်းများက အဆိုပါလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့မျှမက နိုင်ငံရေးလှုပ်ရှားမှုများတွင် မပါဝင်သည့် ဝန်ထမ်းများကိုလည်း လူမှုစာမျက်နှာများတွင် ရေးသားအရှက်ခွဲခြင်းနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာနေရာဌာနများသို့ သွားရောက်ကာ ရှုတ်ချသည့် အပြောအဆိုများဖြင့် ဖိအားပေးနှိပ်ကွပ်နေမှုများ များစွာဖြစ်ပေါ်နေသည့်အတွက် ဝန်ထမ်းအများစုမှာ စိတ်နှလုံးညှိုးချုံးနေရမှု၊ ကြောက်လန့်စိတ်ဖိစီးမှုများ ကြုံတွေ့ခံစားနေရကြရသည်။ ထို့မျှမက Civil Disobedience Movement တွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများပါဝင်ဆောင်ရွက်နေသည့်အတွက် ဒေသတွင်းပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများတွင် အဆင်မပြေမှုများ ကြုံနေရသည်ကို စိတ်နှလုံးမချမ်းမြေ့စရာ ကြားသိနေရပါသည်။ ထို့ကြောင့် ဆေးရုံများရှိ Civil Disobedience Movement လှုပ်ရှားနေသည့် ကျန်းမာရေး

> ✤ **ထို့မျှမက နိုင်ငံရေးလှုပ်ရှားမှုများတွင် မပါဝင်သည့် ဝန်ထမ်းများကိုလည်း လူမှုစာမျက်နှာများတွင် ရေးသားအရှက်ခွဲခြင်းနှင့် ဝန်ထမ်းများတာဝန်ထမ်းဆောင်ရာနေရာဌာနများသို့ သွားရောက်ကာ ရှုတ်ချသည့် အပြောအဆိုများဖြင့် ဖိအားပေးနှိပ်ကွပ်နေမှုများ များစွာဖြစ်ပေါ်နေသည့်အတွက် ဝန်ထမ်းအများစုမှာ စိတ်နှလုံးညှိုးချုံးနေရမှု၊ ကြောက်လန့်စိတ်ဖိစီးမှုများ ကြုံတွေ့ခံစားနေရကြရသည်။ ထို့မျှမက Civil Disobedience Movement တွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများပါဝင်ဆောင်ရွက်နေသည့်အတွက် ဒေသတွင်းပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများတွင် အဆင်မပြေမှုများကြုံနေရသည်ကို စိတ်နှလုံးမချမ်းမြေ့စရာ ကြားသိနေရပါသည်။ ထို့ကြောင့် ဆေးရုံများရှိ Civil Disobedience Movement လှုပ်ရှားနေသည့် ကျန်းမာရေးဝန်ထမ်းများကို ရပ်ရွာလူထုက ပြန်လည်ဆန့်ကျင်တောင်းဆိုသည့် လှုပ်ရှားမှုများကြုံတွေ့နေရပေသည်။ ထို့ပြင် Civil Disobedience Movement လှုပ်ရှားမှုတွင် မပါဝင်သည့်ဝန်ထမ်းများကို ဖိအားပေးနှောင့်ယှက်မှုများရှိနေသည့်အတွက် ထိုသို့ဖြစ်ပေါ်လာလျှင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များသို့ ဖုန်းဖြင့်ဆက်သွယ်တိုင်ကြားမှုများလည်း အများအပြားရှိလာခဲ့သည်။**

*စာမျက်နှာ ၁၁ သို့*

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။**



စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း မုံရွာမြို့ရှိ ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၀၄၂ ဦး၊ အတွင်းလူနာ ၂၈၈၄ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈၅၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၆၂ ဦး၊ စုစုပေါင်း ၁၃၁၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၅၁၃ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၇၅၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၂၇၂ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေးဆက်သွယ် ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)သို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့များက လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လှိုင်လင်မြို့နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား တပ်မတော်သားဆရာဝန်များက ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## လှိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် တောင်ပိုင်း လှိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံမှတာဝန်ရှိသူများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံလာခဲ့သည်။

အဆိုပါအကူအညီတောင်းခံလာမှုကြောင့် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်ဆေးရုံများမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများ ပါဝင်သော ဆေးကုသရေးအဖွဲ့အား စနစ်တကျစုဖွဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်စေလွှတ်၍ အဆိုပါဆေးရုံ၌ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၆ ဦး တို့ကို အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

ဝန်ထမ်းများကို ရပ်ရွာလူထုက ပြန်လည်ဆန့်ကျင်တောင်းဆိုသည့် လှုပ်ရှားမှုများကြုံတွေ့နေရပေသည်။ ထို့ပြင် Civil Disobedience Movement လှုပ်ရှားမှုတွင် မပါဝင်သည့် ဝန်ထမ်းများကို ဖိအားပေးနှောင့်ယှက်မှုများရှိနေသည့်အတွက် ထိုသို့ဖြစ်ပေါ်လာလျှင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များသို့ ဖုန်းဖြင့်ဆက်သွယ်တိုင်ကြားမှုများလည်း အများအပြားရှိလာခဲ့သည်။

လူတိုင်းတွင် မိမိယုံကြည်ရာကို ဆောင်ရွက်ခွင့်ရှိခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ သို့သော် လူတိုင်း၏ဘဝများကို စည်းဟူသော အနားသတ်၊ ကမ်းဟူသော အနားသတ်များ ရှိစေရန်အတွက် စည်းကမ်းတည်းဟူသော ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များ ပြဋ္ဌာန်းကန့်သတ်ထားရှိခဲ့ပေသည်။ နိုင်ငံသားတိုင်းအတွက် လိုက်နာရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များရှိသလို ဝန်ထမ်းများသည်လည်း နိုင်ငံသားတိုင်းလိုက်နာရမည့် ဥပဒေများကို လိုက်နာရသလို သီးခြားလိုက်နာရမည့် ဥပဒေများ ကျင့်ဝတ်များကိုလည်း လိုက်နာရပါသည်။

စာရေးသူတို့ ဝန်ထမ်းဘဝစခဲ့ချိန်က ဝန်ထမ်းကျင့်ဝတ်ဆိုသည့် လက်တစ်ဝါးအရွယ် စာအုပ်လေးတစ်အုပ်ရခဲ့သည်။ ဆရာက တစ်သက်လုံးစာကျင့်ကြံလိုက်နာရမည့် ကျင့်ဝတ်ဟုဆိုဆုံးမခဲ့ဖူးတာ အမှတ်ရသည်။ စာအုပ်၏အမှာတွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများ ဖြစ်ကြကြောင်း၊ နိုင်ငံရေး စီးပွားရေးစနစ်များ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါကြောင်း ညွှန်းဆိုထားပြီး နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာစေနိုင်ရန်အလို့ငှာ မူလအခြေခံနည်းဥပဒေများ၊ နောက်ဆက်တွဲနည်းဥပဒေများ၊ မြို့ပြ ဝန်ထမ်းစည်းမျဉ်းများတို့မှ ထုတ်နုတ်ဘာသာပြန်ထားသည့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် (၁၉၈၄)၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲ (၁၉၈၅)၊ အစိုးရဝန်ထမ်းများကျင့်ဝတ် နည်းဥပဒေများတို့ပါ ဖော်ပြချက်များအနက်မှ ဝန်ထမ်းများသိရှိလိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။ ထိုကျင့်ဝတ်စာအုပ်တွင် ဝန်ထမ်းတိုင်း လိုက်နာဆောင်ရွက်ရမည့် အချက်များကို တိတိကျကျပြုစုထားပြီး ဖြစ်ပါသည်။ ထို့မျှမက ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင်လည်း ရှင်းလင်းတိကျစွာ ဖော်ပြပါရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းတစ်ဦးအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း မဟုတ်သလို ပြည်သူများအပေါ် မရိုသေမလေးစားခြင်းလည်း မဟုတ်ပေ။

ထို့ပြင် လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၈) (ခ)တွင် မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန်အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာ ကျင့်ဆောင်ရန်အလို့ငှာ လည်းကောင်း ဥပဒေဘောင်အတွင်းဖြစ်ရမည်ဟု ပြဋ္ဌာန်းထားပေရာ ဝန်ထမ်းတစ်ဦး၏ဆန္ဒအလျောက် ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းကို နှောင့်ယှက်တားဆီးခြင်းသည် လူတစ်ဦး၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အသိအမှတ်မပြုရာရောက်သလို တရားမျှတမှုနှင့် သွေဖည်ရာလည်းရောက်ပါသည်။ ဒီမိုကရေစီ၏ စံနှုန်းများတွင်လည်း နိုင်ငံရေးဆိုင်ရာသည်းခံစိတ်ရှိမှု၊ တာဝန်ယူမှု၊ လူ့အခွင့်အရေးထိန်းသိမ်းမှု၊ ဥပဒေကို လေးစားလိုက်နာမှု စသည့်အချက်များလည်း ပါဝင်နေပေရာ ယနေ့ခေတ်တွင် မိမိနှင့်အယူအဆမတူညီမှုကြောင့် အခြားသူတစ်ဦး၏ အခွင့်အရေးကို ဖိနှိပ်ခြင်း၊ စွက်ဖက်ခြင်းသည်လည်း လူမှုအဖွဲ့အစည်း၏ ကောင်းမွန်သောအမူအကျင့်များနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပေသည်။

လူတို့၏ သဘောသဘာဝအရ မိမိတို့အယူအဆ မိမိတို့သဘောထားအယူအဆအပေါ်တည်၍ မိမိတို့မြင်သလို မိမိတို့အကျိုးစီးပွားနှင့် ကိုက်ညီလျှင်ကိုက်ညီသလို မကိုက်ညီလျှင် မကိုက်ညီသလို ကောက်ချက်ချကာ ဝေဖန်ပြစ်တင်ခြင်း၊ ချီးမွမ်းအားပေးခြင်းတို့က ရှိမြဲသာဖြစ်သည်ကို စာရေးသူအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ပါသည်။ သို့သော် ယနေ့ ရုံးတက်နေရကြသည့် ဝန်ထမ်းများတွင် ယခင်ကာလက ဝန်ထမ်းစည်းမျဉ်းနှင့်အညီ အစွန်းအထင်းမရှိ နေထိုင်ခဲ့သည့် ဝန်ထမ်းများလည်းပါနိုင်သည်။ ထိုဝန်ထမ်းများ၏ ဖြောင့်မတ်တည်ကြည်မှုကို လေးစားသင့်ပါသည်။ ထို့ပြင် မိသားစုအခက်အခဲကြောင့် စိတ်သွားရာနောက် ကိုယ်မပါနိုင်သည့် ဝန်ထမ်းများလည်းရှိကောင်းရှိမည်။ ထိုဝန်ထမ်းများ၏ အခက်အခဲများကိုလည်း စာနာနားလည်သင့်ပါသည်။ အသက်အရွယ်နှင့် အတွေ့အကြုံအရ အသိအမြင်မတူကြသည့် ဝန်ထမ်းများလည်း ပါကောင်းပါမည်။ ထိုဝန်ထမ်းများ၏ ရပ်တည်ချက်ကိုလည်း ပြည်သူများက အပြန်အလှန်နားလည်သင့်ပါသည်။ ထို့ကြောင့် ယနေ့အချိန်အထိ နိုင်ငံတော်ကို မျက်နှာမူကာ ကျင့်ဝတ်နှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး ပါတီနိုင်ငံရေးကင်းရှင်းကာ မိမိတို့ရပ်တည်ချက်အတိုင်း မမှိတ်မသုန် လျှောက်လှမ်းနေသည့် ဝန်ထမ်းများအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ လွတ်လပ်လုံခြုံစွာ အသက်ရှင်သန်လှုပ်ရှား နေထိုင်ခွင့်ရှိနိုင်ရေးအတွက် ပြည်သူများအပေါ် ဝန်ထမ်းအားလုံးကိုယ်စား စာရေးသူက လေးနက်စွာ တောင်းဆိုဆန္ဒပြုလိုက်ရပါသည်။ ။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကြောက်စရာကောင်းတဲ့ခွေးရူးရောဂါ

ဟာမီယွန်နီ

မင်္ဂလာပါ ကလေးလေးတို့ရေ။ နွေဦးရာသီကို ရောက်လာခဲ့ပါပြီ။ ဒီအချိန်ဆို လက်ပံပွင့်တွေ သိပ်ကိုပွင့်နေကြပြီ။ မမတို့ငယ်ငယ်က လက်ပံပွင့်တွေကောက်ကြတယ်။ စုဝေးပြီး လက်ပံပွင့် သုပ်စားကြတာပေါ့။ လက်ပံပွင့်တဲ့ ရာသီရောက်လာရင် လူကြီးတွေက စိတ်ပူကြတာ တစ်ခုရှိတယ်။ အဲဒါကတော့ ခွေးရူးတွေ လိုက်ကိုက်မှာကို စိုးရိမ်ကြတာ။ လက်ပံပွင့်ချိန်ဟာ ခွေးရူးပြန်ချိန်လို့ အယူရှိကြတာပေါ့ ကလေးတို့ရေ။



ခွေးရူးပြန်စေတဲ့ ဗိုင်းရပ်စ်ပိုးကလေးကို အဏုကြည့်မှန်ပြောင်းနဲ့ကြည့်ရင် ကျည်ဆန် ထိပ်ဖူးလေးလိုပဲတဲ့ကွယ်။ ရပ်ဘဒိုဗီရီဒေး ဆိုတဲ့ ဗိုင်းရပ်စ်တစ်မျိုးပေါ့။ ခရစ်တော် မပေါ်ခင် ၂၃၀၀ ပြည့်နှစ်လောက်ကတည်းက ဆိုတော့ နှစ်ပေါင်း ၄၀၀၀ လောက်ကတည်း က အဲဒီလို ခွေးရူးပြန်တဲ့ရောဂါရှိခဲ့တာပါ။ ခွေးတွေမှာ အဲဒီဗိုင်းရပ်စ်က စပြီးဖြစ်ပေါ် ပါတယ်။ ခွေးကတစ်ဆင့် လူနဲ့ အခြား တိရစ္ဆာန်တွေဆီလည်း ကူးစက်ပါတယ်။

ကမ္ဘာပေါ်မှာတဲ့ လက်ရှိအချိန်အထိ ၁၅ မိနစ်ကြာတိုင်း လူတစ်ယောက်ဟာ ခွေးရူးပြန်ရောဂါကူးစက်မိပြီး သေဆုံးနေ ရပါတယ်တဲ့။ တစ်နှစ်ကို အနည်းဆုံး လူငါးသောင်းလောက်ဟာ ခွေးရူးပြန်ရောဂါ နဲ့သေဆုံးကြရပြီး အဲဒီအထဲမှာ အာရှတိုက် က သေဆုံးမှုက တစ်နှစ်ကို သုံးသောင်းကျော် ရှိတယ်တဲ့။ မမတို့ နေထိုင်တဲ့ အာရှတိုက်က လူတွေက ခွေးရူးပြန်ရောဂါဖြစ်တာ အခြား ကမ္ဘာတိုက်ကြီးတွေထက် ပိုများတဲ့သဘော ပေါ့ကွယ်။

ခွေးတွေရဲ့ တံတွေး(သွားရည်)ထဲမှာ အဲဒီ ခွေးရူးရောဂါဗိုင်းရပ်စ်တွေရှိနေတတ် ပါတယ်။ ခွေးကိုက်ခံရတာ၊ လျှာနဲ့လျက်ခံ ရတာဆိုရင် အဲဒီခွေးမှာ ဗိုင်းရပ်စ်ပိုးလည်း ရှိခဲ့မယ်ဆိုရင် ကလေးတို့ ကိုယ်ခန္ဓာထဲကို အဲဒီ ခွေးရူးပြန်ဗိုင်းရပ်စ်ပိုးတွေ ရောက်လာ မှာပါ။ ခွေးကိုက်လိုက်တဲ့အခါ အနာပေါက် ကနေ သွားရည်တွေက ကလေးတို့ ခန္ဓာ ကိုယ်ထဲကို ဝင်သွားတတ်တာပေါ့။ ဒါမှ မဟုတ်ရင်လည်း ခွေးက လျှာနဲ့လျက်တဲ့အခါ ကလေးတို့ ခြေလက်တွေမှာ အရေပြား ပွန်းပဲ့တဲ့အနာလေးတွေများရှိနေခဲ့ရင် အဲဒီ ကနေတစ်ဆင့် ဗိုင်းရပ်စ်ပိုးကူးတော့တာ ဖြစ်ပါတယ်။

အချို့ကူးစက်ခံရတဲ့သူတွေဟာ နှစ်ပတ် အတွင်း ရောဂါလက္ခဏာတွေ ပေါ်လာတတ် ပြီး အချို့ကတော့ နှစ်ပေါင်းများများ ကြာတဲ့ အထိ ရောဂါလက္ခဏာမပေါ်တတ်သေးပါ ဘူး။ ခွေးကိုက်ခံရတဲ့ ဒဏ်ရာနေရာကနေ အနာ ကျက်သွားပေမယ့် စိတ်မချရပါဘူး။ ဗိုင်းရပ်စ် ဝင်သွားခဲ့ပြီဆိုရင် ဘယ်လောက်ကြာကြာ အဲဒီနေရာက နာလည်း နာတယ်၊ ယားလည်း ယားလာပါတယ်။ ပြီးရင် ခွေးကိုက်တဲ့နေရာ ပတ်လည်မှာ ထုံလာတတ်ပါတယ်။ အကိုက် ခံရသူဟာ စိတ်တွေ လှုပ်ရှားနေတတ်ပြီး ကြောက်ရွံ့တာ၊ ဖျားတာ၊ စားချင်စိတ်မရှိတာ၊ အသက်ပြင်းပြင်းရှူတာတွေ ဖြစ်လာတတ်ပါ တယ်။ အဆိုးဆုံးကတော့ အရည်ကို လုံးဝ သောက်လို့မရတော့တာပါ။ အစားစားလို့ ရခဲ့မယ်ဆိုရင်တောင် ရေကိုတော့ မြင်တာနဲ့ ကြောက်ရွံ့လာပါတော့တယ်။ အလင်းရောင် ကိုမခံစားနိုင်တော့ဘူး။ အသံတွေကို အကျယ် ကြီးကြားလာရသလို အသက်မရှူနိုင်တော့ ဘဲ ခွေးတစ်ကောင်လို အူသလို အသံမျိုး တွေ မြည်လာတတ်ပါတယ်။ တံတွေးတွေ တမြားမြားဖြစ်လာပြီး ခွေးရူးတစ်ကောင်နဲ့ တော်တော်တူလာပါတယ်။ မြင်မြင်သမျှကို ကိုက်ချင်လာပြီး နောက်ဆုံးမှာတော့ သေဆုံး သွားရပါတော့တယ်။

ကလေးတို့ဟာ ကြောက်စရာကောင်း တဲ့ ခွေးရူးရောဂါကနေ ကာကွယ်နိုင်အောင် ခွေး တွေကို ကိုင်တွယ်ချစ်ခင်၊ ဆော့ကစားတဲ့အခါ သတိ ပြုကြရမယ့် အကြောင်း တွေကို မမက ဆက်ပြောပြ ပါ့မယ်။ ခွေးတစ်ကောင် ဟာ ပုံမှန်ဆိုရင် သူကျေနပ် တဲ့အခါ အမြီးလေး တန့်နှံ့ နဲ့ လူနားကပ်တတ်ပေမယ့် ခွေးရူးပြန်ဗိုင်းရပ်စ်ဖြစ်နေ တဲ့ခွေးကတော့ အမြီးတွေ က ကုပ်နေတတ်တယ်။ မြင်မြင်သမျှကို ကိုက်ဆွဲ တတ်ပြီး ရေမသောက် နိုင်ဘဲ ဟောင်လိုက်၊ အူလိုက် လုပ်နေတတ်ပါ တယ်။ အသံတွေလည်း ပြောင်းလဲလာပြီး တရွတ်ဆွဲသွားနေတတ်ပါတယ်။ ခွေးရူးပြန် ပိုးရှိတဲ့ ခွေးတွေဟာ အစပိုင်းမှာ သူ့ကိုချစ်ခင် သူတွေကို သိနိုင်ပါသေးတယ်။ သူတို့နဲ့ ပွတ်သီးပွတ်သပ်လည်း လုပ်နိုင်ပါတယ်။ မသိတဲ့သူတွေကိုတော့ မြင်တာနဲ့ အသာလေး အနားကပ်သွားပြီး ကိုက်ခဲတတ်ပါတယ်။ ခွေးရဲ့ ဦးခေါင်းက အောက်ကိုဆိုက်နေတာ၊ တရွတ်ဆွဲသွားနေပြီး သွားရေတမြားမြား ကျနေတာ၊ အမြီးကုပ်နေပြီး ဘယ်လောက် ရိုက်ရိုက် မနာကျင်တဲ့ပုံပေါက်နေပြီဆိုရင် အဲဒီခွေးက ခွေးရူးပြန် ဗိုင်းရပ်စ်ဝင်ရောက် နေနိုင်လို့ ကလေးတို့ ဝေးဝေးကရှောင်ကြဖို့ လိုပါတယ်။



မမတို့နိုင်ငံမှာ ၂၀၁၈ ခုနှစ်က ခွေးကိုက် ခံရသူဟာ တစ်နိုင်ငံလုံးမှာ နှစ်သိန်းလောက် ရှိပါတယ်။ ၂၀၁၉ခုနှစ်အတွင်း ခြောက်လတာ ကာလအတွင်းမှာတင် လူခြောက်သောင်း လောက် ခွေးကိုက်ခံရပါတယ်။ ခွေးရူးကြောင့် တစ်နှစ်ကို သေဆုံးသူ ၇၀ ကနေ ၁၀၀ ကြား ဝန်းကျင်ရှိနိုင်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ခွေး အရေအတွက် လေးသန်းနီးပါးရှိနိုင်တယ်လို့ ခန့်မှန်းထားကြပြီး အဲဒီအထဲမှာ လမ်းဘေးမှာ ပေါက်ဖွားတဲ့ခွေးက သုံးပုံ နှစ်ပုံလောက်ရှိ ပါသတဲ့။ ခွေးရူးရောဂါ ဖြစ်ပွားမှုကတော့ ခွေးနှစ်ကောင်ရှိရင် တစ်ကောင်က ခွေးရူး ရောဂါရှိနိုင်တဲ့အနေအထားမို့ ကလေးတို့ အားလုံး ခွေးရူးအန္တရာယ်ကနေ သတိထား ကာကွယ်ကြဖို့ မမက တိုက်တွန်းပါတယ်။

ကလေးတို့အနေနဲ့ အိမ်မှာမွေးထားတဲ့ ခွေးလေးတွေ၊ ကြောင်လေးတွေရှိမယ်ဆိုရင် တိရစ္ဆာန်ဆေးကုခန်းတွေမှာ၊ ဒါမှမဟုတ် တိရစ္ဆာန် မွေး/ကု ဌာနတွေကို သွားပြီး ခွေးရူးပြန် ကာကွယ်ဆေးကို ထိုးနှံထားကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ အဲဒါက အရေး ကြီးပြီး ကလေးတို့အတွက် အန္တရာယ်ကင်း စေမယ့် အကောင်းဆုံးနည်းလမ်း ဖြစ်ပါ တယ်။ လမ်းဘေးက ခွေးလေခွေးလွင့်တွေကို မြင်ရင်လည်း ကရုဏာထား ချစ်ခင်ပေမယ့် မတော်တဆ ခွေးကိုက်ခံရတာ ဖြစ်မယ်ဆိုရင် ခွေးရူးကာကွယ်ဆေးကို အကိုက်ခံရသူက ထိုးနှံဖို့လိုပါတယ်။ ခွေးရူးကိုက်ခံရပေမယ့် ကလေးတို့က အချိန်မီခွေးရူးကာကွယ်ဆေး ထိုးထားမယ်ဆိုရင် ခွေးရူးပြန်ရောဂါမခံစား ရတော့ပါဘူး။ အကယ်၍ ခွေးရူးကိုက်ခံရ ပေမယ့် ခွေးရူးပြန်ကာကွယ်ဆေး မထိုးဖြစ် ခဲ့ဘူးဆိုရင်တော့ နောက်ဆက်တွဲဆိုးကျိုး တွေကို ကလေးတို့ ကြုံရနိုင်တာမို့ အထူး ဂရုပြုကြပါလို့ မမက သတိပေးရင်း နိဂုံးချုပ် လိုက်ပါတယ်နော်။

## လောကဝတ် (Etiquette)

# အမျိုးအစားမတူတဲ့ တူကလေးတွေနဲ့ အစားအသောက်တွေစားကြမယ်

မျိုးမျိုး

ကလေးတို့အားလုံးကို လောကဝတ်အစီအစဉ်လေးက ကြိုဆိုလိုက်ပါတယ်။ ဒီတစ်ပတ်မှာ မမက လူကြားထဲမှာ အစား စားကြတဲ့အခါ အားလုံးက သိပ်ကိုလိမ္မာကျွမ်းကျင်တဲ့ ကလေးတို့အဖြစ် မြင်ကြရအောင် ကမ္ဘာပေါ်မှာရှိတဲ့ အမျိုးအစားမတူတဲ့ တူကလေးတွေနဲ့ သူတို့ကို ဘယ်လို အသုံးပြုကြတယ်ဆိုတာကို ကလေးတို့ကို ပြောပြလို ပါတယ်။



တူတွေကို ကလေးတို့မြင်ဖူးကြတယ် မဟုတ်လား။ အများဆုံးကတော့ မမတို့ပတ်ဝန်းကျင်စားသောက်ဆိုင် တွေမှာ အမြဲတွေ့ရတတ်တဲ့ တစ်ခါသုံး ဝါးတူလေးတွေ ပေါ့။ ဝါးလေးတွေနဲ့ ပြုလုပ်ထားတဲ့ တူကလေးတွေနဲ့ ခေါက်ဆွဲ၊ ကြာဆံ စတာတွေ၊ ထမင်းနဲ့ဟင်းတွေကို ခပ်ယူ စားသောက်ကြတာပေါ့။ တူကလေးတွေရဲ့အစက တရုတ် လူမျိုးတွေဆီကပါ။ ဒါပေမယ့် တစ်ကမ္ဘာလုံးမှာ တူကို စားစရာကိုင်တွယ်တဲ့ပစ္စည်းအနေနဲ့ သုံးနေကြတာပေါ့ ကွယ်။

### အကွာအဝေးကို ဂရုစိုက်

တူတွေကို ကိုင်တွယ်တဲ့အခါ အကွာအဝေးကို ဂရုစိုက် ဖို့ လိုပါတယ်။ တူနှစ်ချောင်းက တစ်ချောင်းနဲ့တစ်ချောင်း သိပ်ဝေးကွာတာ၊ တစ်ချောင်းရှည်ပြီး တစ်ချောင်းတို ဖြစ်နေတာ၊ တူနဲ့အစားအသောက်တွေကို ယူဆောင်တဲ့ အခါ ခဏခဏပြုတ်ကျတတ်တာတွေက ကလေးတို့ တူကို ကျွမ်းကျွမ်းကျင်ကျင် မသုံးတတ်သေးဘူးဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။ ဒါကြောင့် တူတွေကို စနစ်တကျ ကိုင်တွယ်တတ်အောင် ကလေးတို့က လေ့ကျင့်ထားဖို့ လိုပါတယ်။

### ပုံစံကွဲလေးတွေရှိ

တူတွေမှာ အမျိုးအစားပုံစံကွဲလေးတွေရှိကြတာကို လည်း ကလေးတို့ သိထားဖို့လိုပါတယ်။ ဥပမာပြောရရင် တရုတ်လူမျိုးတွေသုံးတဲ့တူတွေဟာ ထိပ်ပြားပြီး တော်တော် လေးရှည်ပါတယ်။ သူတို့ လူမျိုးတွေဟာ ဝိုင်းဖွဲ့စားသောက် တဲ့အခါ အဝေးက ဟင်းခွက်တွေကိုလှမ်းပြီး ဟင်းယူစား လို့ရအောင် တူတွေကို ရှည်ထားတတ်ပါတယ်။ ဂျပန် လူမျိုးတွေ အသုံးပြုတဲ့တူအများစုကတော့ အဖျားချွန်ပြီး တူအရှည်ကလည်း ခပ်တိုတို အသုံးပြုကြပါတယ်။ ကျွန်းစု နိုင်ငံဖြစ်တာမို့ ငါးကို အဓိကစားကြတဲ့အခါ အဖျားချွန်တဲ့ တူလေးတွေနဲ့ ငါးအရိုးထွင်ရတာ အဆင်ပြေလို့အသုံးပြု ကြတာဖြစ်ပါတယ်။ နောက်ပြီးတော့ ဂျပန်လူမျိုးတွေဟာ ကိုယ်ပိုင်တစ်ယောက်စာ အိုးခွက်ပန်းကန်တွေ သီးသန့် ထားတတ်ကြတဲ့အတွက် သူတို့တူတွေက ခပ်တိုတို၊ ပုံစံလှလှလေးတွေ ဖြစ်နေတတ်ပါတယ်။ ကိုရီးယား လူမျိုးတွေသုံးလေ့ရှိတဲ့ တူတွေကလည်း ထူးခြားပါတယ်။ သူတို့ဆီက တူတွေက စတီး၊ သတ္တုနဲ့ ငွေတွေကို အများဆုံး အသုံးပြုကြပါတယ်။ သူတို့ဆီက တူတွေက မလုံးဘဲ လေးထောင့်အချောင်းလေးတွေလည်း ဖြစ်နေတတ်ပါ တယ်။ သူတို့က အစားအစာကိုစားတဲ့အခါ လေးထောင့် ကျတဲ့တူတွေက ပိုပြီးကိုင်တွယ်ရ အဆင်ပြေတယ် လို့ ယူဆကြတယ်ထင်ပါရဲ့။ ကိုင်ရတာ လွတ်မထွက်တော့ ဘူးပေါ့နော်။

### စတိုင်ကျကျ

ကလေးတို့လည်း အများနဲ့တွေ့ဆုံပြီး စားသောက် တဲ့အခါ ကိုယ်နဲ့သင့်တော်မယ့် တူပုံစံလေးတွေကို ရွေးချယ် ပြီး စတိုင်ကျကျနဲ့ စားသောက်ပြလို့ရပါပြီ။

# နယူးဇီလန်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှု တရားဝင်စတင်

အော့ကလန် ဖေဖော်ဝါရီ ၂၀

**နယူးဇီလန်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး တရားဝင်ထိုးနှံပေးမှုစတင်ခဲ့ပြီး အော့ကလန်မြို့ရှိ အသွားအလာစောင့်ကြည့်ရေးစင်တာတွင် နယ်စပ်လုပ်သားများ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံခဲ့သည်။ နယူးဇီလန်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်မှုတွင် အရေးကြီးသည့် နေရာသို့ရောက်နေကြောင်း ဖေဖော်ဝါရီ ၂၀ ရက်တွင် နယ်စပ်လုပ်သားများကို ဦးစွာကာကွယ်ဆေးထိုးပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် အက်ရှ်လေဘလွန်းဖီးက ပြောသည်။**



နယူးဇီလန်နိုင်ငံသားတိုင်းကို ကာကွယ်ရေးအတွက် အရေးကြီးသည့် နယ်စပ်လုပ်သားများ (ပြည်ပသို့ သွားရောက်လုပ်ကိုင်သူ) ကို ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း အက်ရှ်လေဘလွန်းဖီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဝယ်လင်တန်တွင် ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်မည်ဖြစ်သည်။ နယ်စပ်လုပ်သားများကို ကာကွယ်ဆေးထိုးပေးပြီးနောက် ၎င်းတို့၏ မိသားစုဝင်များကို ထိုးပေးမည်ဖြစ်သည်။

ပြည်သူလူထုကို ကာကွယ်ဆေးထိုးပေးရန်အတွက် ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်တွင် စတင်နိုင်မည်ဟု မျှော်လင့်ထားသည်။ ဖိုက်ဇာကာကွယ်ဆေးများ နယူးဇီလန်နိုင်ငံအတွင်းသို့ ရောက်ရှိနေပြီဖြစ်သည်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးအတွက် အလေးထားကာ သတိရှိရှိ နေထိုင်ကြရန်အတွက်လည်း သတင်းစာရှင်းလင်းပွဲတွင် တိုက်တွန်းထားသည်။

နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်တွင် ကိုဗစ်-၁၉ သတိပေးမှုသတ်မှတ်ချက် အဆင့် ၂ ထုတ်ပြန်ထားပြီး ကျန်ဒေသများတွင်မူ အဆင့် ၁ သတ်မှတ်ထားသည်။

ဆင်ဟွာ

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၁၀၅၀ ထပ်မံတွေ့ရှိပြီး သေဆုံးသူ ၁၃၀၈ ဦးတိုးလာ

**ဆော်ပိုလို ဖေဖော်ဝါရီ ၂၀**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၅၁၀၅၀ တွေ့ရှိခဲ့ပြီး သေဆုံးသူ ၁၃၀၈ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်း စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၀၀၈၁၆၇၆ ဦးရှိလာပြီးသေဆုံးသူစုစုပေါင်းမှာ ၂၄၄၇၆၅ ဦးရှိသည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန် ပြည်ထောင်စုပြီးလျှင် ကိုဗစ်-၁၉ ကြောင့် ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံဖြစ်သည်။

လွန်ခဲ့သည့်လမှ စတင်ကာ နေ့စဉ်သေဆုံးမှုနှုန်းမှာ ၁၀၀၀ အထက်တွင် ရှိသည်။ ဘရာဇီးနိုင်ငံ၏ အဓိက ကူးစက်မှု ဗဟိုချက်မနေရာဖြစ်သည့် ဆော်ပိုလိုပြည်နယ်တွင် ကူးစက်ခံရသူ အရေအတွက်မှာ ၁၉၆၀၅၆၄ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၅၇၄၉၉ ဦး ရှိသည်။

ဆော်ပိုလိုမြို့နှင့် အနီးတစ်ဝိုက်ဒေသတွင် နေထိုင်ကြသူများအတွက် အရက်ရောင်းချမှု ပိတ်ပင်ထားမှုကို ဖြေလျှော့ပေးခဲ့ပြီး ဘားများနှင့်စားသောက်ဆိုင်များတွင် အရက်ရောင်းချမှုကို ၈ နာရီနှင့် ၁၀ နာရီကြားဟု သတ်မှတ်ပေးခဲ့သည်။

အရှေ့မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဘာဟီးရာတွင် ကိုဗစ်-၁၉ ကူးစက်မှုကို နှိမ်နင်းနိုင်ရေးအတွက် နှစ်ပတ်ကြာ ညဘက်မပြင်မထွက်ရ အမိန့် ထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ



ရီယိုဒီဂျနေရိုးတွင် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ် ။

## အာဖရိကတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် သန်း ၁၀၀ ကူညီပေးမည်ဟု အီးယူ ကတိပြု

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၀

အာဖရိကတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ယူရိုသန်း ၁၀၀ အကူအညီပေးမည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလယန်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးစနစ် အားနည်းပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအမှန်တကယ်လိုအပ်နေသည့် အာဖရိကနိုင်ငံများကို ဥရောပမှ ဘဏ္ဍာရေးထောက်ပံ့ပေးမည်ဟု အီးယူက ထုတ်ပြန်ခဲ့သည်။

ကာကွယ်ဆေးကို အာနိသင်မပြတ်ထိန်းသိမ်းနည်း၊ ကာကွယ်ဆေးထိုးနိုင်ရေး မှတ်ပုံတင်သွင်းမှုနှင့် ဆေးဘက်ဆိုင်ရာလေ့ကျင့်ပေးမှုများကိုလည်း ကူညီပေးမည်ဟု သိရသည်။

တစ်ကမ္ဘာလုံးရှိ လူသားများအားလုံး လုံခြုံစိတ်ချရမှု မရှိသေးသရွေ့ ကပ်ရောဂါ အဆုံးသတ်ဦးမည်မဟုတ်ဟု ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်သော သတင်းအချက်အလက်များအရ ကမ္ဘာအနှံ့ အပြိုင်အဆိုင် ထုတ်လုပ်နေသည့် ကာကွယ်ဆေးပေါင်း ၂၅၁ မျိုးရှိပြီး ၎င်းတို့ထဲမှ ၇၀ ခန့်မှာ လူသားတွင် စမ်းသပ်မှုပြုလုပ်နေကြပြီဖြစ်သည်။

ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ကြသည့် နိုင်ငံများထဲတွင် ဂျာမနီ၊ ပြင်သစ်၊ ရုရှားနှင့် ဗြိတိန်နိုင်ငံတို့ ပါဝင်သည်။

ဆင်ဟွာ

# အမေရိကန်တွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းမှာ ဆောင်းမုန်တိုင်းကြောင့် အဟန့်အတားဖြစ်

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၀

အမေရိကန်ပြည်ထောင်စုရှိ နေရာအတော်များများတွင် ဆောင်းတွင်းမုန်တိုင်းများ ဝင်ရောက်နေသည့်အတွက် ခဲတ်အားပြတ်တောက်မှုဖြစ်ပေါ်ကာ ပြည်နယ်အားလုံးနီးပါးသို့ ကာကွယ်ဆေးပေးပို့မှုတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အမေရိကန်အစိုးရ၏ ကာကွယ်ဆေးဖြန့်ဖြူးပေးရေး မိတ်ဖက်အဖွဲ့အစည်းများတွင် အလုပ်သမားများ နှင်းမုန်တိုင်းကြောင့် အလုပ်မသွားနိုင်မှု၊ ထုပ်ပိုးရာတွင် ကြန့်ကြာမှုနှင့် ကာကွယ်ဆေးတင်ပို့ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်ဟု အိမ်ဖြူတော်မှ ကိုဗစ်-၁၉ တုံ့ပြန်ရေးအဆင့်မြင့် အကြံပေးတစ်ဦးဖြစ်သူ အန်ဒီဆလာဗစ်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ကာကွယ်ဆေးထိုးနှံပေးမည့်နေရာများသို့ ကာကွယ်ဆေး ခြောက်သန်း ဖြန့်ဖြူးပေးနိုင်ရေး ကျန်ရှိနေသည်ဟု အိမ်ဖြူတော်က ပြောသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရာ နေရာပေါင်း ၂၀၀၀ ကျော်တွင်လည်း ထိခိုက်မှုများရှိနေသည့်အတွက် ကာကွယ်ဆေးထိုးနှံပေးရာတွင် နှေးကွေးမှုများ ပေါ်ပေါက်ရသည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် ကိုဗစ်-၁၉ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် ပြည်နယ်ဖြစ်ပြီး အဆိုပါဒေသသို့ ကာကွယ်ဆေးများပေးပို့ရာတွင် နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ကာကွယ်ဆေးထိုးပေးရန် ချိန်းဆိုထားမှုများကို ဖျက်သိမ်းနေရသည်။ လော့စ်အိန်ဂျလိစ်တွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရက်ချိန်းများကို ရွှေ့ဆိုင်းထားရသည်ဟု သိရသည်။

ဆင်ဟွာ




တက္ကဆက်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့်စင်တာ ဖေဖော်ဝါရီ ၁၉ ရက်က ပိတ်ထားသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေး ကိုဗက်အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံကို ရန်ပုံငွေအဖြစ် ထည့်ဝင်သွားမည်ဟု အမေရိကန်ကြေညာ

*ကေကေစိုး*

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လက်ထက်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် -၁၉ ကာကွယ်ဆေး ဖြန့်ဝေမှုတွင် အမေရိကန်၏ ထည့်ဝင်မှုများပါဝင်လာသည်ကို တွေ့ရသည်။

**လေးဘီလီယံထည့်ဝင်မည်ဟုကတိပြုထား**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်က ငြင်းပယ်ခဲ့သည့် ကိုဗစ် -၁၉ ကာကွယ်ဆေး ဖြန့်ဝေပေးမှုအတွက် ထောက်ပံ့ရေးရန်ပုံငွေတွင် အမေရိကန်က ပြန်လည်ထောက်ပံ့ပေးမည်၊ အမေရိကန် ဒေါ်လာ ၄ ဘီလီယံအထိ ထည့်ဝင်သွားမည်ဟု ကတိပြုလာသည်။ ကမ္ဘာ့အင်အားကြီး ခုနစ်နိုင်ငံနှင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြုလုပ်မည့် အစည်းအဝေးတွင် ကိုဗက်အစီအစဉ်၌ အသုံးပြုရန်အတွက် ကာကွယ်ဆေး မဟာမိတ်အဖွဲ့အစည်းဖြစ်သည့် ဂါဗီအတွက် ကနဦးအမေရိကန်ဒေါ်လာ ၂ ဘီလီယံ ထောက်ပံ့ပေးသွားမည်ဟုအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကကြေညာတော့မည်ဟု အစိုးရအရာရှိတစ်ဦးက ပြောသည်။

**ရှန်းကန်နေရ**

ယခုတစ်ကြိမ်ပြုလုပ်မည့် ဂျီ – ၇ထိပ်သီးအစည်းအဝေးတွင် တခြားသောနိုင်ငံများကာကွယ်ဆေးအတွက် အလှူငွေများ ပိုမိုစိုက်ထုတ်ကူညီပေးသွားရန် ပြုလုပ်သွားမည်ဖြစ်သည်။ နိုင်ငံခြားဆက်ဆံရေးကောင်စီမှ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအစီအစဉ် ညွှန်ကြားရေးမှူးဖြစ်သူ သောမတ်စ်ဘော်လီကီက အဆိုပါ ငွေများသည် ကိုဗက် အစီအစဉ်အတွက် သိသာထင်ရှားစေသည့် ငွေကြေးများဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကိုဗက်အစီအစဉ်သည် လုံလောက်သည့် ရန်ပုံငွေ ရရှိရေးအတွက် ရှန်းကန်နေရသည်။

**နောက်ကျကျန်နေရ**

အစောပိုင်းရရှိထားသည့် ရန်ပုံငွေများသည်ကိုဗက် အစီအစဉ်အတွက်အကူအညီများ ဖြစ်စေလိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မေးစရာရှိသည်မှာ ယခုအချိန်တွင်ဘာဆက်လုပ်ရမလဲဆိုသည့် မေးခွန်းပင်ဖြစ်သည်။ အမေရိကန်သည် ကိုဗက်အစီအစဉ်၌ ပိုမိုရင်းနှီးမြှုပ်နှံလိုပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လိုလာသည့်သဘောတွင်ရှိသည်။

ကိုဗက်အစီအစဉ်သည် ဝင်ငွေနိမ့်ပါးသော နိုင်ငံများ၊ ဝင်ငွေအလယ်အလတ်အဆင့်ရှိသော နိုင်ငံများကို ကာကွယ်ဆေးမျှမျှတတ ဖြန့်ဖြူးပေးနိုင်ရေးပင် ဖြစ်သည်။ ချမ်းသာသည့်နိုင်ငံများက ကာကွယ်ဆေးများအမြောက်အမြားဝယ်ယူခြင်းကြောင့် ဆင်းရဲသည့် နိုင်ငံများမှာ ကာကွယ်ဆေးရယူရာတွင် နောက်ကျကျန်နေရသည်။

**အဆင်မပြေမှုများပေါ်ပေါက်ခဲ့**

နိုင်ငံပေါင်း ၁၉၀ ကျော်က ကိုဗက်အစီအစဉ်တွင် ပါဝင်မည်ဟု သဘောတူထားသော်လည်း အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်ကမူ ကိုဗက် အစီအစဉ်တွင်ပါဝင်ခဲ့ခြင်းမရှိပေ။ သမ္မတဟောင်းထရမ့် လက်ထက်တွင် အမေရိကန်နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးတို့ကြားတွင် အဆင်မပြေမှုများပေါ်ပေါက်ခဲ့သည်။ သို့သော်လည်းယခုအချိန်ထိ ကာကွယ်ဆေး ပို့ဆောင်မှုများကို စတင်ခြင်းမရှိသေးပေ။ ကာကွယ်ဆေးဖြန့်ဝေမှုအတွက် ရန်ပုံငွေရရှိရန်သာ ရှန်းကန်နေရသည်သာမက ကာကွယ်ဆေးရယူရန် ချမ်းသာသည့် နိုင်ငံများက ဆေးထုတ်လုပ်သည့်ကုမ္ပဏီကြီးများနှင့် သဘောတူညီမှုပြုလုပ်ထားရာ ၎င်းတို့နှင့် ပြိုင်ဆိုင်ရန် အတွက်လည်း ရှန်းကန်နေရသည်။




အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် လီယာကောရက်စ်စင်တာတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

> "ဆင်းရဲသည့် နိုင်ငံအချို့ ကာကွယ်ဆေးရယူနိုင်ရေး ရှန်းကန်နေရချိန်တွင် ချမ်းသာသည့် နိုင်ငံများမှာ ကာကွယ်ဆေးသန်းနှင့်ချီ၍ ရယူထားကြသည်။ အနောက်နိုင်ငံထုတ် ကာကွယ်ဆေးများကို အာဖရိကနိုင်ငံများသို့ ကြီးမြင့်သည့် ဈေးနှုန်းများဖြင့် ရောင်းချနေ"

**သဘောတူညီထား**

ယခုနှစ် ပထမနှစ်ဝက် ကာလအတွင်း ကိုဗက် အစီအစဉ်မှ ကာကွယ်ဆေးဖြန့်ဝေမှုများ စတင်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၈ ရက်တွင် Novavax ကုမ္ပဏီနှင့် ကာကွယ်ဆေး ၁ ဒသမ ၁ဘီလီယံရယူရန် ကာကွယ်ဆေး မဟာမိတ်အဖွဲ့အစည်းဖြစ်သည့် ဂါဗီကသဘောတူထားသည်။ ယခင်ကလည်း ဖိုက်ဇာ၊ အက်စ်ထရာဇနီကာနှင့် Johnson & Johnson တို့နှင့် ကာကွယ်ဆေးရရှိရန် သဘောတူညီထားသည်။ ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် မညီမျှမှုကြောင့် ကိုဗစ်– ၁၉ ကပ်ရောဂါကို ရှည်ကြာစေသည်ဟူသော ကျန်းမာရေးကျွမ်းကျင်သူများ၏ သတိပေးမှုပေါ်ထွက်လာပြီးနောက် ယခုလို အိမ်ဖြူတော်မှ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယခုအခါ တွင် ဗီဇပြောင်း ကိုဗစ်–၁၉ ကူးစက်မှုအတွက်ပါ စိုးရိမ်ပူပန်နေရသည်။

**တိုက်တွန်းခဲ့**

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် မညီမျှမှုများ ရှိသည်ဟု ဆိုကာ ရှုတ်ချပြောဆိုခဲ့သည်။ ယခုအချိန်ထိနိုင်ငံပေါင်း ၁၀နိုင်ငံမှာ ကာကွယ်ဆေးကို ၇၅ ရာခိုင်နှုန်းအထိ ရရှိထားသည်။ ဂျီ – ၇ ထိပ်သီးအစည်းအဝေးတွင် ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ်မှာလည်း အဓိကဆွေးနွေးရမည့် အကြောင်းအရာများထဲမှ တစ်ခုဖြစ်လာမည်ဖြစ်သည်။

ယင်းအစည်းအဝေးကိုဗြိတိန်က အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ တံခါးပိတ်ဆွေးနွေးပွဲမစတင်မီ ကမ္ဘာ့ခေါင်းဆောင်များသည် အဆိုပြုချက်များ ပြုလုပ်ထားသည်။ အမေရိကန်နှင့် ဥရောပတို့သည်၎င်းတို့မှာယူထားသည့်အထဲမှ ကာကွယ်ဆေးငါးရာခိုင်နှုန်းကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လှူဒါန်းသွားရန် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က တိုက်တွန်းခဲ့သည်။

**အကူအညီပေးရန် မျှော်လင့်**

ဆင်းရဲသည့် နိုင်ငံအချို့ ကာကွယ်ဆေးရယူနိုင်ရေး ရှန်းကန်နေရချိန်တွင် ချမ်းသာသည့်နိုင်ငံများမှာ ကာကွယ်ဆေးသန်းနှင့်ချီ၍ ရယူထားကြသည်။ အနောက်နိုင်ငံထုတ် ကာကွယ်ဆေးများကို အာဖရိကနိုင်ငံများသို့ ကြီးမြင့်သည့်ဈေးနှုန်းများ ဖြင့်ရောင်းချနေကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝင်ငွေမြင့်မားသည့် နိုင်ငံများတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး ၄ ဒသမ ၆ ဘီလီယံရယူထားပြီး အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံများနှင့် ဝင်ငွေနိမ့်သည့်နိုင်ငံများတွင်မူ ကာကွယ်ဆေး ၂ ဒသမ ၅ဘီလီယံသာရယူနိုင်ကြောင်း ဂျာမနီ ဒုခ်တက္ကသိုလ်ကပြောသည်။ ကာကွယ်ဆေးများ လှူဒါန်းရန်အစီအစဉ်ကို ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ကလည်းထောက်ခံကြောင်း ပြင်သစ်သမ္မတက ပြောသည်။ ကာကွယ်ဆေး ပြန်လည်လှူဒါန်းမည့်အစီအစဉ် အတွက် ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့က ကူညီပေးရန်လည်း မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**တောင်းဆိုသွားမည်**

နိုင်ငံအတွင်း လူအစုလိုက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ မစတင်မီ အခြားသောနိုင်ငံများအတွက် ကာကွယ်ဆေး လှူဒါန်းပေးခြင်း ရှိ မရှိကိုမူ မသိရသေးပေ။

အနာဂတ်တွင် ကိုဗစ် – ၁၉တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ကိုင်သွားကြရန်လည်း ကမ္ဘာ့နိုင်ငံများကို တောင်းဆိုသွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သီးခြားကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ပိုလျှံသည့်ကာကွယ်ဆေးများကို လှူဒါန်းသွားမည်**

ကျွန်ုပ်တို့၏ ပူးပေါင်းစွမ်းအင်များကို အသုံးချကာ ကာကွယ်ဆေး၊ ကုသမှုနှင့် စမ်းသပ်မှုများပြုလုပ်ကာ အနာဂတ်တွင် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တိုက်ဖျက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည်လည်း နိုင်ငံအတွင်းမှ ပိုလျှံနေသည့်ကာကွယ်ဆေးများကို ကိုဗက်အစီအစဉ်မှတစ်ဆင့် ပြန်လည်လှူဒါန်းသွားမည်ဟု ပြောကြားခဲ့သည်။

ထို့ပြင် ရန်ပုံငွေအမေရိကန်ဒေါ်လာသန်း ၇၆၀ ကိုလည်း ခွဲဝေချထားပေးပြီး ဖြစ်သော်လည်း တိကျသည့်အချိန်သတ်မှတ်ချက်တော့ မရှိသေးပေ။ ။

**ကိုးကား – ဝါရှင်တန်ပို့စ်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဆေးရုံအချို့၌ ဆရာဝန်နှင့် သူနာပြုများက ဒေသခံပြည်သူများကို မျက်ကွယ်ပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုဘဲ ပျက်ကွက်လျက်ရှိရာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၈ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ စစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။

# ပြည်တွင်းလေကြောင်းခရီးသွားပြည်သူများအား တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်တွင်း လေကြောင်းခရီးသွားပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ကိုဗစ်–၁၉ ရောဂါ သတ်မှတ်ချက်များအတိုင်း ကျန်းမာရေးစစ်ဆေးခြင်း၊ ထိန်းချုပ်ကြပ်မတ်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ နေ့စဉ်စစ်ဆေးပေးခြင်း၊ ဆေးစစ်ချက် ထောက်ခံချက်ထုတ်ပေးခြင်းနှင့် ကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် လုပ်ငန်းတာဝန်များ လာရောက်ထမ်းဆောင်မှု မရှိတော့သဖြင့် တပ်မတော် ဆေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တပ်နယ်မှ ဆေးအဖွဲ့က ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ခရီးသွားရောက်မည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၅၀ တို့ကို ထားဝယ်တပ်နယ်မှ ဆေးအဖွဲ့က နယ်မြေခံတပ်နယ် ခန်းမ၌ COVID–19 Antigen Rapid Diag–nostic Test(RDT) ဖြင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်ပေးပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင် ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၂၀-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၆၀၄၅၇၆ | ၁၈၈၀၃၈၅၇ | ၅၀၇၇၅၆ |
| ၂။ | အိန္ဒိယ | ၁၀၉၈၂၆၀၉ | ၁၀၆၈၂၇၅၅ | ၁၅၆၂၆၈ |
| ၃။ | ဘရာဇီး | ၁၀၀၈၁၆၉၃ | ၉၀၂၉၁၅၉ | ၂၄၄၉၅၅ |
| ၄။ | ရုရှား | ၄၁၅၁၉၈၄ | ၃၆၉၇၄၃၃ | ၈၂၈၇၆ |
| ၅။ | ဗြိတိန် | ၄၀၉၅၂၆၉ | ၂၃၃၁၀၀၁ | ၁၁၉၉၂၀ |
| ၆။ | ပြင်သစ် | ၃၅၆၀၇၆၄ | ၂၄၇၁၂၇ | ၈၃၉၆၄ |
| ၇။ | စပိန် | ၃၁၃၃၁၂၂ | ၂၄၇၁၅၈၉ | ၆၇၁၀၁ |
| ၈။ | အီတလီ | ၂၇၈၀၈၈၂ | ၂၃၀၃၁၉၉ | ၉၅၂၃၅ |
| ၉။ | တူရကီ | ၂၆၂၄၀၁၉ | ၂၅၁၁၅၄၈ | ၂၇၉၀၃ |
| ၁၀။ | ဂျာမနီ | ၂၃၈၁၂၅၉ | ၂၁၈၅၁၀၀ | ၆၈၁၁၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၇၁၃၅၃ | ၁၀၇၈၈၄၀ | ၃၄၃၁၆ |
| ဖိလစ်ပိုင် | ၅၅၉၂၈၈ | ၅၁၃၁၂၀ | ၁၂၀၆၈ |
| မလေးရှား | ၂၈၀၂၇၂ | ၂၄၄၇၅၃ | ၁၀၅၁ |
| မြန်မာ | ၁၄၁၇၃၅ | ၁၃၁၂၄၉ | ၃၁၉၆ |
| စင်ကာပူ | ၅၉၈၅၈ | ၅၉၆၉၇ | ၂၉ |
| ထိုင်း | ၂၅၃၂၃ | ၂၄၁၂၉ | ၈၃ |
| ဗီယက်နမ် | ၂၃၆၈ | ၁၆၂၇ | ၃၅ |
| ကမ္ဘောဒီးယား | ၄၈၄ | ၄၇၀ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၄၄ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |

# လက်ပံတန်းမြို့နယ်ရှိ ရဲမှုထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်



နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လက်ပံတန်းမြို့ မြို့နယ်ရဲစခန်း၌ စေတနာရှင်အလှူရှင်များက ကြက်ဥ၊ ခေါက်ဆွဲ၊ သောက်ရေသန့်များနှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရှန်းရင်းဆန့်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရှိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာနေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



မြိတ်မြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ်။

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ မောက်မယ်မြို့ရှိအခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)နှင့် အခြေခံပညာအထက်တန်းကျောင်း (မိုင်းယန်း)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ဟင်္သာတမြို့၊ ဖျာပုံမြို့၊ မအူပင်မြို့၊ မြောင်းမြမြို့နှင့် အိမ်မဲမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိအမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ အမ်းမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ကုတ်မြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၊ ကျောက်ကြီးမြို့ သံဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(သံဘို)နှင့် မုံးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(မုံး)တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**


အများသုံး သယ်ယူပို့ဆောင်ရေးယာဉ် အသုံးပြုတဲ့အခါ



#LETSBEATCOVIDTOGETHER

လူထုထပ်တဲ့နေရာတွေကို ဂရုစိုက်ပါ။ ဥပမာ - ဘတ်စ်ကားစီးနင်းတဲ့အခါမျိုးပါ။ ပြည်တွင်းကူးစက်မှုတွေကလဲ တဖြည်းဖြည်း မြင့်မားနေပါတယ်။ လေအေးပေးစက်အသုံးပြုတဲ့ ဘတ်စ်ကားတွေ စီးမယ်ဆိုရင် နှာခေါင်းစည်း၊ Face shield၊ လက်အိတ်စတဲ့ တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်းတွေ ဝတ်ဆင်ဖို့ မမေ့ပါနဲ့။ မိမိရဲ့မျက်နှာကိုလဲ လက်တွေနဲ့ မထိပါနဲ့။ အိမ်ပြန်ရောက်တဲ့အခါမှာလည်း လက်ကို သေချာစွာဆေးကြောပေးပါ။

လူထုအားလုံး ကျန်းမာရေး ကျန်းမာရေးဝန်ထမ်းများကို ကူညီပံ့ပိုးပေး



#LETSBEATCOVIDTOGETHER

တစ်ကမ္ဘာလုံးက COVID-19 နှင့် တိုက်ခိုက်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက ကူးစက်ရောဂါကို ရှေ့တန်းစစ်မျက်နှာမှာ တိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့က COVID-19 ကူးစက်ခံထားရတဲ့ လူနာများနှင့် နေ့စဉ်ထိတွေ့နေရပါတယ်။ လူသားအားလုံးကို ကူညီကာကွယ်ဖို့ ရောဂါကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သူတို့ လက်ခံ ကြုံတွေ့နေရပါတယ်။ ရောဂါကို တိုက်ဖျက်ပြီး လူတိုင်းပြန်ပြီး ကျန်းမာလာစေဖို့ သူတို့အစွမ်းကုန်ကြိုးစားနေကြပါတယ်။ တတ်နိုင်သမျှ ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပံ့ပိုးကြပါစို့။

# ပင်းတယမြို့ရှိ ကျေးဇူးရှင်ကုံလုံကျောင်းဆရာတော်၏ ရုပ်ကလာပ်တော်ထားရှိရာ စဥ္စ္စံကျောင်းတော်အား ပြန်လည်ဖွင့်လှစ်

**ပင်းတယ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ထယ်သွန်းကျေးရွာအနီး ကုံလုံကျောင်းတိုက်ရှိ ကျေးဇူးရှင် ကုံလုံကျောင်းတိုက်ဆရာတော်၏ ရုပ်ကလာပ်တော်ထားရှိရာ စဥ္စ္စံကျောင်းတော်အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ယာယီပိတ်ထားခဲ့ရာမှ ယမန်နေ့က ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။

အခမ်းအနားကို ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်ထားရှိရာ စဥ္စ္စံကျောင်းတော်အနီး ဓမ္မာရုံတွင် ပင့်ဖိတ်၍ ကြွရောက်တော်မူလာကြကုန်သော မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွာငယ်ကျောင်းသစ်ကျောင်း ဆရာတော် အရှင်စန္ဒောဘာသနှင့် ပင့်သံဃာတော် ၁၉ ပါး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့် အဖွဲ့ဝင်များ၊ ကုံလုံစဥ္စ္စံကျောင်း ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချစ်စိန်နှင့် အဖွဲ့ဝင်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြသည်။

ယင်းနောက် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များကို ကန်တော့ကြကာ ဆရာတော် အရှင်စန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက စဥ္စ္စံကျောင်းတော်အား အန္တရာယ်ကင်းပရိတ်တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းသည်။

ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိရာ စဥ္စ္စံကျောင်းတော်နှင့်အတူ ဆရာတော်ပုံတူရုပ်တုတော်ထားရှိရာ သိရိစကြာရတနာကျောင်းတော်၊ မဟာသီရိမင်္ဂလာ မြတ်စွာဘုရားဆင်းတုတော်၊ ပြည်တော်အေးဆုတောင်းပြည့်စေတီတော်၊ မြတ်ရတနာ နဂါးရုံကျောင်းတော်၊ ပြည်တော်ငြိမ်းအေးစေတီတော်တို့အား ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်က ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ပြန်လည်ဖွင့်လှစ်ပြီဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့်အညီ အများပြည်သူများ လာရောက် ဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရွှေပြည်သာမြို့နယ် သမိုင်းဝင်သာစုဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်သာစုဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့တို့ ဦးဆောင်၍ စေတီတော်ရင်ပြင် ဘုရားခုနစ်ဆူ တန်ဆောင်းတော်၌ အဘိဓမ္မာ ၇ ကျမ်း၊ အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဆင်ယင်ကျင်းပလျက်ရှိကြောင်း သိရသည်။

“နှစ်စဉ် ကျင်းပနေကျပူဇော်ပွဲပါ။ အရင်နှစ်တွေကဆို ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့နဲ့ တွဲယှက်ပြီး ကျင်းပနေကျပါ။ အခုတော့ ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးမဖြစ်အောင်၊ ကူးစက်ပြန့်ပွားမှုမရှိအောင် ကျန်းမာရေးညွှန်ကြားချက်နဲ့အညီ ဒီမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်တာကို ဖေဖော်ဝါရီ ၁၆ ရက်ကနေ ၂၄ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပတာဖြစ်ပါတယ်။ ပြည်သူတွေ စေတီတော်မြတ်ကြီးအား လာရောက် ဖူးမြော်ခွင့်ကို ဖေဖော်ဝါရီ ၉ ရက်ကစပြီး မနက် ၈ နာရီကနေ ညနေ ၃ နာရီအထိ အချိန်သတ်မှတ်ပေးပြီး ဖွင့်လှစ်ထားပါတယ်။ ဖူးမြော်သူပြည်သူတွေရဲ့ စာရင်းကိုလည်း အမည်၊ နေရပ်လိပ်စာနဲ့အတူ စာရင်းသွင်း မှတ်တမ်းတင်ထားပါတယ်”ဟု စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။




သာစုဆံတော်ရှင် စေတီတော်မြတ်ကြီးအား ယခင် ရုံးပိတ်ရက် မဟုတ်ဘဲ လာရောက်ဖူးမြော်သူ ၃၀၀ ခန့် ရှိပြီး ယခု ပြန်လည်ဖွင့်လှစ်ချိန်တွင် ရုံးပိတ်ရက်ပင်လျှင် လာရောက်ဖူးမြော်သူ ၁၅၀ ခန့်သာရှိကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ အသင်းသားများက ဆေးရုံတက်ပြည်သူများအတွက် သွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ကျင်းပရာ သွေးလှူရှင် ၂၇၀ ကျော် လာရောက်လှူဒါန်းသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး ဗဟိုဒုတိယဥက္ကဋ္ဌဒေါက်တာအောင်မင်းကျော်သူက အသင်းသားများပါဝင်ကာ သွေးလှူဒါန်းရခြင်းအကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး အတွင်းရေးမှူး ဦးတင်အောင်ဆန်းတို့က သွေးလှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တပ်မှူးဗိုလ်မှူးချုပ် လှအောင်က ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး ဗဟို အနေဖြင့် ဆေးရုံတက်ပြည်သူများအတွက် လိုအပ်သောသွေးများ လာရောက်လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သွေးလှူရှင်များ၏ သွေးဖောက်လှူဒါန်းနေမှုများကို ကြည့်ရှုအားပေးစကား ပြောကြားကာ အာဟာရအားပြည့်အစားအစာများ ဝေငှပေးသည်။

ယနေ့သွေးလှူဒါန်းပွဲကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး ဗဟို ဒုတိယဥက္ကဋ္ဌဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ YMBA အသင်းသားများ ပါဝင်ကာ အင်အား ၂၇၀ ကျော်က သွေးလှူဒါန်းကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

# နမ္မတူမြို့နယ်ရှိ နေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

**နမ္မတူ ဖေဖော်ဝါရီ ၂၀**

နမ္မတူမြို့နယ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှစတင်ကာ နမ္မတူမြို့နယ် ပန်ချင်ကျေးရွာအုပ်စု ညောင်ဆွယ်ကျေးရွာနှင့် လွယ်ပြေးကျေးရွာအုပ်စု မန်ဝါကျေးရွာ အနီးတစ်ဝိုက်တွင် TNLA အဖွဲ့၊ SSPP/SSA ပူးပေါင်းအဖွဲ့နှင့် RCSS/SSA အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် လာရောက်ခိုလှုံလျက်ရှိသော နေရပ်စွန့်ခွာသူများအား မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က နမ္မတူမြို့နယ် ပုဗ္ဗာရုံ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှတာဝန်ခံ ဒေါ်မြတ်သူနှင်းနှင့် တာဝန်ရှိသူများက နမ္မတူမြို့နယ် ပုဗ္ဗာရုံ ဘုန်းတော်ကြီးကျောင်းနှင့် မန်စံကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့ရှိ နမ့်တောင်ကုန်း ကျေးရွာအုပ်စု နမ့်တောင်ကုန်း၊ နားကျဲ၊ နားကျိုင်းကျေးရွာ၊ ပန်ချင်ကျေးရွာအုပ်စု ပိန်းလုံ၊ ကွန်းကျောင်း ကျေးရွာနှင့် လွယ်ပြေးကျေးရွာအုပ်စု မန်ဝါကျေးရွာတို့မှ နေရပ်စွန့်ခွာလာကြသူ အိမ်ထောင်စု ၁၀၈ စု၊ လူဦးရေ အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၂၂၆ ဦးတို့အတွက် ငွေကျပ် ၇၃၂၉၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၅ အိတ်၊ ၁၀ ပြည်၊ ခြောက်ဘူးကို နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။



လူမော် (ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ ဒုတိယအကြိမ်မြောက် ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ပေး

**ဘီးလင်း ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အလူးအလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ဖေဖော်ဝါရီ ၁၈ ရက်က ဒုတိယအကြိမ်မြောက် ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးတို့အား ငွေကျပ်သိန်းပေါင်း ၃၁၈ သိန်းကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအန္တရာယ်ကင်းရှင်းစေရန် ကျန်းမာရေးအသိပညာပေး လမ်းညွှန်မှုများနှင့်အညီ အသင်းသားများ၏ အိမ်တိုင်ရာရောက် သွားရောက်ထုတ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၁ကျော်ဖုံးမှ

အဆိုပါပိတ်ဆို့ခံရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကူညီရန် အင်အားဖြည့် သွားရောက်ခဲ့သည့် လှုပ်ရှားလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းများမရောက်ရှိနိုင်ရေးကိုလည်း ကမ်းနားလမ်းတစ်လျှောက် ရန်လိုသူအင်အား ၁၀၀၀ ခန့်မှ အတားအဆီးမျိုးစုံဖြင့် လမ်းမများပေါ်၌ ပိတ်ဆို့ခြင်း၊ လူနေအိမ်နှင့် လမ်းများအကြားမှ ခဲများ၊ လေးခွများ၊ ဂျင်ကလိအပါအဝင် မိုန်းများဖြင့်လည်း ပစ်ခတ်ခြင်းတို့ကြောင့် တပ်မတော်သား ၃ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၈ ဦး၊ စုစုပေါင်း ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ယာဉ်တန်းပါ မော်တော်ယာဉ် ၅ စီး ထိခိုက်ပျက်စီးခဲ့သည်။

သို့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ စိတ်ရှည်သည်းခံစွာဖြင့် ပိတ်ဆို့ခံနေရသည့် မိမိတပ်ဖွဲ့ဝင်များထံသို့ အဆင့်ဆင့် ပိတ်ဆို့တားဆီးမှုများအပေါ် ဥပဒေနှင့်အညီ အဆင့်ဆင့် ရှင်းလင်းခြင်း၊ လူစုခွဲခြင်းဆောင်ရွက်ခဲ့ရာ ညနေပိုင်းတွင် ရန်လိုဆူပူအကြမ်းဖက်သူများ လူစုကွဲခဲ့ပြီး ရည်မှန်းချက်သို့ ရောက်ရှိခဲ့သည်။ ရန်လိုဆောင်ရွက်ကြသည့် ဦးဆောင်သူအချို့ကိုလည်း ဖမ်းဆီးရရှိထားပြီး ဥပဒေနှင့်အညီ




ဂေါဝန်ဆိပ်ကမ်းအနီး တည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ရေယာဉ်များ မထွက်ခွာနိုင်ရေး ဆန္ဒပြနေမှုအား တွေ့မြင်ရစဉ်။



အကြမ်းဖက်လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဂျင်ကလိ၊ လေးခွ၊ မိုန်းနှင့် တုတ်၊ ဓားများကို တွေ့ရစဉ်။

ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရန်လိုအပြုအမူများကြောင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ရာ ရန်လိုအကြမ်းဖက်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၈ ရက်နေ့ မန္တလေးတိုင်းဒေသကြီး၊ ၇၈ x ၇၉ လမ်းကြား၊ ၃၄ လမ်းအနီးရှိ မီးရထားသံလမ်းများပေါ်တွင် ဆန္ဒပြသူများက အတားအဆီးများဖြင့် ပိတ်ဆို့ခဲ့သည့် ဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုကဲ့သို့ပင် ဥပဒေနှင့်အညီအဆင့်ဆင့် ရှင်းလင်းခဲ့ရကြောင်းနှင့် ယခုဖြစ်စဉ်သည် လူစုလူဝေး အများအပြားဖြင့် ဒုတိယအကြိမ် ဆူပူအုံကြွ အကြမ်းဖက်မှုဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေပြည်တော်၊ ဒက္ခိဏခရိုင်၊ သပြေကုန်းလမ်းဆုံအနီး ဖေဖော်ဝါရီ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ အမျိုးသမီးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ ဆူပူဆန္ဒပြသူများသည် ဝန်ထမ်းများ ရုံးမတက်နိုင်စေရန် ရည်ရွယ်၍ အချက်အချာကျသည့် သပြေကုန်းလမ်းဆုံအဝိုင်းတွင် ပိတ်ဆို့ရန် ဆောင်ရွက်လာသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးရယူပြီး ရုံးတက်/ ရုံးဆင်း ယာဉ်များအား ချောမွေ့စွာသွားလာနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဆူပူဆန္ဒပြသူများသည် နံနက် ၆ နာရီခန့်မှစတင်၍ သပြေကုန်းအဝိုင်းသို့ စုဝေးရောက်ရှိခဲ့ပြီး တဖြည်းဖြည်း များပြားလာကာ ဝန်ထမ်းကြို/ ပို့ယာဉ်များ အပါအဝင် အများပြည်သူတို့၏ ယာဉ်များကိုလည်း သွားလာ၍မရအောင် လမ်းပိတ်ဆို့မှုများ ပြုလုပ်ခဲ့သဖြင့် သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်ပြီး ဖြစ်သဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးဖြစ်သည့်အတွက် လူစုခွဲရန်၊ လူစုမခွဲပါက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၂၇၊ ၁၂၈ တို့အရ ဥပဒေနှင့်အညီ အင်အားသုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာခဲ့ပါသည်။

နံနက် ၀၉၀၀ အချိန်တွင် လူအင်အား ၅၀၀၀ ကျော်ခန့် ဖြစ်ပေါ်လာ၍ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးတို့ပါသော ဖြေလျှော့ရေးအဖွဲ့မှ လူစုလူဝေးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ပြီးဖြစ်၍ လူ ၅ ဦးထက်ပို စုဝေး၍မရပါကြောင်း၊ နေအိမ်သို့ပြန်ကြရန် ဖြေလျှော့ဆွေးနွေးခဲ့သော်လည်း လက်မခံဘဲ လူအုပ်စုထဲမှ လက်ကိုင်ဖုန်း၊ ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့ကြပါသည်။



သေဆုံးသူ မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းအတွင်းမှ ခွဲစိတ်တွေ့ရှိရသော ခဲပုပ်ရောင်သတ္တုအပိုင်းအစ(ဝဲ)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သုံး ခဲယမ်းထိပ်ဖူးတို့ နှိုင်းယှဉ်ထားသည့်ပုံ။

နံနက် ၁၀၀၀ အချိန်တွင် လူအင်အား ၁၀၀၀၀ ခန့်ရှိလာပြီး ဥပဒေနှင့်ဆန့်ကျင်သော ဆန္ဒပြလူအုပ်စုအား လူစုခွဲရန်လုံခြုံရေးရဲတပ်ဖွဲ့က ရေအမြောက်ယာဉ်အသုံးပြု လူစုခွဲခဲ့သော်လည်း လူစုခွဲထွက်ခွာခြင်းမရှိဘဲ ဆက်လက်စုဝေးနေပါသည်။ နေ့လယ် ၁၂၅၀ အချိန်တွင် ဥပဒေနှင့် ဆန့်ကျင်သော လူအုပ်စုအတွင်း ဝင်ရောက်၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဆန္ဒပြနေခဲ့ပါသည်။ နေ့လယ် ၁၃၁၅ အချိန်တွင် အဆိုပါတပ်ဖွဲ့ဝင်အား ပြန်လည်ခေါ်ဆောင်ရန် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လက်နက်မပါ လူ ၃၅ ဦးစုဖွဲ့၍ တုတ်ဒိုင်းများ ကာရံပြီး လူအုပ်စုအတွင်း ဝင်ရောက်ခဲ့စဉ် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးမှ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရှေ့၊ ဘေး ဘယ်ညာတို့မှ သံလုံး၊ မူလီခေါင်း၊ ရေပိုက်ခေါင်း၊ ကျောက်စရစ်ခဲလုံးကြီးများ၊ အုတ်ခဲကျိုးများ၊ တုတ်များ၊ ပုလင်းများဖြင့် ပစ်ခတ်၍ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ကို ထိခိုက်စေလောက်အောင် အကြမ်းဖက်ဆောင်ရွက်မှုများ ပြုလုပ်လာခဲ့ပါသည်။

လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များမှာ ထိခိုက်ဒဏ်ရာရရှိမှု များပြားလာသဖြင့် ဆန္ဒပြရဲတပ်ဖွဲ့ဝင်အား ခေါ်ဆောင်နိုင်ခြင်းမရှိဘဲ မိမိတို့ မူလလုံခြုံရေး ရယူထားသည့်နေရာသို့ ရေအမြောက်ယာဉ်၂စီး ဘေးဘယ်ညာမှ ကာရံပြီး ပြန်လည်ဆုတ်ခွာနေရာယူခဲ့ပါသည်။ ထိုအချိန်တွင် လူအုပ်စုကြီးမှာ အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်တိုက်ပြုလုပ်လာပြီး တပ်ဖွဲ့ဝင်များနောက် ထက်ကြပ်မကွာ လိုက်၍ သံလုံး၊ မူလီခေါင်း၊ ရေပိုက်ခေါင်း၊ ကျောက်စရစ်ခဲလုံးကြီးများ၊ အုတ်ခဲကျိုးများ၊ တုတ်များ၊ ပုလင်းများဖြင့် ပစ်ခတ်ခဲ့ပါသည်။ အဆိုပါအခြေအနေတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ မိမိတို့၏ အသက်အန္တရာယ်နှင့် တပ်ဖွဲ့ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်ရန် အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပါသည်။

အဆိုပါဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၂၈ ဦးဒဏ်ရာရရှိခဲ့ပြီး ရဲတပ်ဖွဲ့ပိုင်ယာဉ်များနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်လူအုပ်စုအတွင်းမှ အမျိုးသမီးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

သေဆုံးသူအမျိုးသမီး မမြသွဲ့သွဲ့ခိုင် ဦးခေါင်း၌ ဒဏ်ရာရသေဆုံးမှုနှင့် ပတ်သက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အခင်းဖြစ်နေ့က လူစုလူဝေးဖြစ်ပေါ်မှု မှတ်တမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူစုခွဲဆောင်ရွက်စဉ် ရိုက်ကူးထားသော မှတ်တမ်းတင်ဗီဒီယိုများကို ပြန်လည်စစ်ဆေးခဲ့ရာ သေဆုံးသူ အမျိုးသမီးသည် ဥပဒေနှင့်ဆန့်ကျင်၍ ဆူပူအကြမ်းဖက်သည့် လူစုလူဝေးတွင် ပါဝင်ပြီး ၎င်းကိုယ်တိုင်ကလည်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များထံသို့ ခဲဖြင့် ပစ်ပေါက်မှုပြုလုပ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။

သေဆုံးသူ မမြသွဲ့သွဲ့ခိုင်အား ၁၉-၂-၂၀၂၁ ရက်နေ့ ရင်ခွဲစစ်ဆေးချက်အရ မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းတွင်တွေ့ရှိသော ပစ္စည်းမှာ အလျား 1 cm ၊ အနံ 0.8 cm အလေးချိန် 4.8 g ရှိသော ခဲပုပ်ရောင်သတ္တုအပိုင်းအစဖြစ်ကြောင်းသိရှိရပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ကိုင်ဆောင်အသုံးပြုနေသည့် အဓိကရုဏ်းနှိမ်နင်းရေးခဲယမ်းများ၊ ချေမှုန်းရေးခဲယမ်းများ၏ ကျည်ထိပ်ဖူးနှင့် ကွာခြားမှုရှိနေပြီး အခြားပြင်ပမှ အသုံးပြုသည့် လက်နက် တစ်စုံတစ်ရာကြောင့် ဒဏ်ရာရရှိသေဆုံးခဲ့ရခြင်း ဖြစ်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁) မြို့မရဲစခန်းမှ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**သတင်းစဉ်**

## မြို့ချောင်း-စိန်ကန့်လန့် ကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ကာ တစ်ဦးသေဆုံး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့ မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်း-စိန်ကန့်လန့်သွား ကားလမ်းတွင် ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသားတစ်ဦး သေဆုံးသည်။

ဖဒိုမြို့ မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်း-စိန်ကန့်လန့်သွားကားလမ်း မိုင်တိုင်အမှတ်(၇၁/၂)နှင့်(၇၁/၃)ကြားတွင် ကင်းရွာကျေးရွာဘက်မှ မြို့ချောင်းကျေးရွာဘက်သို့ ဖဒိုမြို့ ဘိုးပိုက်ဆံ(၄)ရပ်ကွက်နေသူ ယာဉ်မောင်း ရာဂျစ် (၂၉ နှစ်) မောင်းနှင်သည့် ဆိုင်ကယ်သည် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် မော်တော်ယာဉ်နှင့်မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ရာဂျစ်တွင် ဒဏ်ရာများရရှိပြီး ဖဒိုတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် ဆေးရုံ၌ပင် သေဆုံးခဲ့သဖြင့် ယာဉ်မောင်းနှစ်ဦးအားဖဒိုမြို့ရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ဖျာပုံမြို့နယ်၌ ဆန္ဒပြသူများ၏ ခြိမ်းခြောက်ရိုက်နှက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား တပ်မတော်က ဆေးဝါးကုသမှုများ ကူညီဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အမှတ်(၆) ရပ်ကွက်နေ ဆန္ဒပြသူများသည် ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခန့်တွင် ကျေးရွာအတွင်း သံပုံးတီးခြင်း၊ ဆူပူအော်ဟစ်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာနေ ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်သူ ဒေါ်ခင်ဆင့်က ကျန်းမာရေးကောင်းမွန်ခြင်း မရှိသဖြင့် ၎င်း၏နေအိမ်ရှေ့တွင် သံပုံးတီးခြင်းများမပြုလုပ်ရန် တားမြစ်ခဲ့ရာ ဆန္ဒပြသူများက ဆဲဆိုကြိမ်းမောင်းခြင်း၊ ဗိုက်ကို ခြေထောက်ဖြင့်ကန်ခြင်း၊ ရိုက်နှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့အား ပြုလုပ်ခဲ့သောကြောင့် ဒေါ်ခင်ဆင့်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေါ်ခင်ဆင့်သည် ဗိုက်နာကျင်မှုခံစားရသဖြင့် ယနေ့တွင် ဖျာပုံပြည်သူ့ဆေးရုံသို့ သွားရောက်ခဲ့ရာ ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများက CDM ပြုလုပ်ခြင်းကြောင့် ဆေးရုံဖွင့်လှစ်ခြင်း မရှိသဖြင့် ဖျာပုံမြို့ရှိ နယ်မြေခံတပ်ဆေးခန်းသို့ လာရောက်ပြသခဲ့ရာ ဒဏ်ရာပြင်းထန်မှုရှိသဖြင့် ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆန္ဒပြသူများအနေဖြင့် နိုင်ငံအတွင်း ဆူပူမှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော် ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့်အတူ လိုက်ပါမလုပ်ဆောင်သူများအား ဖိအားပေးအကျပ်ကိုင်ခြင်းနှင့် အတင်းအဓမ္မ ခြိမ်းခြောက်ခြင်းများကို ပြုလုပ်လျက်ရှိရာ ယခုကဲ့သို့ ကိုယ်ဝန်သည်ကိုပါ အသက်အန္တရာယ်ဖြစ်စေသည်အထိ ရိုက်နှက်မှုပြုလုပ်ခြင်းသည် လူတစ်ဦးချင်း၏ အခွင့်အရေးကို ထိခိုက်စေပြီး အေးချမ်းစွာ ဆန္ဒဖော်ထုတ်သည့် အသွင်မှ ရန်မူလိုသည့် အပြုအမူရှိသော ဆန္ဒဖော်ထုတ်မှုအသွင်သို့ ပြောင်းလဲလာပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေလျက်ရှိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူများက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက နေ့ညမပျက် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြန်အောင် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြန်အောင်တာမိုင် ၆/၇ နှင့်၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံအနီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ယခုနှစ် မိုးရာသီတွင် ကမ်းပြိုမှုများ ဖြစ်ပေါ်ခဲ့သောနေရာကို မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်အောင်တာမိုင် ၆/၇ နှင့်၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း အလျားပေ ၃၂၀ တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီက ငွေကျပ်သန်း ၁၉၃ ဒသမ ၂၀ ဖြင့် တင်ဒါအောင်မြင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြန်အောင်တာမိုင် ၆/၃ မကျီးစုတာ၊ မြန်အောင်တာမိုင် ၆/၇ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံအနီးနှင့် မြန်အောင်မြို့နယ် ရွှေကျင်ဘုရားလှကျေးရွာတို့တွင် မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဟင်္သာတခရိုင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဝင်းမိုလ် (ပြန်/ဆက်)

# ဇလုံတောင်ဘုရားသွား မြေသားလမ်းပိုင်းတချို့ ကွန်ကရစ်လမ်းခင်း

**ဗန်းမောက် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားဖြစ်သော ဇလုံတောင်တော်ဘုရားသွား မြေသားလမ်းပိုင်း ၁ မိုင်အား ဇန်နဝါရီ ၂၁ ရက်မှစ၍ ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းဆောင်ရွက်နေပြီဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခမိုးကျေးရွာအထွက် မြေသားလမ်းပိုင်းမှစကာ ပဲမနကျေးရွာဟောင်းအထိ အရှည်တစ်မိုင် အကျယ် ၁၈ပေ ထု ၇ လက်မရှိ ကွန်ကရစ်လမ်းပိုင်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၅၁ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်သန်းက ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိပြီး ဗန်းမောက်မြို့မှ ခမိုးကျေးရွာ အထွက်ထိ ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၅၇၁ ဒသမ ၈ သန်းဖြင့်အရှည် ၂ မိုင် ၁ ဖာလုံ အကျယ် ၁၈ ပေ ထု ၇ လက်မကို လည်းကောင်း၊ ၂၀၁၉-၂၀၂၀ နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေကျပ် ၄၇၀ ဒသမ ၉၄ သန်းဖြင့် ဆင်စခန်းမှ ဦးကောစခန်းရေတံခွန်အထိအရှည် ၁ မိုင် ၃ ဖာလုံ အကျယ် ၁၈ပေ ထု ၈ လက်မရှိကွန်ကရစ်လမ်းအဖြစ် ခင်းထားပြီးဖြစ်ပြီး၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄၄ ဒသမ ၁၀ ဖြင့် တောင်တက်လမ်းပိုင်းကို ရေတိုက်စားမှုမရှိစေရန် ကျောက်ရိုးစီအရှည် ၂ မိုင်၊ ကျယ် ၃ ပေ၊ အနက် ၂ ပေရှိ ရေမြောင်းကို ပြုလုပ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မြို့နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

လှိုင်ဘွား(ဗန်းမောက်)




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

# ရမ်းဗြဲမြို့နယ်၌ ပြည်နယ်ရန်ပုံငွေဖြင့် မြေသားရေကန်တူးဖော်

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် မရွတ်ချိန်ကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ရမ်းဗြဲမြို့နယ် တောင်ပေါ်ကျေးရွာတွင် ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ်သန်း ၆၅ ဒသမ ၀ ဖြင့် ပေ ၃၀၀ ၊ ပေ ၁၅၀ ၊ ၁၀ ပေ မြေသားရေကန်တူးဖော်ခြင်းကို တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီးလုပ်ငန်းများ အချိန်မီ ပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို ဆွေးနွေးပြောကြားသည်။

အဆိုပါ မြေသားရေကန်တူးဖော် ပြီးစီးပါက မရွတ်ချိန်ကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာနေ အိမ်ခြေ ၁၉၃ အိမ် လူဦးရေ ၉၅၀၈ ဦးတို့မှာ ရေသိုလှောင်နိုင်မှုပမာဏရေဂါလန် ၂ ဒသမ ၈ သန်းကို ရရှိမည်ဖြစ်ရာ နွေရာသီတွင် ရေရှားပါးမှုကို ကာကွယ်ပြီး နှောင်နှစ်နွေရာသီတွင် ရေလုံလောက်စွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၂ - ၂၀၂၁

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၄၀၀ | ၉၄၈ | ၈၈၇၀၂၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၂၅၂ | ၈၉၂၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃ | ၂၃၇၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁ | ၂၁၅၀၀ |
| TMH | ၂၈၀၀ | ၂၉၀၀ | ၈၄ | ၂၄၃၂၀၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၁၀ | ၃၂၅၀၀ |

ညီညီ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာသမိုင်းစာပေ(၃)

**မောင်ခင်မင် (ဓနုဖြူ)**

**“ရှင်ဒိသာပါမောက္ခက တရုတ်မင်းကို ပြောတယ် ‘မဟာရာဇ်’ တဲ့ မဟာရာဇ်ဆိုတာ မဟာရာဇာ၊ မြတ်သောမင်းကြီးလို့ ခေါ်လိုက်တာလေ။ ခေါ်လိုက်ပြီးတော့ပြောတာက ‘ဤသူရဲ အလုံး၊ သံဃာအလုံး၊ စပါးရှိမှ တည်ကြည်အံ့။ စပါးကား ပြည်စည်းစိမ်အဖြစ်မဟုတ်လား’ တဲ့။ ဆိုလိုတာက စစ်သည်သူရဲတွေ၊ သံဃာတွေကို မြန်မာပြည်ကို လွှတ်လိုက်တာ၊ မြန်မာပြည်မှာ စပါး ရှိမှ သူတို့ရပ်တည်နိုင်မှာပေါ့တဲ့။ စပါးဆိုတာ တိုင်းပြည်ရဲ့အခြေအမြစ်မဟုတ်လား တဲ့”**

“ကျစွာမင်းကြီးက အိမ်ခြေ ၅၀ ရှိတဲ့ ရွာတိုင်းမှာ ကျောက်စာတိုင် တစ်တိုင်စီစိုက်ခိုင်း တယ်ဆိုတော့ ကျောက်စာတိုင်တွေ အများကြီးရှိမှာပေါ့နော် ဆရာ”

“အဲဒီလို ထင်စရာပေါ့။ ဒါပေမဲ့ တွေ့တဲ့ကျောက်စာတိုင်က အားလုံး ၁၁ တိုင်ပဲ တွေ့တယ်လို့ သိရတယ်”

“ဟင်...နည်းနည်းလေးပါလား ဆရာ”

“ပညာရှင်တွေ သုံးသပ်တာကတော့ ကျစွာမင်း နတ်ရွာစံပြီးတဲ့နောက် တက်လာတဲ့ မင်းတွေက အဲဒီ အစီအစဉ်ကိုဆက်ပြီး အကောင်အထည်မဖော်တာ ဖြစ်နိုင်တယ်။ အဲဒီအချိန်မှာ ပုဂံနိုင်ငံတော်ရဲ့ အခြေအနေကလဲ ဆုတ်ယုတ်နေပြီလေ။ တစ်မျိုးတွေးရင်တော့လဲ ကျောက်စာတိုင်တွေ ပျက်စီးသွားတာတို့၊ တိမ်မြုပ်သွားတာတို့လဲ ဖြစ်နိုင်တာပေါ့”

“အေး...ကျော်ကျော် ပြောသလိုပဲ မှတ်သားရပါတယ်။ မြန်မာစာပါမောက္ခဆရာကြီး ဦးဇမောင်ရွေးချယ်တဲ့ ‘ပုဂံကျောက်စာ လက်ရွေးစင်’ စာအုပ်နိဒါန်းမှာ အဲဒီအမိန့်တော်အကြောင်း ရှင်းပြထားတာ ရှိတယ်။ ကျောက်စာကို ခုခေတ်စာလုံးပုံစံအတိုင်း စာလုံးဝိုင်းတွေနဲ့ ဖော်ပြထားတယ်။ လေ့လာကြည့်နိုင်တာပေါ့”

“သမိုင်းပညာရှင် ဆရာကြီးဦးထွန်းအောင်ချိန်ကလဲ သမိုင်းသုတေသန ဂျာနယ်ထဲမှာ အဲဒီ ကျစွာမင်း အမိန့်တော်ပြန်တမ်း ကျောက်စာကို အကျယ်တဝင့် သုတေသနပြုပြီး စာတမ်းတစ်စောင် ရေးထားတာရှိပါတယ်”

“ဟုတ်ကဲ့ပါ။ သမီးတို့ လေ့လာပါ့မယ်”

“ကဲ-အောင်အောင်ရေ၊ မြန်မာသမိုင်း စာပေအဖြစ် လေ့လာသင့်တဲ့ ပုဂံကျောက်စာ၊ နောက်ထပ်ဘာရှိသေးပါလိမ့်”

“နောက်ထပ် မလွဲမသွေ လေ့လာသင့်တဲ့ ကျောက်စာတစ်ခုကတော့ ရှင်ဒိသာပါမောက္ခ ကျောက်စာပဲ”

“ဟုတ်တာပေါ့။ ရှင်ဒိသာပါမောက္ခကျောက်စာဟာ ပုဂံခေတ် ပြည်ပဆက်ဆံရေးကို ဖော်ပြတဲ့ ကျောက်စာလို့ ဆိုနိုင်တယ်”

“ခရီးသွားမှတ်တမ်းလို့လဲ ဆိုနိုင်တာပေါ့။ ရှင်ဒိသာပါမောက္ခဆိုတဲ့ ရဟန်းတော်က တရုတ်ပြည်ကို သွားပြီး တရုတ်မင်းနဲ့ ဆွေးနွေးပြောဆိုပုံကို မှတ်တမ်း တင်ထားတာလေ”

“အဲဒီ...တရုတ်မင်းက ဘယ်သူပါလဲ ဆရာ”

“အဲဒီအချိန်က တန်ခိုးအာဏာ အင်မတန်ကြီးတဲ့ မွန်ဂိုဧကရာဇ်ကူဗလိုင်ခန်ပေါ့ကွယ်”

“သိပါပြီ ဆရာ”

“ကဲ-အောင်အောင်ကပဲ အသေးစိတ် ပြောပြပါလား”

“ပုဂံကျောက်စာ လက်ရွေးစင်စာအုပ်ကိုကြည့်ပြီး ပြောမယ်လေ။ အကြောင်းအရာက ပုဂံတရုတ်ပြေးမင်းလက်ထက် ၆၄၇ ခုနှစ်မှာ တရုတ်တပ်တွေ ကျူးကျော်လာလို့ တရုတ်ပြေးမင်းဟာ ပြည်မြို့အနောက်ဘက်၊ လှည်းကျဆိုတဲ့အရပ်ကို တိမ်းရှောင် နေရတယ်”

“ဩော်၊ ဟုတ်ကဲ့”

“မင်းကြီးက အနန္တပစ္စည်းနဲ့ မဟာဗိုလ်ဆိုတဲ့ အမတ်နှစ်ယောက်ကိုခေါ်ပြီး တရုတ်တွေရဲ့ အခြေအနေ အလားအလာကို သိအောင်လုပ်ဖို့ မိန့်ကြားတယ်။ ဒီအခါမှာ အမတ်နှစ်ယောက်က ဒီကိစ္စနဲ့ ပတ်သက်ပြီး သံတမန်လွှတ်မယ်၊ သဝဏ်လွှာ ပို့မယ်ဆိုရင် ရှင်ဒိသာပါမောက္ခ ရဟန်းတော်က ဆောင်ရွက်နိုင်ပါလိမ့်မယ်လို့ လျှောက်ထားတယ်။ အဲ...ကျောက်စာမှာတော့ သျှင်ဒိသာပြာမုက် လို့ ရေးတာပေါ့။ ‘ပြာမုက်’ ဆိုတာက သက္ကတ စကား ‘ပြမုခ’ ကို မြန်မာမှုပြုထားတာ။ ခုခေတ်အသုံးနဲ့ ဆိုရင်တော့ ‘ပါမောက္ခ’ ဆိုတဲ့ ပါဠိစကားကို သုံးတာပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ရှင်ဒိသာပါမောက္ခကို မင်းကြီးက ဒီကိစ္စဆောင်ရွက်ဖို့ တာဝန်အပ်နှင်းတယ်။ မထေရ်က သစ်ဆိမ့်နဲ့ဟန်လင်းမှာ သီတင်းသုံးနေထိုင်ပြီး တရုတ်မင်းဆီကို သဝဏ်လွှာပို့တယ်။ တရုတ်မင်းကလဲ အဲဒီသဝဏ်လွှာပို့တဲ့ သုခမိန်နဲ့ ဆွေးနွေးဖို့ သဘောတူပြီး သုခမိန်ကို ပင့်ခေါ်တယ်။ မင်းကြီးကလဲ ‘မင်းတို့ကား တမန်ကိုမချုပ်ရာ’ လို့ မှတ်ချက်ချပြီး ရှင်ဒိသာပါမောက္ခကို သံတမန်အဖြစ် စေလွှတ်တာပေါ့။ မင်းတို့မည်သည့် သံတမန်တွေကို မချုပ်နှောင် မနှိပ်စက်ရာဘူးလို့ ဆိုလိုတာပါ”

“ဟုတ်ကဲ့ပါ”

“ဒီနေရာမှာ ‘မင်းတို့ကား တမန်ကိုမချုပ်ရာ’ ဆိုတဲ့ တရုတ်ပြေးမင်းမိန့်ကြားတဲ့ စကားကို တိုက်ရိုက်ဖော်ပြထားတာလေ၊ တန်ဖိုးရှိတာပေါ့”

“ဟုတ်တယ်၊ အောင်အောင် ပြောသလိုပဲ၊ အင်မတန်တန်ဖိုးရှိတာပေါ့။ အဲ...ရဟန်းတော်ကို မင်းကြီးက သံတမန်ခန့်ပြီး သဝဏ်လွှာနဲ့အတူ လွှတ်လိုက်တယ်။ အဲဒီအချိန်မှာ တရုတ်မင်းက ပုဂံကိုချီတက်ဖို့ သုသုတ္တာကီဆိုတဲ့မင်းသားနဲ့ သူ့ရဲ ၂၀၀၀၀ ရယ်၊ ကျောင်း ၇၀ က သံဃာတွေရယ် စေလွှတ်လိုက်လို့ သင်းတွဲကို ရောက်နေကြပြီ။ မိုးသည်းထန်နေလို့ သင်းတွဲမှာ နားနေကြတယ်”

“အသေးစိတ်ဖော်ပြထားတာပဲနော် ဆရာ”

“ဟုတ်တယ်။ ဆရာတော်ရှင်ဒိသာပါမောက္ခရဲ့ ခရီးစဉ်ကို အသေးစိတ်တွေ့ရတယ်။ ဆရာတော် သင်းတွဲကို ရောက်လာတော့ တရုတ်ရဟန်းတွေက ကြိုဆိုပြီး သူတို့ပုဂံကို ဆက်မသွားရအောင် တရုတ်မင်းကို ပြောပေးပါလို့ မိန့်ဆိုကြတယ်။ မထေရ်မြတ်ဟာ ‘ယဆည်’ ဆိုတဲ့ အရပ်မှာဝါဆိုပြီး တန်ဆောင်မုန်းလမှာ ‘တယ်တူ’ ကို ဆက်ကြွတာ ပြာသိုလမှာ ရောက်တယ်။ တယ်တူဆိုတာ ပီကင်းပေါ့။ အခု ဘေဂျင်းပေါ့။ တရုတ်ပြည်မြို့တော်လေ”

“ဟုတ်ကဲ့ပါ ဆရာ”

“အဲဒီမှာ တရုတ်မင်း အဲ...မွန်ဂို ဧကရာဇ် ကူဗလိုင်ခန်နဲ့ ဆွေးနွေးကြတယ်။ နှစ်လို့စွာအမေးအပြုစကားဆိုကြတယ်လို့ ဖော်ပြထားတယ်။ တရုတ်မင်းက သူ့ရဲ ၂၀၀၀၀ နဲ့ သံဃာတော်တွေကို သာသနာပြုဖို့ လွှတ်လိုက်ကြောင်းပြောတယ်”

“ဟုတ်ကဲ့”

“ဒီတော့ ရှင်ဒိသာပါမောက္ခက တရုတ်မင်းကို ပြောတယ် ‘မဟာရာဇ်’ တဲ့။ မဟာရာဇ်ဆိုတာ မဟာရာဇာ၊ မြတ်သောမင်းကြီးလို့ ခေါ်လိုက်တာလေ။ ခေါ်လိုက်ပြီးတော့ပြောတာက ‘ဤသူရဲ အလုံး၊ သံဃာအလုံး၊ စပါးရှိမှ တည်ကြည်အံ့။ စပါးကား ပြည်စည်းစိမ်အဖြစ်မဟုတ်လား’ တဲ့။ ဆိုလိုတာက စစ်သည်သူရဲတွေ၊ သံဃာတွေကို မြန်မာပြည်ကို လွှတ်လိုက်တာ၊ မြန်မာပြည်မှာ စပါး ရှိမှ သူတို့ရပ်တည်နိုင်မှာပေါ့တဲ့။ စပါးဆိုတာ တိုင်းပြည်ရဲ့အခြေအမြစ် မဟုတ်လား’ တဲ့”

“ဩော်၊ မှတ်သားစရာပဲနော်”

“ပြီးတော့မှ ပုဂံမှာ စပါးမစိုက်ရသေးလို့ စားစရာ မလုံလောက်တဲ့အကြောင်း၊ အဲဒီစစ်သည်တွေ၊ သံဃာတွေ စပါးမရှိရင် ထန်းပင်ကိုခုတ်စဉ်းပြီး စားကြရလိမ့်မယ်။ ဒီအခါ ဝမ်းရောဂါဖြစ်ပြီး သေကုန်လိမ့်မယ်။ သံဃာတွေလဲ မြို့ကိုမဝင်ခံဘဲ တောကို ထွက်ပြေးပြီး သေကုန်လိမ့်မယ်လို့ ပြောတယ်။ လက်ရှိအခြေအနေကို ပြောပြတာလေ။ ပြီးတော့မှ မထေရ်က တရုတ်မင်း နားဝင်အောင် ဒီလိုပြောတာ”

“ဟုတ်ကဲ့ပါ”

“ဥယျာဉ်စိုက်သောယောကျ်ားကား ရေသွန်း၍ သစ်ပင်ကိုကြီးစေ၏။ အညွန့်မဆိတ်တကား၊ သစ်ပင်သီးပြီးသောကား အသီးစား၏ တဲ့။ ဒါလဲ မထေရ်မိန့်ကြားတဲ့ တိုက်ရိုက်စကားပဲ”

“တရုတ်ဧကရာဇ် နားဝင်လောက်တဲ့ စကားပဲပေါ့ကွယ်”

“ဟုတ်တယ် ကျော်ကျော်။ တရုတ်မင်းကို ဥယျာဉ်မှူးနဲ့တင်စားပြီး ပြောတာလေ။ ဥယျာဉ်မှူးဆိုတာ သစ်ပင်ကို ရေသွန်းပြီး ကြီးလာအောင် ပြုစုစောင့်ရှောက်မြဲပါတဲ့။ ဥယျာဉ်မှူးဟာ သစ်ပင်အညွန့်တွေကို မဆိတ်မဖဲ့ဘူးတဲ့။ မဖျက်ဆီးဘူးတဲ့။ အသီးသီးလာတဲ့အခါ အသီးကိုစားပါတယ်-တဲ့”

“ကောင်းလိုက်တဲ့စကားပဲ ဆရာ”

“ပြီးတော့မှ အဲဒီတုန်းက ‘တံပြတ်တိပ်’ လို့ ရေးတဲ့ တမ္ဗဒီပလို့ခေါ်တဲ့ပုဂံဟာ တိုင်းပြည်အငယ်ကလေးပါ-တဲ့။ ငယ်ပေမဲ့ သာသနာထွန်းကားလို့ မြတ်တဲ့တိုင်းပြည်ပါတဲ့။ ဒါကြောင့် တမ္ဗဒီပပြည်ကို ရေသွန်းပါအုံးတဲ့။ မင်းကြီးဟာ ဘုရားဆုတောင်းသူဖြစ်တဲ့အတွက် အဖဂေါတမသာသနာကို မပျက်ပါစေနဲ့-တဲ့။ မင်းကြီးအနိုင်ရတဲ့ တိုင်းပြည်တွေများလဲများပါတယ်၊ ကြီးလဲ ကြီးပါတယ်တဲ့။ ပြည်ငယ်ကလေးဖြစ်တဲ့ တမ္ဗဒီပပြည်ကို မင်းကြီးရဲ့ စစ်သည်သူရဲတွေ လွှတ်ချင်ရင် ငါ့အရင် ကောက်ပဲ စိုက်ပါရစေအုံးတဲ့၊ စိုက်ပြီး ကောက်ပဲတွေပေါ်လာမှ ဝင်ပါ-တဲ့”

“ဩော်...သူ့အကျိုး ကိုယ့်အကျိုး မျှပြောတာပေါ့လေ”

“ဟုတ်တယ်။ အဲဒီလိုပြောတော့ တရုတ်မင်းက ‘ဤစကားတွင် ငါ့ဖို့လည်းပါ၏’ လို့ ပြန်ပြောပြီး မထေရ်ကို ‘ပဏ္ဍိတ်’ လို့ခေါ်ပြီးတော့ ပဏ္ဍိတ် ပုဂံကို ပြန်သွားပြီး ထွက်ပြေးနေတဲ့ သူတွေကိုပြန်ခေါ်ပါ။ ကောက်ပဲလဲ စိုက်ပါ။ ပြီးမှ သူ့ကိုအကြောင်းကြားပါလို့ပြောပြီး တပ်တွေပြန်ရုပ်သိမ်းလိုက်တော့ ပြဿနာတွေ ပြီးသွားတာပေါ့။ ပုဂံလဲ တရုတ်ကျူးကျော်မှုရန်က လွတ်မြောက်သွားတာပေါ့ကွယ်”

“ဩော်၊ ကောင်းလိုက်တာ ဆရာ”

“မထေရ်က အခုလိုစွမ်းဆောင်နိုင်ခဲ့လို့ တရုတ်ပြေးမင်းက မထေရ်ကို လယ်၊ ကျွန်၊ နွားတွေ လှူဒါန်းချီးမြှင့်တယ်။ မထေရ်က အားလုံး ရတနာသုံးပါးကို လှူပြီး ဒီကျောက်စာရေးထိုး မှတ်တမ်းတင်ထားတာပေါ့ကွယ်”။ ။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သရုပ်ပြလေ့ကျင့်

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးထွန်းဝင်းနိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့က ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်၌ မီးသတ်သရုပ်ပြ အခမ်းအနားကျင်းပသည်။

ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးက မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များက နယ်မြေခံတပ် လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့ဝင်များက မီးချိတ်၊ မီးကပ် အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေပုံး လက်ဆင့်ကမ်းသယ်ဆောင်၍ မီးငြိမ်းသတ်နည်း၊ DCP မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသန်းလှိုင်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်၊ အိမ်ထောင်သည် ရဲမေများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

လှကျော်(ပြန်/ဆက်)



## ပင်စင်စားများအား ပင်စင်လစာများပုံမှန်အတိုင်းထုတ်ပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန် မြောက်ပိုင်းခရိုင်ရှိ ပင်စင်စားများကို လစဉ်ပုံမှန်အတိုင်း ပင်စင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အင်းစိန်မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

မြောက်ပိုင်းခရိုင်အတွင်း အင်းစိန်မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ထုတ်ယူသော ပင်စင်စား နှစ်သောင်းကျော်ရှိပြီး စမတ်ကတ်၊ ပင်စင်စာအုပ်၊ WavePay နှင့် ပင်စင်စားများ လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်သော နည်းများဖြင့် ထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွက် ၂၁ ရက်တွင် ပုံမှန်အတိုင်း နိုင်ငံ့ပင်စင်စားများကို ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

“ပင်စင်စားတွေကို ပေးနိုင်သမျှ ပေးသွားမှာပါ။ wavemoneyနဲ့ ထုတ်ယူနေတဲ့သူတွေလည်း ပုံမှန်အတိုင်း ထုတ်ယူလို့ရပါတယ်”ဟု အင်းစိန်မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာဦးထက်နိုင်က ပြောသည်။

အင်းစိန်မြောက်ပိုင်းခရိုင်အတွင်း မြန်မာ့စီးပွားရေးဘဏ် ခုနစ်ခုရှိပြီး ထိုဘဏ်များတွင် ပင်စင်ထုတ်ပေးမည်ဖြစ်ပြီး အင်းစိန်မြန်မာ့စီးပွားရေးဘဏ်မှ မြို့ပြပင်စင်စား ၁၂၀၀၀ကျော်နှင့် အခြားပင်စင်စား ၁၂၀၀၀ကျော်ကို ပုံမှန်အတိုင်း ပင်စင်လစာထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သပြေ**





**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီရယူနိုင်ပါတယ်**


### အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

# မုံရွာမြို့ အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တွင် တက်ရောက်ကုသနေသော ပြည်သူများအား ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့်အတူ ကောင်စီအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တွင် တက်ရောက်ကုသနေသော ပြည်သူ ၁၄၀ အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မုံရွာမြို့ အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တွင်တက်ရောက်ကုသနေသော ပြည်သူ ၁၄၀ အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မိမိတို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ လာရောက် ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများကိုလည်း ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုများ စေတနာထား ကြိုးစားဆောင်ရွက်ပေးကြသည့်အတွက် များစွာဂုဏ်ယူကြောင်း ပြောကြားပြီးနောက် တာဝန်ရှိသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အဆိုပါ ဆေးရုံအတွင်း တက်ရောက်ကုသနေသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားများ ပြောကြားပြီး စားသောက်ဖွယ်ရာ မျိုးစုံကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အခြေချစစ်ဗျူဟာအဖွဲ့က ဆောင်ရွက်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို အထောက်အကူပြုစေရန်အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အခြေချစစ်ဗျူဟာအဖွဲ့(လှိုင်းဘွဲ့)က ဦးစီး၍ လှိုင်းဘွဲ့မြို့(ဃ) ရပ်ကွက် ကုန်သည်လမ်းရှိ အောင်ဆန်းခန်းမတွင် လာရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ဆေးကုသမှုများကို အခြေချစစ်ဗျူဟာအဖွဲ့(လှိုင်းဘွဲ့)မှ တပ်နယ်ဆေးမှူး ဦးစီးအဖွဲ့များက ရောဂါဝေဒနာခံစားနေရသော ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ လှိုင်းဘွဲ့မြို့အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မောင်မောင်လေးက ဆေးကုသမှုခံယူနေသည့်ပြည်သူများအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေနည်းပါးချိန်အတွင်း သတ်မှတ်ရေကြောင်းများမှ ကြည့်ရှုမောင်းနှင်ကြရန်လိုအပ်

**မုံရွာ ဖေဖော်ဝါရီ ၂၀**

ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ပြေးဆွဲလျက်ရှိသည့် ကုန်တင်ရေယာဉ်များအနေဖြင့် ရေနည်းကာလအတွင်း ရေကြောင်းပြအမှတ်အသားများ ပြသထားသည့် ရေလမ်းကြောင်းများအတိုင်း စနစ်တကျ မောင်းနှင်ကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်း၏ ပြောကြားချက်များအရ သိရသည်။

မြစ်ရေနည်းပါးချိန်တွင် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများရှိ အချို့ရေလမ်းကြောင်းနေရာများ၌ မြစ်ကြောင်းကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လမ်းခရီးတွင် ရေယာဉ်များသောင်တင်မှုများ ဖြစ်ပေါ်မှု မရှိစေရန်အတွက် ရေစူးသတိပေးချက်များကို ထုတ်ပြန်ပေးထားကြောင်း သိရသည်။

"ရေနည်းကာလကိုတော့ ဒီဇင်ဘာလဆန်းပိုင်းကတည်းက ထုတ်ပြန်ထားပါတယ်။ အခုအခြေအနေမှာ ရေကြောင်းတွေ စကျပ်လာတာဖြစ်တဲ့အတွက် သတိပေးပြောကြားတာဖြစ်တယ်။ မြစ်ကြောင်းက လမ်းကြောင်းမှန်မှန်နဲ့ ကွေးကွေးလေးဆိုရင်တော့ ရေကြောင်းမပျက်စီးဘူး။ နွေရာသီ မြစ်ရေနည်းပါးချိန်ဆိုရင် မော်လိုက်မြို့နယ် အောက်ဘက်ရိုးလာရေလမ်းကြောင်း အမြဲတမ်းလိုပဲ ရေကြောင်းကျပ်ပါတယ်။ နောက်တစ်ခုက ဟုမ္မလင်းမြို့ အောက်ဘက်ခြမ်းက ကက်သာဆင်းရေကြောင်းလည်း ကျပ်ပါတယ်။ ရေကြောင်း ကျဉ်းလာရင် ပိုပြီးပျက်စီးတယ်။ ရေကြောင်း ကျပ်တဲ့နေရာတွေမှာ ရေကြောင်းပြ အမှတ်အသားတွေ ထားရှိပါတယ်။ ဒါကြောင့် သတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းက မောင်းနှင်ကြဖို့လိုပါတယ်" ဟု ဦးကျော်စိုးဝင်းက ပြောသည်။

ရေနည်းကာလတွင် ရေလမ်းကြောင်း အခြေအနေပေါ်မူတည်ပြီး သတ်မှတ်ပေးထားသော ရေစူးကန့်သတ်ချက်များနှင့်အညီ တင်ဆောင် မောင်းနှင်နိုင်ရန် နှစ်စဉ်နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိ ရေနည်းကာလအဖြစ် သတ်မှတ်ပြီး ရေစူး သတ်မှတ်ချက်အဖြစ် ချင်းတွင်းဝမှ မုံရွာအထိ ရေအနက် သုံးပေ၊ မုံရွာမြို့မှ ကလေးဝမြို့အထိ ရေအနက်သုံးပေသုံးလက်မ၊ ကလေးဝမြို့မှ ဟုမ္မလင်းမြို့အထိ ရေအနက် သုံးပေနှင့် ဟုမ္မလင်းမြို့မှ ခန္တီးမြို့အထိ ရေအနက် နှစ်ပေ၊ ခြောက်လက်မ သတ်မှတ်ကာ ထုတ်ပြန်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦးခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ကျောက်စိုင်၊ ကျောက်ပန်းဆွဲတွေနဲ့ သဘာဝလိုဏ်ဂူခရီးစဉ်သစ်

ဆွေဦးဝေ

ခရီးသွားလုပ်ငန်းဆိုတာ နိုင်ငံတကာမှာ နိုင်ငံခြားဝင်ငွေအများအပြား ရှာဖွေပေးနိုင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ နှစ်စဉ်နိုင်ငံ့ဝင်ငွေ ဘီလီယံနဲ့ချီပြီး ရရှိနိုင်တဲ့အတွက် ကမ္ဘာ့နိုင်ငံတွေဟာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ရှာဖွေကြံဆနေကြတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပခရီးသွားတွေ စိတ်ဝင်စားပြီး လာရောက်လည်ပတ်နိုင်တဲ့ ခရီးသွား ခရီးစဉ်သစ်တွေကိုလည်း ရှာဖွေဖော်ထုတ်နေကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ကိုဗစ်အလွန်ကာလမှာ ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွံ့ဖြိုးလာဖို့အတွက် ခရီးစဉ်သစ်တွေကို ဖော်ဆောင်တဲ့အခါ ကယားပြည်နယ်အတွင်းမှာ သဘာဝ လိုဏ်ဂူခရီးစဉ်အဖြစ် ဖားဆောင်းမြို့အနီး မယ်ထောက်နွန်းလိုဏ်ဂူကို သွားရောက်လေ့လာနိုင်တဲ့ ခရီးစဉ်ကို ဖော်ထုတ်နေပြီဖြစ်ပါတယ်။

### ဖားဆောင်းမြို့မှ လွယ်ကူစွာသွားနိုင်

ဒီသဘာဝ လိုဏ်ဂူဟာ ကယားပြည်နယ် ဖားဆောင်းမြို့နယ် ဖားဆောင်းမြို့အနီး ပါပုကျေးရွာမှ ခရီးမိုင် ၄ မိုင်ခန့် အကွာမှာ တည်ရှိနေတာ ဖြစ်ပါတယ်။ ဖားဆောင်းမြို့မှတစ်ဆင့် လွယ်ကူစွာ သွားရောက်နိုင်တဲ့ ခရီးစဉ်သစ်တစ်ခုဖြစ်ပြီး ကယားပြည်နယ် ခရီးသွားလုပ်ငန်းကော်မတီဝင်တွေ၊ ဖားဆောင်းမြို့နယ် ခရီးသွားလုပ်ငန်းမှတာဝန်ရှိသူတွေ၊ ကယားပြည်နယ် ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတွေဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က မယ်ထောက်နွန်း သဘာဝလိုဏ်ဂူကို ကွင်းဆင်းလေ့လာမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဒီလို ကွင်းဆင်းလေ့လာပြီးတဲ့နောက်မှာ ဒီသဘာဝလိုဏ်ဂူဟာ ခရီးသွားတွေ စိတ်ဝင်စားဖွယ်ရာနေရာတစ်ခု ဖြစ်လာနိုင်သလို ခရီးစဉ်သစ်တစ်ခုအဖြစ် သတ်မှတ်ဖော်ဆောင်နိုင်တဲ့အတွက် ခရီးသွား ဧည့်သည်တွေ လာရောက်လေ့လာနိုင်တဲ့ နေရာတစ်ခုအဖြစ် တည်ရှိနေပြီ ဖြစ်ပါတယ်။ ဧည့်သည်တွေအတွက် ခရီးလမ်းပန်းဆက်သွယ်သွားလာရေးလည်း အဆင်ပြေတာမို့ ဒီနေရာဟာ ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ အထောက် အကူပြု ပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။

ဒီသဘာဝ လိုဏ်ဂူကို ဖားဆောင်းမြို့အနီး ပါပုကျေးရွာကနေပြီး သွားရောက်တဲ့အခါ သဘာဝပတ်ဝန်းကျင်ရဲ့ ဆန်းသစ်တဲ့ သဘာဝအလှတွေကို တွေ့မြင် ခံစားရနိုင်သလို ပုံသဏ္ဌာန်ရော အရောင်ပါ တဖြည်းဖြည်း ပြောင်းလဲသွားတဲ့ တောင်တွေ၊ တောင်တန်းတွေကိုလည်း မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေရဲ့ နေ့စဉ်ဘဝလှုပ်ရှားမှုတွေ၊ သူတို့ရဲ့ လုပ်ကိုင်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း သဘာဝအတိုင်း တွေ့မြင်ခံစားရနိုင်ပါတယ်။

လမ်းခရီးမှာ သဘာဝအတိုင်းမပျက်စီးဘဲ ကျန်ရှိနေသေးတဲ့ သဘာဝပေါက်ပင်တွေ၊ သစ်ပင်ပန်းမန်တွေနဲ့ ကျေးငှက်တိရစ္ဆာန်တွေကိုလည်း မြင်တွေ့ရနိုင်တဲ့အခွင့်အလမ်း ရှိနေပါသေးတယ်။ မယ်ထောက်နွန်း သဘာဝလိုဏ်ဂူဟာ အလျားပေ ၆၀၀ ကျော်ရှည်ပြီး အကျယ်အဝန်းက ပေ ၈၀ ခန့်ရှိ ကြောင်း သိရပါတယ်။ ဒေသခံပြည်သူတွေထဲမှာ အချို့သာ လာရောက် လေ့လာဖူးကြပြီး ခရီးသွားဧည့်သည်တွေ အနည်းငယ်သာ လာရောက်ခဲ့ကြကြောင်း သိရပါတယ်။

မယ်ထောက်နွန်း လိုဏ်ဂူဟာ အတွင်းပိုင်းမှာ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ ကျောက်စက်ပန်းဆွဲတွေဟာ အံ့ဩစရာကောင်းလောက်အောင် မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ အောက်ဘက်ကို တွဲကျသလို ဖြစ်ပေါ်နေတဲ့ ကျောက်စက်ပန်းဆွဲတွေဟာ အတွဲလိုက် လှပစွာဖြစ်ပေါ်နေသလို အချို့ ကျောက်စက်ပန်းဆွဲတွေဟာ ပန်းပုဆရာတစ်ဦး ထုဆစ်ထားတဲ့ ကျောက်ပန်းခက်တွေသဖွယ် ဖြစ်တည်နေတာ ဖြစ်ပါတယ်။

### ကျောက်စိုင်၊ ကျောက်သားတွေ လှပစွာပုံပေါ်နေ

ဒါ့အပြင် ထုထည်ကြီးမားတဲ့ ကျောက်စိုင် ကျောက်သားတွေဟာ ကျောက်ဆစ် ပညာရှင်တစ်ဦးက ပုံဖော်ထားသည့်အလား တည်ရှိဖြစ်ပေါ်နေသလို လှပစွာပုံဖော်ထားသကဲ့သို့ ရှိနေပါတယ်။ အဲဒီကျောက်စိုင်၊ ကျောက်



စက်၊ ကျောက်ပန်းဆွဲတွေ ကနေပြီး စိမ့်ထွက်ရေတွေ ထွက်ရှိ နေသလို အေးစိမ့်တဲ့ လိုဏ်ဂူအတွင်းရဲ့ အေးမြမှုကလည်း ထူးကဲတဲ့ ခံစားမှုကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လှပတဲ့ ဂူမျက်နှာကြက်များကလည်း ကျောက်သား ကျောက်လွှာချပ်တွေ ထပ်ထားသလိုရှိနေပြီး ခရီးသွား ဧည့်သည်တွေ၊ လေ့လာ သုတေသနပြုသူတွေအတွက်တော့ စိတ်ဝင်စားစရာကောင်းတဲ့ မြင်ကွင်းပဲ ဖြစ်ပါတယ်။ လိုဏ်ဂူနံရံတွေမှာ သေးငယ်တဲ့ အစင်းကြောင်းလေးတွေ ဖြစ်ပေါ်နေတာတွေ၊ ချောမွေ့တဲ့ ကျောက်သားမျက်နှာပြင်နဲ့ တည်ရှိနေတဲ့ ကျောက်စိုင်တွေဟာ သုတေသနပညာရှင်တွေအတွက် ဆွဲဆောင်စရာအဖြစ် ဖော်ညွှန်းဖိတ်ခေါ်နေသလို ရှိနေပါတယ်။

ပြည်တွင်း ပြည်ပခရီးသွားတွေအတွက် သာမက သုတေသနပညာရှင်တွေအတွက်ပါ လာရောက်လေ့လာနိုင်တဲ့ လိုဏ်ဂူတစ်ခုဖြစ်ပြီး လိုဏ်ဂူအနီးဝန်းကျင်ဟာလည်း တိတ်ဆိတ်အေးချမ်းနေတာမို့ အပန်းဖြေခရီးစဉ်အဖြစ်လည်း လာရောက်လိုတဲ့ ခရီးသွားတွေအတွက် အဆင်ပြေတဲ့ နေရာသစ်တစ်ခုဖြစ်ပါတယ်။ နယ်မြေဒေသအသစ်ကို လေ့လာစူးစမ်းလိုတဲ့ ခရီးသွားတွေအတွက်သာမက ပြည်တွင်း ပြည်ပခရီးသွား အေဂျင်စီတွေအတွက် ခရီးသွား ခရီးစဉ်သစ်အဖြစ် ထည့်သွင်းရမယ့် နေရာသစ်တစ်ခုလည်း ဖြစ်ပါတယ်။

တကယ်တော့ ဖားဆောင်းမြို့ဟာ ကယားပြည်နယ် ဖားဆောင်းမြို့နယ်အတွင်းမှာ ပါဝင်နေသလို လွိုင်ကော်- ဖားဆောင်း- မော်ချီး၊ မယ်စဲ့- ဖားဆောင်း-လွိုင်ကော် ကားလမ်းမပေါ်မှာ တည်ရှိနေတာကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါတယ်။ ဖားဆောင်းမြို့ဟာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်တဲ့ပြည်သူတွေရှိသလို အခြားစီးပွားရေးလုပ်ငန်းမျိုးစုံကိုလည်း လုပ်ကိုင်ကြသူတွေ ရှိပါတယ်။ ဖားဆောင်းမြို့နယ်အတွင်းမှာ အဓိကထွက်ကုန်အနေနဲ့ ခဲနဲ့သတ္တုဖြစ်တာမို့ သဘာဝသယံဇာတလည်း တူးဖော်ထွက်ရှိတဲ့ နေရာလည်း ဖြစ်ပါတယ်။ ဒီလိုအနေအထားတွေကြောင့် သဘာဝသယံဇာတတွင်းထွက်တွေနဲ့ ပတ်သက်ပြီး လေ့လာသုတေသနပြုလိုတဲ့ နိုင်ငံတကာက ခရီးသွားတွေ၊ သုတေသနပညာရှင် တွေ အတွက် စိတ်ဝင်စားစရာ လာရောက်လိုတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

မယ်ထောက်နွန်းလိုဏ်ဂူ တည်ရှိရာ ဖားဆောင်းမြို့ အနီးဝန်းကျင်မှာတော့ သံလွင်မြစ်ဝှမ်းနဲ့ တောင်ကြား လွင်ပြင်များမှာသာ မြေပြန့်အနေနဲ့ ရှိပြီး ကျန်နေရာအတော်များများကတော့ တောင်ကုန်း တောင်တန်း၊ တောင်စွယ်တွေနဲ့ ချောက်ကမ်းပါးတွေ တည်ရှိနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် သံလွင်မြစ်နဲ့ တောင်ကျချောင်း သုံးချောင်းစီးဆင်းနေတာမို့ ဒီနယ်မြေဟာ ဘူမိဗေဒဆိုင်ရာ ထူးခြားတဲ့ဒေသလည်း ဖြစ်တာကြောင့် သဘာဝရေမြေ တောတောင်တွေကို လွတ်လပ်စွာ လိုက်လံလေ့လာနိုင်တဲ့ အခွင့်အရေးလည်း ခရီးသွားဧည့်သည်တွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။

### သွားရောက်သင့်သော ခရီးစဉ်သစ်တစ်ခု

နောက်ပြီး ဖားဆောင်းမြို့နယ်အတွင်းမှာ အမြင့်ဆုံးတောင်ဖြစ်တဲ့ နတ်တောင်ကလည်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၈၆၀၇ ပေ ရှိတာမို့ ခရီးသွားတွေ သွားရောက်လေ့လာနိုင်တဲ့ တောင်တက် ခရီးစဉ်အဖြစ် ရောက်ရှိ လာမှာ ဖြစ်ပါတယ်။ နတ်တောင်ဟာ မော်ချီးရွာနဲ့ ၇ မိုင်ခန့်အကွာမှာ တည်ရှိနေတာမို့ သွားရောက်တောင်တက် နိုင်ပါတယ်။

တကယ်တော့ သံလွင်မြစ်နဲ့ ပွန်ချောင်းဆုံရာ အရပ်ရဲ့အထက်ဘက်မှာ ကြီးမားတဲ့ကျောက်ဖျာတစ်ချပ် စောင်းလျက်တည်ရှိနေတာကို အစွဲပြုပြီး ဖားဆောင်းလို့ ခေါ်ဝေါ်ခဲ့တာကစလို့ အမည်တွင်ခဲ့တာ ဖြစ်ပါတယ်။ “ဖာ”ဆိုတာ ရှမ်းဘာသာစကားနဲ့ဆိုရင် ကျောက်ဖျာနံရံလို့ အဓိပ္ပာယ်ထွက်ရှိတာဖြစ်ပြီး ဖားဆောင်းမြို့နယ်အတွင်းမှာ ဗမာ၊ ရှမ်း၊ ကယား၊ မွန်၊ ချင်း၊ ရခိုင်နဲ့ကချင်လူမျိုးတွေ နေထိုင်ကြကြောင်း သိရပါတယ်။

မယ်ထောက်နွန်း သဘာဝလိုဏ်ဂူ တည်ရှိရာ ဖားဆောင်းမြို့နယ်ဟာ အရှေ့ဘက်မှာ မယ်စဲ့မြို့နယ်၊ အနောက်ဘက်မှာ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၊ တောင်ဘက်မှာတော့ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ မြောက်ဘက်မှာ ဘော်လခဲမြို့နယ်တို့နဲ့ နယ်နိမိတ်လည်း ဆက်စပ်နေတာမို့ ခရီးသွားတွေအနေနဲ့ ကိုယ်ရဲ့ခရီးစဉ်ကို ဆက်စပ်ပြီး တိုးချဲ့နိုင်တဲ့ အနေအထားလည်း ရှိနေပါတယ်။

ဒီလိုနယ်မြေ အနေအထားတွေကြောင့် မယ်ထောက်နွန်း သဘာဝလိုဏ်ဂူကို ခရီးသွားခရီးစဉ်သစ်အနေနဲ့ သတ်မှတ်ထားပြီးဖြစ်တာမို့ ကိုဗစ်အလွန်ကာလမှာ ခရီးသွားလာမှုတွေ ပြန်လည်ခွင့်ပြုတဲ့အချိန်မှာ ခရီးသွားဧည့်သည်တွေ သွားရောက်လေ့လာသင့်တဲ့ ခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ။

**“လမ်းခရီးမှာ သဘာဝအတိုင်းမပျက်စီးဘဲ ကျန်ရှိနေသေးတဲ့ သဘာဝပေါက်ပင်တွေ၊ သစ်ပင်ပန်းမန်တွေနဲ့ ကျေးငှက်တိရစ္ဆာန်တွေကိုလည်း မြင်တွေ့ရနိုင်တဲ့အခွင့်အလမ်း ရှိနေပါသေးတယ်။ မယ်ထောက်နွန်း သဘာဝလိုဏ်ဂူဟာ အလျားပေ ၆၀၀ ကျော်ရှည်ပြီး အကျယ်အဝန်းက ပေ ၈၀ ခန့်ရှိကြောင်း သိရပါတယ်။ ဒေသခံပြည်သူတွေထဲမှာ အချို့သာ လာရောက်လေ့လာဖူးကြပြီး ခရီးသွားဧည့်သည်တွေ အနည်းငယ်သာ လာရောက်ခဲ့ကြကြောင်း သိရပါတယ်”**

# သထုံမြို့နယ် သိမ်ဆိပ်-လေးကေ မြို့နယ်ချင်းဆက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂၀**

ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွန်ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် သိမ်ဆိပ်-လေးကေ မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ သထုံမြို့နယ် ဝင်းပကျေးရွာအတွင်းရှိ ကတ္တရာလမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ဇန်နဝါရီ နောက်ဆုံးပတ်မှ စတင်ဆောင်ရွက်ရာ လုပ်ငန်း၏ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်ကို ဆက်သွယ်ထားပြီး လမ်း၊ တံတား၊ ရေမြောင်း စသည့်လုပ်ငန်းများကို နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးရာ မူလကတ္တရာလမ်းပေါ်တွင် ထု ကိုးလက်မ ၊ အကျယ် ၁၈ ပေ ရှိ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ယမန်နှစ်က လမ်းအရှည် တစ်မိုင်ကို ထပ်ပိုးကတ္တရာ ခင်းကျင်းပြီးစီးပြီး ယခုထပ်မံ၍ လမ်းအရှည် ၁ မိုင် 1.6 km မှ 3.2 km အထိ 1.6 km 5.49 m လုပ်ငန်း အတိုင်းအတာအတိုင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၂၃ သိန်းကို သုံးစွဲ၍ တင်ဒါအောင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပြီး တာဝန်ခံအင်ဂျင်နီယာဦးကျော်ဇောအေးနှင့် သထုံမြို့နယ် လမ်းဦးစီးအရာရှိ ဒေါ်ဆွေဆွေဦးတို့က ကြီးကြပ်၍ အဆင့်မြှင့်တင် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ မြို့နယ်ချင်းဆက်လမ်းသည် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှ ပရစ်ခိုကျေးရွာအထိ လမ်းအကျယ် ၁၈ ပေ၊ အရှည် မိုင် ၂၀ ခန့် အထိလည်းကောင်း ဘီးလင်းမြို့နယ် လေးကေ ကျေးရွာအထိ လမ်းအကျယ် ၁၂ ပေ ၊ စုစုပေါင်း လမ်းအရှည် ၃၅ မိုင် ၄ ဖာလုံခန့်အထိ လည်းကောင်း အဆင့်ဆင့် ဖောက်လုပ်ပြီးစီးပြီး ဆက်လက်၍ အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်ရာ မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ ကျေးရွာပေါင်း ၅၀ ကျော်ရှိ ကျေးလက်ပြည်သူများ၏ လူမှုဘဝ၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူ ဖြစ်နေသည်ကို တွေ့ရသည်။

ခွန်(ဝင်းပ)



# ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေး အရအသုံးဆိုင်ရာကိစ္စရပ်များနှင့် စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်လေလံဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးအရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်ဆိုင်ရာလေလံကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်ကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ကောင်စီအနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ ယခင်အစိုးရလက်ထက်က လုပ်ငန်းများကိုလည်း ပုံမှန်အတိုင်း အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီရုံး ညွှန်ကြားရေးမှူး ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအရအသုံးဆိုင်ရာများနှင့် စပ်လျဉ်း၍ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် ဥပဒေ၊ ညွှန်ကြားချက်များ၊ စာရင်းစစ်ချုပ်ဥပဒေပါ ညွှန်ကြားချက်များ၊ ဒေသန္တရစီမံကိန်းရေးဆွဲရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်၊ ဦးမျိုးဆွေနှင့် ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်အခွင့်အရေးလိုင်စင်ကိစ္စနှင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၏ အရပ်ရပ်အခွင့်အရေးလိုင်စင်တွင် ပြည်နယ်အတွင်း မြို့နယ်များအလိုက် လိုင်စင်အရပ်ရပ်ခွင့်ပြုပေးမှုအခြေအနေ၊ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေရရှိမှုအခြေအနေနှင့် အသုံးစရိတ်များရေးဆွဲ၍ လုပ်ငန်းဆောင်ရွက်မှုအပိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။




ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးအရအသုံးဆိုင်ရာကိစ္စရပ်များနှင့် စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်လေလံဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးစဉ်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များကို မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိအောင် ခွင့်ပြုဆောင်ရွက်ရေး၊ တရားမဝင်ရောင်းဝယ်မှုများကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆုံးဖြတ်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ သဘာဝအင်းပေါင်ပေါ်တွင် စိုက်ပျိုးနည်းပညာများ ရရှိစေရေး စားဖိုဆောင်သီးနှံ ယှဉ်ပြိုင်စိုက်ပျိုးစေခြင်းများ ဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာရှိ လှာကဒေါင်သဘာဝအင်းပေါင်ပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းပိတ်ထားချိန် ကျောင်းသားများ၊ လူငယ်များကို စားဖိုဆောင်သီးနှံ စိုက်ပျိုးနည်းပညာများ ရရှိရေးနှင့် ရရှိလာသည့် သီးနှံများကို ကျေးရွာအတွင်း လိုအပ်သူများအတွက် ဝေငှစားနိုင်ရေးရည်ရွယ်ကာ စိုက်ပျိုးသည့် ကျောင်းသားလူငယ်များ အရည်အချင်းများနှင့် ကြိုးစားစိုက်ပျိုးနိုင်စေရန် ယှဉ်ပြိုင်စိုက်ပျိုးစေခြင်းများကို ဇန်နဝါရီလမှစတင် စီစဉ်စိုက်ပျိုးရာ သီးနှံများ စတင်ခူးဆွတ်နိုင်ပြီဖြစ်သည်။



အဆိုပါ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ကျေးရွာမှ တာဝန်ရှိသူ ဦးစောကျော်ဇင်မင်းက "ကျေးရွာပိုင်အင်းကြီးစိမ်းလန်းစိုပြည်ဖို့ အဓိကပါ။ နောက်ပြီး ကျေးရွာအုပ်စုအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်တွေ တွင်ကျယ်အောင် စိုက်ပျိုးနိုင်လာအောင် ကျောင်းသားလူငယ်တွေလည်း အားနေချိန်မှာ စိုက်ပျိုးရေး အသိပညာရစေဖို့ပါ။ အင်းပတ်ပတ်လည်မှာ အခြား ဘူးသီး၊ ပဲလင်းမြွေသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြက်ဟင်းခါးသီး၊ ခဝဲသီး၊ ရွှေဖရုံသီး စတဲ့ သီးနှံတွေကို ကြိုတင်စိုက်ပျိုးပြသပေးထားတာလည်းရှိပါတယ်။ စိုက်ပျိုးရေးနည်းပညာကတော့ ဘားအံဒေသခံ နေဝ်ထိဖောင်ကို နည်းပညာဖြန့်ဝေဖို့ အကူအညီ တောင်းထားတာပါ။ စိုက်ပျိုးရေးဦးစီးဌာနကလည်း လာရောက်ကြပ်မတ် ကူညီပေးတာရှိပါတယ်။ ရလာတဲ့ သီးနှံတွေကို ကျေးရွာအတွင်းဝေစားမယ်၊ ပိုရင် ပရဟိတကျောင်းတွေ လှူမယ်" ဟု ပြောသည်။

အဆိုပါ ကျေးရွာသဘာဝအင်းမှာ ဧက ၄၀ ခန့်ရှိပြီး အင်းပေါင်ပတ်လည်တွင် လိုအပ်သည့် ကုန်ကျမှုများကို ကျေးရွာတာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ကျောင်းသားလူငယ်များကို ခဝဲသီး၊ ကြက်ဟင်းခါးသီး၊ သခွားသီး၊ ပဲပုစွန်သီး၊ ပဲတောင့်ရှည်၊ ခရမ်းချဉ်သီး စတဲ့စားဖိုဆောင်သီးနှံများ၊ အုပ်စုလိုက် စိတ်ကြိုက်သီးနှံများ ယှဉ်ပြိုင်စိုက်ပျိုးစေကာ ဆုပေးမည့် အစီအစဉ်များကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

## ငဖဲမြို့နယ်၌ နှမ်းသီးနှံဧက ၁၁၅၀ အတွက် စိုက်ပျိုးနိုင်ရေး ဆည်ရေပေးဝေလျက်ရှိ

**ငဖဲ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ ဆည်ရေသောက်တောင်သူများအနေဖြင့် ယခုနှစ်နွေရာသီတွင် နှမ်းသီးနှံဧက ၁၁၅၀ ကို အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် မန်းချောင်းရေလှောင်တမံဆည်နှင့် ရင်းရှည်ရေလှောင်တမံဆည်တို့မှ ဖေဖော်ဝါရီလအတွင်း ရေစတင်လွှတ်ပေးနေပြီဖြစ်သည်။

ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံဆည်နှင့် ရင်းရှည်ရေလှောင်တမံဆည်တို့မှ ၂၀၂၂ ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန်အတွက် ဆည်ရေလုံလောက်စွာ ပေးဝေနိုင်ခြင်းမရှိသဖြင့် နှမ်းသီးနှံစိုက်ပျိုးနိုင်ရန်အတွက်သာ ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ရင်းရှည်ရေလှောင်တမံဆည်မှ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကွင်းနှစ်ကွင်းရှိ နှမ်းစိုက်ပျိုးရန် ဧက ၁၅၀ ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ ရေပေးဝေခဲ့ပြီး မန်းချောင်းရေလှောင်တမံဆည်မှ လက်ဝဲ/လက်ယာမြောင်းမကြီးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ငါးအုပ်စု၊ ကွင်း ၁၅ ကွင်းရှိ နှမ်းစိုက်ပျိုးရန် ဧက ၁၀၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ဆည်ရေပေးဝေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးထံမှ သိရသည်။

ငဖဲမြို့နယ်အနေဖြင့် နှမ်းသီးနှံကို ယခင်နှစ်က အစိုးရဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်၊ မြေအောက်ရေတို့ဖြင့် ဧက ၁၅၅၀ စိုက်ပျိုးနိုင်ပြီး ယခုနှစ်မှာ မန်းချောင်းရေလှောင်တမံဆည်ရေနှင့် ရင်းရှည်ဆည်ရေတို့ဖြင့် ဧက ၁၁၅၀ စိုက်ပျိုးနိုင်ရန် လျာထားပြီး ဆည်ငယ်၊ ကန်ငယ်၊ မြေအောက်ရေတို့ဖြင့်လည်း နှမ်းများ စိုက်ပျိုးမည်ကြောင်း သိရသည်။

မယု(ငဖဲ)

## တာလေမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ- နားအွန်၌ စာသင်ဆောင်သစ်တည်ဆောက်

**တာလေ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ နားယောင်းကျေးရွာ အုပ်စုအတွင်း အခြေခံပညာ အထက်တန်းကျောင်းခွဲ-နားအွန်၌ စာသင်ဆောင်သစ် တည်ဆောက်ခြင်း လုပ်ငန်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အာစီတစ်ထပ် စာသင်ဆောင်အသစ်တစ်ဆောင်ကို ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ စာသင်ဆောင်အသစ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် စတင်ပန္နက်တင်ပြီး ယခုအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများမှာ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး စာသင်ဆောင် အဆောက်အအုံအသစ်ကို တင်ဒါအောင်သည့် ကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသည်။

အခြေခံပညာ အထက်တန်းကျောင်းခွဲ-နားအွန်၏ စာသင်ဆောင်အဆောက်အအုံသစ် အမျိုးအစားမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ အာစီ တစ်ထပ်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ ဒသမ ၂၀၀ ဖြင့် တည်ဆောက်လျက်ရှိပြီး စာသင်ဆောင် အဆောက်အအုံသစ်ကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးတို့အတွက် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုင်းရိန်ထံမှ သိရသည်။

အောင်ကျော်မိုး (ပြန်/ဆက်)



# ကျေးရွာစာကြည့်တိုက်နှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမည့် အောင်မြေဆည်းဆာရွာ

လူ့အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ကို ပြောပါဟုဆိုလျှင် ယင်းလူ့အဖွဲ့အစည်းတွင် ပါဝင်ပတ်သက်နေကြသည့် လူပုဂ္ဂိုလ်အားလုံး၏ အသိပညာရေချိန်(Knowledge Level) မြင့်မားနေရန်ပင် ဖြစ်သည်ဟု ဆိုရပါမည်။ အသိပညာဗဟုသုတ မြင့်မား တိုးတက်နေမှသာလျှင် ယင်းလူ့အဖွဲ့အစည်းအတွင်း၌ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုး ဟူသမျှကို ဆင်ခြင်တုံတရားဖြင့် ကောင်းစွာ ချင့်ချိန်ဝေဖန် ပိုင်းခြားနိုင်စွမ်းရှိနိုင်ပြီး ကောင်းမွန်သည့် အကျိုးရလဒ်များလည်း ရရှိခံစားနေကြရမည်ဖြစ်သည်။

ထို့ကြောင့် ယနေ့အချိန်၌ လူ့အဖွဲ့အစည်းတိုင်းလိုလိုက မိမိတို့ လူ့အဖွဲ့အစည်းကို အသိပညာအခြေခံသော လူ့အဖွဲ့အစည်း (Brain Based Society) တစ်ခု ဖြစ်ပေါ်လာအောင် တတ်နိုင်သမျှ စီမံကြိုးပမ်း ဆောင်ရွက်လျက်ရှိကြသည်။

အောင်မြေဆည်းဆာကျေးရွာသည် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်စုတွင် တည်ရှိပြီး ဗမာလူမျိုးအများစုနှင့် ရှမ်း၊ အာခါ၊ လားဟူ၊ လွယ် စသော အခြား တိုင်းရင်းသားလူမျိုးများဖြင့် အိမ်ခြေ ၅၀၊ အိမ်ထောင်စု ၄၈ စု၊ လူဦးရေ ၂၅၀ ခန့် စုပေါင်းမှီတင်းနေထိုင်ကြသည့် ကျေးရွာတစ်ရွာဖြစ်သည်။

အဆိုပါကျေးရွာ၏ ထူးခြားချက်မှာ စာပေဝါသနာရှင်များ၊ စာပေကို ချစ်မြတ်နိုးသူများ၊ စာပေကို လေးစားတန်ဖိုးထားသူများ များပြားစွာ ရှိနေခြင်းဖြစ်ပြီး ရပ်မိရပ်ဖမှအစ ကလေးအဆုံး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူကြီးနှင့် ရွာသူရွာသားများသည် စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် စာပေတန်ဖိုးများကို ကောင်းစွာသိရှိနားလည်ကြသူများဖြစ်သည်။

အခြားသော ကျေးရွာများထက် ပို၍ကံကောင်းသည်မှာ အခြေခံပညာ အလယ်တန်းကျောင်းကို ရရှိပိုင်ဆိုင်ထားသည်သာမက လက်ရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသန်းသည် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် ဇာတိသွေးဇာတိမာန် နိုးကြားတက်ကြွစေသည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အဟောအပြောကောင်းသူ စာပေသမားတစ်ဦးလည်း ဖြစ်သည်။

ကျေးရွာ၏ အဓိကအားသာချက်တစ်ရပ်မှာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့ငွေနှင့် ကျေးရွာလူထု၏ ထည့်ဝင်ငွေများဖြင့် သတ်မှတ်စံ(၅)ရပ်နှင့် ပြည့်စုံသော ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ထားရှိနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

အောင်မြေဆည်းဆာကျေးရွာသည် ယခင်က GE ကျေးရွာအဖြစ် လူသိများခဲ့ပြီး ၎င်းတို့၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း မိသားစု အနည်းငယ်မျှနှင့် စတင်နေထိုင်ခဲ့ရာမှ ယခုအခါ ကျေးရွာအုပ်ချုပ်ရေးမှူး စာပေသမားဖြစ်သူ ဦးဌေးလင်းက ကျေးရွာနေလူထုကို စုစည်းတိုင်ပင်ပြီး အောင်မြေဆည်းဆာရွာအဖြစ် ဆောင်ရွက်ခဲ့ကာ လမ်းပန်းဆက်သွယ်ရေး၊ သောက်ရေသုံးရေနှင့် ၂၄ နာရီ လျှပ်စစ်မီး ရရှိနေသည့်အပြင် ဦးအောင်ဇော်ထွန်း ဦးဆောင်သော မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းကိုလည်း အခိုင်အမာဖွဲ့စည်းထားရှိပြီး မိုင်းယောင်းမြို့နေ ပြည်သူများအတွက် လူမှုကူညီစောင့်ရှောက်ရေး လုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ကူညီ လုပ်ဆောင်ပေးလျက်ရှိသည်။

GE မိသားစုမှ အခြေခံခဲ့သည့် အားလျော်စွာ ပန်းရန်လုပ်ငန်း၊ လက်သမားလုပ်ငန်းနှင့် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းများသည် ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ အားကစားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ဘောလုံးကွင်းကိုလည်း မြို့မအားကစားကွင်းအဖြစ် ပြောင်းလဲတိုးချဲ့ပြီး အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်၏ စာပေဖွံ့ဖြိုးတိုးတက်ရေး ဝါသနာတူ ကလပ်အသင်းအဖွဲ့များဖြစ်ကြသည့် Book Club, Youth Club နှင့် Women Club၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မိုင်းယောင်းလူငယ် ဘုံဆွမ်းလောင်းအသင်း စသော လူမှုရေး အသင်းအဖွဲ့များသည် အောင်မြေဆည်းဆာကျေးရွာကို အခြေပြုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကာ မြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သည့် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စာပေဖွံ့ဖြိုးရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် အသိပညာပေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။



စာကြည့်တိုက်တွင် စာအုပ်များ လာရောက်ငှားရမ်းဖတ်ရှုနေကြသည့် ဒေသခံပြည်သူများ။

ယခုအခါ သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီသော ကျေးရွာစာကြည့်တိုက်ကို ဖွင့်လှစ်ထားပြီးဖြစ်သလို စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စာပေစိတ်ဝင်စားသော ကျေးရွာလူငယ်အများစုပါဝင်သည့် စာကြည့်တိုက် ကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ လိုအပ်သည့် စာကြည့်တိုက်ဆိုင်ရာ ပညာရပ်များကို မြို့နယ် ပြည်သူ့စာကြည့်တိုက်မှူး ဒေါ်နန်းပန်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့ကွင်းဆင်းပို့ချမှုများ ဆောင်ရွက်ပေးခဲ့သလို စာအုပ်စာစောင်များ၊ နေ့စဉ်ထုတ်သတင်းစာများကိုလည်း လစဉ်ပုံမှန်လှူဒါန်းသူများ ရှိနေသည်။ ကျေးရွာ၏ ပညာဘဏ်တိုက်ဖြစ်သည့် စာကြည့်တိုက်သို့ ကျေးရွာနေ ပြည်သူများအပြင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများသည်လည်း နေ့စဉ်နှင့်အမျှ လာရောက်အသုံးပြုလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး အရှည်တည်တံ့ဖွံ့ဖြိုးသော နိုင်ငံနှင့်လူမျိုး ဖြစ်စေရေးအတွက် တည်ထောင် ပျိုးထောင်ရာတွင် စာကြည့်တိုက်သည် အရေးကြီးသော ဖွံ့ဖြိုးရေးဆိုင်ရာ လက္ခဏာတစ်ရပ်ဖြစ်သည်။ ထိုနိုင်ငံတွင် အဆင့်မြင့် စာကြည့်တိုက်များ မည်မျှရှိသနည်း၊ ထိုစာကြည့်တိုက်များတွင် စာအုပ်စာတမ်းများကို မည်သို့ ထိန်းသိမ်းကြသနည်း၊ လူထုစာကြည့်တိုက်များ၊ ကျေးလက်စာကြည့်တိုက်များကို အသုံးပြုမှုမှာ မည်သို့သော အခြေအနေရှိသနည်းဆိုသော သုတေသနပြု လေ့လာချက်သည် ထိုနိုင်ငံ၏ အနာဂတ်ကို လေ့လာသုတေသနပြုချက်ပင် ဖြစ်သည်။

စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အနာဂတ်ကို ဖန်တီးပေးနိုင်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၏ အဓိက အခြေခံအကြောင်းတရားမှာ ယင်းနိုင်ငံနေ ပြည်သူများ စာဖတ်ခြင်းကြောင့်ဖြစ်သည်။ စာဖတ်သော လူမျိုးတိုင်းသည် တိုးတက်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ပြယုဂ်သည်လည်း စာကြည့်တိုက်များပင်ဖြစ်သည်။ ယနေ့ တိုးတက်ပြီးဖြစ်သော အနောက်နိုင်ငံများကို ကြည့်မည်ဆိုလျှင် ခမ်းနားထည်ဝါသော စာကြည့်တိုက်များကို တွေ့ရမည်ဖြစ်ပြီး ထိုစာကြည့်တိုက်တွင် ကလေးမှအစ လူကြီးအဆုံး အရွယ်မျိုးစုံသော ပြည်သူများက စာကြည့်တိုက်ကို ကောင်းစွာအသုံးချနေသည်ကို တွေ့ကြရမည်ဖြစ်သည်။ စာပေသည် ထိုနိုင်ငံ၊ ထိုနိုင်ငံသားတို့၏ အနာဂတ်ကို ဖန်တီးနေခြင်းပင်ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု(Highly Qualified Human Resources) အစီအစဉ်များကို အင်နှင့်အားနှင့် ထုထည်ပမာဏကြီးမားစွာ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသကဲ့သို့ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (Regional Human Resource Development) အစီအစဉ်များကိုလည်း နေရာအနှံ့တွင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။

> **“လူငယ်များအနေဖြင့် စာဖတ်တတ်ကြရန်လိုအပ်ပြီး စာဖတ်တတ်မှသာလျှင် စာကောင်းပေကောင်းများကို ရွေးချယ်တတ်မည်ဖြစ်သည်။ လူငယ်များသည် အကောင်းအဆိုး ခွဲခြားသိမြင်၍ အကောင်းတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်မှသာ ပညာဗဟုသုတ အလိမ္မာနှင့် ပြည့်စုံသည်ဟု မှတ်ယူနိုင်မည်ဖြစ်”**

ယနေ့ကာလသည် ပညာခေတ်ဖြစ်သည့်အလျောက် ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန်အတွက် လူငယ်များအနေဖြင့် ထာဝရ ကြိုးပမ်းနေကြရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းရာတွင် လူငယ်များအနေဖြင့် စာဖတ်တတ်ကြရန်လိုအပ်ပြီး စာဖတ်တတ်မှသာလျှင် စာကောင်းပေကောင်းများကို ရွေးချယ်တတ်မည်ဖြစ်သည်။ လူငယ်များသည် အကောင်းအဆိုး ခွဲခြားသိမြင်၍ အကောင်းတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်မှသာ ပညာဗဟုသုတ အလိမ္မာနှင့် ပြည့်စုံသည်ဟု မှတ်ယူနိုင်မည်ဖြစ်သည်။

"အလိမ္မာ စာမှာရှိ"ဟု ဆိုရိုးစကား ရှိသော်ငြားလည်း စာထဲ၌ရှိသော အလိမ္မာကို ယနေ့လူငယ်များ ထုတ်မယူတတ်လျှင် အချည်းနှီးပင်ဖြစ်သည်။ စာအုပ်စာပေကောင်းများသည် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အကျင့်စာရိတ္တမြင့်မားရေး၊ ကိုယ်ရည်ကိုယ်သွေး ထက်မြက်ရေးနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထားတတ်စေရေး စသည့် မှန်ကန်သော အတွေးအခေါ် အယူအဆများကို ဖြစ်ထွန်းလာစေပါသည်။

အချုပ်အားဖြင့် စာပေသမားများ စုစည်းနေထိုင်သော၊ စာပေသမားများ မွေ့ပျော်နေသော အောင်မြေဆည်းဆာကျေးရွာသည် အနာဂတ်အလင်းရောင် စာကြည့်တိုက်နှင့်အတူ အောင်မြေ၏ ဆည်းဆာအလှများနှင့် ပြည့်နှက်နေမည်သာ။ မိုင်းယောင်းမြို့၏ ဘက်စုံတိုးတက်သော စံပြကျေးရွာတစ်ရွာအဖြစ် ဖွံ့ဖြိုးဝေစည်လာမည် မျှော်လင့်ရင်း မိမိတို့နိုင်ငံ၏အနာဂတ် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်များ စာဖတ်မှသာလျှင် တိုင်းပြည်အနာဂတ်ကောင်းလာမည်မှာ မလွဲကေန်ဖြစ်သည်ဟု ယုံကြည်နေမိတော့သည်။ ။

**သတင်းဆောင်းပါး - စိုင်းအောင်ဇော်လင်း**

## မယ်စဲ့မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာတည်ဆောက်လျက်ရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်လျက်ရှိသည်။

မယ်စဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၈၂ ဒသမ ၆၅၆ သန်းဖြင့် အလျား ၅၁ ပေ၊ အနံ ၂၉ ပေ၊ အမြင့် ၂၄ ပေရှိ အာရ်စီ နှစ်ထပ် ဝန်ထမ်းအိမ်ရာကို တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်ရှိ ပိုးမွှားထိန်းချုပ်ရေးစခန်းဝင်း အတွင်း၌ တင်ဒါအောင်သည့်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးနေခြင်းဖြစ်ကာ လက်ရှိအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုများမှာ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းထံမှ သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် စီးပွားချောင်ကျေးရွာအုပ်စု ငှက်ဥကွင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်၌ ပွတ်တံတားငါးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီမှ တာဝန်ရှိသူများအား လုပ်ငန်းနှင့်ပတ်သက်သော လိုအပ်ချက်များကို မြို့နယ်ဦးစီးမှူးက အကြံပြုမှာကြားခဲ့သည်။

လက်ရှိအချိန်တွင် ငှက်ဥကွင်းကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော ပွတ်တံတား တည်ဆောက်ခြင်း လုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ပွတ်တံတားသည် အရှည် ၁၈ ပေ၊ အကျယ် ၄ ပေ ၉ လက်မရှိကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၇ ဒသမ ၂ သန်းဖြင့် ရွှေမော်ဝန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ ငှက်ဥကွင်းကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ပွတ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပါက လယ်ဧက ၁၈၀၀ ကျော်သို့ ရေသွင်းရေထုတ်ပြုလုပ်ရာတွင် အဆင်ပြေ လွယ်ကူစေမည့်အပြင် လယ်ယာထွက်ကုန်များကို မြို့ပြဈေးကွက်များသို့ သယ်ယူပို့ဆောင် ရောင်းချရာတွင် လွယ်ကူချောမွေ့လာစေမည်ဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**



## သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်းမှ ရေနည်းလိုသီးနှံ စိုက်ခင်းများတွင် သီးညပ်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များထောက်ပံ့ပေးရန် စီစဉ်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း တည်ရှိသော သဖန်းဆိပ်ဆည်၏ ဆည်ရေသောက်ဧရိယာအတွင်း နွေသီးနှံ ဧက ၇၀၀၀၀ ကို စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ရာ ၎င်းသီးနှံများကြားတွင် သီးညပ်သီးနှံများအဖြစ် နေကြာနှင့် မိုးကြိုချည်မျှင်ရှည်ဝါ သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များ ထောက်ပံ့ပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

"သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း အခုနှစ် နွေသီးနှံစိုက်ပျိုးချိန်မှာတော့ ဧက ၇၀၀၀၀ ကို ရေပေးဝေနိုင်မှာဖြစ်တဲ့အတွက် နွေသီးနှံအဖြစ် မိုးကြိုပဲတီစိမ်း၊ မတ်ပဲနဲ့ နှမ်းသီးနှံတွေကို စိုက်မှာဖြစ်ပါတယ်။ ဝင်ငွေပိုမိုရရှိစေဖို့ အဲဒီလိုစိုက်တဲ့ သီးနှံတွေကြားထဲမှာ သီးညပ်တွေအဖြစ် မိုးကြိုချည်မျှင်ရှည်ဝါနဲ့ နေကြာလို သီးနှံမျိုးတွေကို ထည့်သွင်းစိုက်ပျိုးနိုင်ဖို့ စီစဉ်နေတယ်၊ နောက်တောင်သူတွေက သီးညပ်အဖြစ်စိုက်လိုတဲ့ အခြားသီးနှံမျိုးရှိရင်လည်း စိုက်ပျိုးနိုင်ဖို့ စီစဉ်နေတယ်။ သဖန်းဆိပ်ဆည်ရေသောက် စနစ်ထဲမှာ အခုလိုပုံစံမျိုး တစ်ခါမှ မစိုက်သေးဘူး၊ အခု ပုံစံအသစ်အနေနဲ့ စိုက်ပျိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်၊ လောလောဆယ်မှာ သီးညပ်စိုက်ပျိုးမယ့် တောင်သူတွေ စာရင်းကောက်တာတွေလည်း လုပ်ဆောင်နေပါပြီ" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောကြားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်း နွေသီးနှံများအဖြစ် ရွှေဘိုမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်း ဧက ဖ၀၀၀ ကိုလည်းကောင်း၊ ခင်ဦးမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်း ဧက ၁၄၀၀၀ ကိုလည်းကောင်း၊ ရေဦးမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်း ဧက ၁၁၀၀၀ ကိုလည်းကောင်း၊ ဒီပဲယင်းမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်း၊ မတ်ပဲနှင့် နွေနှမ်း ဧက ၂၄၀၀၀ ကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်း ဧက ၁၅၀၀၀ ကိုလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## မိုင်းရှူးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းများဆောင်ရွက်

**မိုင်းရှူး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်အတွင်းရှိ ခိုစုံကျေးရွာနှင့် ဖာယကျေးရွာတို့၌ သောက်သုံးရေဖူလုံစေရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် အဝီစိစက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကျေးရွာအတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ခိုစုံကျေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် အရှည်ပေ ၄၀၀၀ ရှိ (အမြင့်တင်)စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖာယကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အရှည်ပေ ၆၀၀၀ ရှိရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၆ ဒသမ ၁၁၄ သန်းဖြင့် တင်ဒါအောင်မြင်သော M.T.D.H ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်၍ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအချိန်တွင် ကျေးရွာနှစ်ရွာလုံး၌ ရေရရှိရေးလုပ်ငန်းများကို ၉၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေပေါင်း ၁၄၀ ခန့်မှ လူဦးရေ ၈၀၀ နီးပါးတို့အတွက် သောက်သုံးရေ လုံလောက်စွာရရှိစေရန် အကျိုးပြုမည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းဦးက ပြောကြားသည်။ **ငြိမ်းသူ**

## သပိတ်ကျင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကမ္ဘာအေး(ကွက်သစ်)ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းခွင်ကို ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇေယျာညီနှင့် လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်မာစန်းတို့က ဖေဖော်ဝါရီ ၂၀ ရက်က သွားရောက်စစ်ဆေးသည်။

ခရိုင်ဦးစီးမှူးအား သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တာဝန်ယူဆောင်ရွက်နေသည့် NTN ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက အဆောက်အအုံ တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့က မြေပြင်လုပ်ငန်းအခြေအနေများကို စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားမှုရှိမရှိ တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ ရုံးအဆောက်အအုံသည် အလျား ၄၅ ပေ၊ အနံ ၆၆ ပေနှင့် အမြင့် ၁၂ ပေရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မူလရန်ပုံငွေ ကျပ် ၆၇ သန်း အကုန်အကျခံ၍ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

## မြဝတီမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်မီးသတ်တပ်ဖွဲ့က အသိပေးနှိုးဆော်

**မြဝတီ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် မြဝတီမြို့တွင် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်၊ မီးလောင်မှု မဖြစ်ပွားစေရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ပြည်သူများအား မီးဘေးအန္တရာယ်အကြောင်း အသိပေးနှိုးဆော်မှုများကို ခရိုင်မီးသတ်ဦးစီးဌာနက ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက မြို့တွင်း၌ လိုက်လံဆောင်ရွက်သည်။

မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မြို့တွင်း၌လှည့်လည်၍ ပြည်သူများ လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျအသုံးပြုရန်၊ အိမ်များတွင် မီးသတ်ဆေးဘူးများ၊ မီးချိတ်/မီးကတ်များ၊ ရေပုံး/သဲပုံးများ စနစ်တကျ ကြိုတင်ပြင်ဆင်ထားရန်နှင့် မီးလောင်မှုမဖြစ်စေရန် သတိပြုလိုက်နာရမည့်အချက်များ၊ မီးကိုအသုံးပြုရာတွင် အထူးဂရုပြုရန်နှင့် လျှပ်စစ်မီးအသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ စသည်တို့ကို အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာ၍ နှိုးဆော်ခဲ့ခြင်းဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## မချမ်းဘော့မြို့နယ်မှ ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**ပူတာအို ဖေဖော်ဝါရီ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မချမ်းဘော့မြို့နယ် ထန်ဂါး- မရွတ်ဒမ်း- မပြုံး- ကွမ်ဆောရ်ကျေးရွာမှ တစ်ဆင့် ခေါင်လန်ဖူးမြို့နယ် လဂျာကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းကို ဖောက်လုပ်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါလမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၉၃ ဒသမ ၄၈၇ သန်းဖြင့် ဖောက်လုပ်နေခြင်းဖြစ်ပြီး စုစုပေါင်း လမ်းအရှည် ၆၇ မိုင်အနက် နှစ်မိုင်၌ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ လမ်းဖောက်လုပ်နေမှု အခြေအနေများကို ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေးနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရေးအတွက် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါမြေသားလမ်း ဖောက်လုပ်မှုများ ပြီးစီးသွားပါက မချမ်းဘော့မြို့နယ် ထန်ဂါးကျေးရွာအုပ်စု၊ အင်ဂါဒိန်ချက်ကျေးရွာအုပ်စုနှင့် ခေါင်လန်ဖူးမြို့နယ် လဂျာကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ခြောက်ရွာမှ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၆၅၀ ခန့်အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**




လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

# ပုဂံဒေသသို့လာသည့် ဘုရားဖူးများအား ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဘုရားဖူးနိုင်ရန် ဆောင်ရွက်ပေးနေ

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ မြန်မာနိုင်ငံ နေရာအနှံ့မှ ဘုရားဖူးများနှင့် ခရီးသွားပြည်သူများ လာရောက်ဖူးမြော် လျက်ရှိကြောင်းနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီး ဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန် ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုထားကြောင်း ထီးလိုမင်းလို ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှဦးထံမှ သိရသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ မြန်မာနိုင်ငံ နယ် အစုံမှ ဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိရာ ဘုရားဖူး လာရောက်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုထားပြီး ဘုရား များ၏ ရင်ပြင်တော် ပရိဝုဏ် အကျယ်အဝန်းအပေါ် မူတည်၍ ဘုရားဖူးဝင်ရောက်ခွင့် အရေအတွက် သတ်မှတ် ထားကာ ဘုရားဖူးလာသည့် ပြည်သူများအနေဖြင့်လည်း စည်းကမ်းချက်များကို လိုက်နာ၍ ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ပြည်တွင်း၌ စတင် ရောဂါပိုးတွေ့ချိန်မှစ၍ ပုဂံရှေးဟောင်းဒေသကို ပိတ်ထား ခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ပုဂံဒေသရှိ အထင်ကရ သမိုင်းဝင် ဘုရားကြီး ၁၉ ဆူကို ဗုဒ္ဓဘာသာက အနေကဇာတင်ပြီးနောက် ပြန်လည်ဖွင့်လှစ်ကာ ဘုရားဖူး များ လာရောက်ဖူးမြော်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသကို ပြန်လည်ဖွင့်လှစ် ချိန်မှစတင်ကာ ပြည်တွင်းမှ ဘုရားဖူးများ၊ လေ့လာရေး ခရီးသွားအဖွဲ့များအနေဖြင့် ဘုရားများသို့ လာရောက်လျက် ရှိသော်လည်း ဘုရားဖူးလာရောက်မှုမှတ်တမ်းမှာမူ ဂေါပက အဖွဲ့ရှိသည့် ဘုရား ၁၉ ဆူ၌သာ ထားရှိကြောင်း သိရသည်။

ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်ကြသည့် မှတ်တမ်းအရ မန္တလေး၊ မိုးကုတ်၊ ရန်ကုန်၊ မြင်းခြံ၊ တံတားဦး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ချောက်၊ ပခုက္ကူမြို့များမှ လာရောက်ဖူးမြော်ကြပြီး တစ်ရက်လျှင် လူဦးရေ ၅၀ မှ ၁၇၅ ဦးအထိ ဘုရားဖူးလာရောက်လျက် ရှိကာ တစ်ရက်ထက်တစ်ရက် ဘုရားဖူးဝင်ရောက်လာမှုမှာ ပိုများလာနေကြောင်း သိရသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ၊ ပုထိုး၊ ဂူဘုရားများ အပါအဝင် သာသနိကအဆောက်အအုံ ၃၈၀၀ ခန့်ရှိကြောင်းနှင့် အဆိုပါ ဘုရားများတွင် ကျန်းမာ ရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဝင်ရောက် ဖူးမြော်ခွင့်ပြုထားပြီဖြစ်ကာ ဘုရားဖူးများအား လာရောက် သည့်မြို့၊ တယ်လီဖုန်းနံပါတ်၊ ကားနံပါတ်၊ နေရပ်လိပ်စာ စသည်တို့ကို အပြည့်အစုံစာရင်းယူ၍ မှတ်တမ်းထားရှိ ကြောင်းလည်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

# (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ထန်တလန်မြို့၌ကျင်းပ

**ထန်တလန် ဖေဖော်ဝါရီ ၂၀**
(၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ချင်း ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်ကို ကိုယ်စား ပြုသော သဘာပတိ ကိုးဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် သဘာပတိ ဦးအောင်မြ ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့ နောက် ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို သဘာပတိကပင် ဖတ်ကြားပြီး ချင်းအမျိုးသားနေ့ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းယောင်းမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ပေးဝေ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၀**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ ပြည်သူ့ဆေးရုံ၌ တာဝန် ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှု ခံယူနေသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများကို ဖေဖော်ဝါရီ ၁၉ ရက်က သွားရောက်ပေးဝေခဲ့ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ စီမံကိန်းဦးစီးရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆေးယု၊ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့် တာဝန်ရှိသူများက အာဟာရမုန့်၊ အားဖြည့် အချိုရည် စသည့် စားသောက်ဖွယ်ရာများကို ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမကြီးနှင့် ကျန်မာရေးဝန်ထမ်းများ၊ ဆေးရုံတက်ရောက်၍ ကုသမှု ခံယူနေသော ဒေသခံပြည်သူများအား အသီးသီး ပေးဝေခဲ့ကြခြင်းဖြစ်သည်။

စိုင်းအောင်ဇော်လင်း

# သုံးခွမြို့နယ် လက်ပန်စံပြကျေးရွာတွင် ပြည်သူများစုပေါင်း၍ အပတ်စဉ် သန့်ရှင်းရေးပြုလုပ်လျက်ရှိ

**သုံးခွ ဖေဖော်ဝါရီ ၂၀**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုရီးယား နိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာ သစ်လူ့ပ်ရှားမှု စီမံကိန်း(မြန်မာ ဆယ်မာအူလ်းအွန် ဒုန်)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လက်ပန်စံပြကျေးရွာ၌ စီမံကိန်းလွန် ကာလတွင် လည်း ကျေးရွာသန့်ရှင်းရေးလုပ်ငန်းများကို ဆက် လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး အစီအစဉ်အရ လက်ပန်ကျေးရွာမှ ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဦးစိန်နွဲ့နှင့် ကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာနေပြည်သူ များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများ ပါဝင်ပြီး ကျေးရွာ သန့်ရှင်းသာယာစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ် ငန်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ကာ ဖေဖော် ဝါရီ ၂၀ ရက်ကလည်း ကျေးရွာတွင်း လမ်းမကြီး တစ်လျှောက်နှင့် လမ်းသွယ်များတွင် စုပေါင်းအမှိုက် ကောက်၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ကောက်ယူပြီးသော အမှိုက်များကို အမှိုက်ကန်တွင် စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရပြီး အမှိုက်ကောက် ရာတွင် ပါဝင်သူများအား အလှူရှင်နှစ်ဦးက မြန်မာ့ ရိုးရာ အာဟာရမုန့်များ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း လည်း သိရသည်။

ကိုကျော်(သုံးခွ)



# လပွတ္တာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်

**လပွတ္တာ ဖေဖော်ဝါရီ ၂၀**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ကျေးရွာ ၁၅ ရွာအတွက် တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က လပွတ္တာမြို့နယ် ရွေးနဒီခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး လပွတ္တာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်သူကိုကိုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးမင်းဦးတို့က အမှာစကားပြောကြားသည်။ ထို့နောက် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဟိန်း က စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း ရန်ပုံငွေများကို ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းဝင် ကျေးရွာကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ **တေဇာလင်း**




# ကြက်သွန်နီစိုက်ပျိုးရာတွင် ထွက်နှုန်းပိုကောင်းသော ပျိုးပင်စိုက်ပျိုးခြင်းကို တောင်သူများ အားထားလုပ်ဆောင်လာ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တောင်သူ များအနေဖြင့် ကြက်သွန်နီစိုက်ပျိုးရာတွင် ဥကို စိုက်ပျိုးသည့်အစား အထွက်နှုန်း ပိုမိုကောင်းမွန်သော ပျိုးပင်စိုက်ပျိုးနည်းစနစ်ကို အားထားလုပ်ကိုင်လာ ကြကြောင်း ဒေသခံ ကြက်သွန်နီစိုက်တောင်သူများ ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးရေးကို အဓိက စီးပွားဖြစ်လုပ်ကိုင်ကြသည့် ကျေးရွာများမှာ အင်းနက်၊ ညောင်ပင်စောက်၊ မဲဇလီ၊ ဆည်တော်၊ ကြူဝင်း၊ အနောက်လေးအိမ်၊ ထန်းတော၊ ညောင်ပင် ဝိုင်း၊ ထူးပေါက်၊ ကျွဲခြံနှင့် လယ်မကျေးရွာတို့ဖြစ်ပြီး မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း စိုက်ပျိုးလုပ်ကိုင်ကြသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး၊ နှမ်း၊ ပဲအမျိုးမျိုးနှင့် ကြက်သွန်နီကို စိုက်ပျိုးကြပြီး ပြီးခဲ့သည့် မိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်စိုက်ခင်းများမှာ အောင်မြင် ဖြစ်ထွန်းကာ အထွက်နှုန်း ကောင်းမွန်ခဲ့သော်လည်း လက်ရှိတွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေ၍ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးအမြတ်နည်းပါးကာ လုပ်ငန်းအခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ယခင်နှစ်က မိုးကြက်သွန်နီ ပေါ်ချိန်တွင် တစ်ပိဿာကို ကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ ရခဲ့သော်လည်း ယခုနှစ်တွင်မူ တစ်ပိဿာလျှင် ကျပ် ၃၀၀၊ ၄၀၀ ခန့်သာ ရရှိနေကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

# အမ်းမရိတ်မှာ အမှတ်ပြည့်ရယူဖို့ မလွယ်ကူတဲ့ ဂွါဒီယိုလာရဲ့ မန်စီးတီး

■ မိုးဇက် – စုစည်းသည်



ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက လိဂ်ဖလားပြိုင်ပွဲ၌ အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ယနေ့ တနင်္ဂနွေနေ့ ပရီမီယာလိဂ်ပွဲစဉ်မှာ စပါး၊ လက်စတာ၊ အာဆင်နယ်၊ မန်စီးတီး၊ မန်ယူစတဲ့အသင်းကြီးများအပါအဝင် ပွဲစဉ် (၂၅)မှ ပွဲစဉ်လေးပွဲ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသလို မန်ယူအသင်းနှင့် တန်းဆင်းဇုန် အထက်နားက နယူးကာဆယ်အသင်းတို့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်း ဖော်ဆောင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ဝက်စ်ဟမ်း VS စပါး

ပ_ကျော့ရလဒ် စပါး ၃-၃ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းက ပြီးခဲ့တဲ့ ရှက်ဖီးလ်အသင်းနဲ့ပွဲစဉ်မှာ သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းအသင်းက မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုး၊ ချယ်ဆီးအသင်း ကို သုံးဂိုး-ဂိုးမရှိ၊ လီဗာပူးအသင်းကိုသုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားတာကြောင့် ယခုနှစ်ရာသီ အသင်းကြီးတွေနဲ့ တွေ့ဆုံတိုင်းရလဒ်မကောင်းတတ်တာကို သတိပြုရမယ်။ ယခု ပွဲစဉ်ကလည်း မော်ရင်ဟိုရဲ့ စပါးအသင်းဖြစ်နေတာကြောင့် ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ဝက်စ်ဟမ်းအသင်းက ၂၄ ပွဲကစားပြီး ၄၂ မှတ်နဲ့ စပါးအသင်းထက်မှာ ရပ်တည်နေတာကို တွေ့ရတယ်။ စပါးအသင်းက နောက်ဆုံးခုနစ်ပွဲမှာ ငါးပွဲအထိ ရှုံးနိမ့်ထားတာကို တွေ့ရတယ်။ ဒါပေမယ့် အနီးစပ်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဝုဖ်ဘာဂါ အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတယ်။ တိုက်စစ်အားပြုကစားရင် ဝက်စ်ဟမ်းအသင်း နိုင်နိုင်တယ်။

## ဗီလာ VS လက်စတာ

ပ_ကျော့ရလဒ် လက်စတာ ၀-၁ ဗီလာ

ဒီနှစ်သင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာတော့ ဗီလာအသင်းက တစ်ဂိုး-ဂိုးမရှိ နဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပါတယ်။ ဗီလာအသင်းရဲ့ ခြေစွမ်းက နောက်ဆုံးနှစ်ပွဲမှာ အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပေမယ့် ဘရိုက်တန်အသင်းကို ဂိုးမရှိသရေကျထားတာကြောင့် တည်ငြိမ်မှု မရှိတာကို တွေ့ရတယ်။ ဒ့ါအပြင် မန်ယူ၊ လီဗာပူး၊ မန်စီးတီးစတဲ့ အသင်းကြီးတွေ့နဲ့ တွေ့ဆုံခဲ့ရာမှာတော့ အရှုံးနဲ့ ရင်ဆိုင်ထားရပါတယ်။ လက်စတာအသင်းရဲ့ ခြေစွမ်းက နောက်ဆုံးငါးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ လီဗာပူး အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတာကြောင့် ယုံကြည်မှုရှိနေပါတယ်။ ဒါကြောင့် အသင်းကြီးတွေနဲ့ တွေ့တိုင်း ရလဒ်မကောင်းတတ်တဲ့ ဗီလာအနေနဲ့ လက်စတာကို ခက်ခက်ခဲခဲကစားရနိုင်ပါတယ်။ ဒ့ါအပြင် လက်စတာအသင်းက ယခုပွဲစဉ် အနိုင်ရရှိရင် ဒုတိယနေရာကို ယာယီတက်လှမ်းနိုင်မှာဖြစ်တဲ့အတွက် လက်စတာ နိုင်ပွဲရရှိနိုင်တယ်။

## အာဆင်နယ် VS မန်စီးတီး

ပ_ကျော့ရလဒ် မန်စီးတီး ၁-၀ အာဆင်နယ်

အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့တဲ့ နှစ်ပွဲမှာ မန်စီးတီးအသင်းကသာ နိုင်ပွဲရလဒ်ဖော်ဆောင်ထားနိုင်တာတွေ့ရတယ်။ ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ မန်စီးတီး အသင်းကို အနိုင်ရရှိဖို့ အကောင်းဆုံးပြင်ဆင်လာမှာသေချာပါတယ်။ ဒ့ါအပြင် ဝုဖ်၊ ဗီလာအသင်းတို့ကို ရှုံးနိမ့် ထားပေမယ့် လိဒ်စ်၊ ဘင်ဖီကာအသင်းတို့ကို မရှုံးနိမ့်အောင် ကစားထားနိုင်တဲ့အတွက် ခြေစွမ်းအတက်ဘက် ရောက်နေပါတယ်။ မန်စီးတီးအသင်းက ယခုပွဲစဉ်ပြီးရင် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရဖို့ရှိတာကြောင့် လူစုံထုတ်ကာ အာဆင်နယ်အသင်းကို ရင်ဆိုင်လာမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒုတိယနေရာမှ မန်ယူအသင်းကို ၁၀ မှတ်အထိ ဖြတ်ထားနိုင်တာကြောင့် ဖိအားကင်းကင်းနဲ့ အာဆင်နယ်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲကြောင့် ကစားအားချန်ထားနိုင်ဖွယ်ရှိတဲ့ မန်စီးတီးအသင်းထက် အနိုင်ရရှိဖို့ အားစိုက်လာမယ့် အာဆင်နယ်နိုင်ဖွယ်ရှိတယ်။

## မန်ယူ VS နယူးကာဆယ်

ပ_ကျော့ရလဒ် နယူးကာဆယ် ၁-၄ မန်ယူ

မန်ယူအသင်းနဲ့ နယူးကာဆယ်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာ မန်ယူအသင်းက နှစ်ကြိမ်စလုံး လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတာကို တွေ့ရတယ်။ မန်ယူ အသင်းက ယခုပွဲစဉ်ပြီးရင် ယူရိုပါလိဂ် ပြိုင်ပွဲ ဒုတိယအကျော့ကစားရဖို့ရှိပေမယ့် ပထမအကျော့ မှာ ဂိုးပြတ်အနိုင်ရရှိထားလို့ ဒီပွဲကို အာရုံစိုက်ကစားလာမှာ သေချာပါတယ်။ နောက်ပြီး ဦးဆောင်သူ မန်စီးတီးအသင်းနဲ့ ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အတွက်လည်း ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ကြိုးပမ်းလာမှာ သေချာပါတယ်။ မန်ယူအသင်း ယခုနှစ်ရာသီမှာ ပုံစံကောင်း ရရှိနေတယ်ဆိုပေမယ့် အသင်းငယ်တွေနဲ့တွေ့တိုင်း ရလဒ်မကောင်းတတ်တာကို သတိပြုရမယ်။ ယူရိုပါလိဂ်ပြိုင်ပွဲရှိနေတာကြောင့် နည်းပြ ဆိုးလ်ရှား လူထုတ်ပုံအပြောင်းအလဲရှိလာနိုင်ပေမယ့် နိုင်ပွဲရလဒ်ကိုတော့ မဖြစ်မနေဖော်ဆောင်ဖို့ ပြင်ဆင်လာဖွယ်ရှိပါတယ်။ နယူးကာဆယ်အသင်းက တန်းဆင်းဇုန်အန္တရာယ်ရှိပေမယ့် မန်ယူကိုနိုင်ဖို့ မလွယ်ပါဘူး။



## ဝုဖ်အိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့သည့် လိဒ်စ်

ပရီမီယာလိဂ် ပွဲစဉ် (၂၅) ရဲ့ အစောဆုံးပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ဝုဖ်အသင်းနှင့် လိဒ်စ် အသင်းတို့ ဝုဖ်အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲကစားချိန် ၆၄ မိနစ်တွင် ဝုဖ်အသင်းမှ ထရာအိုရေး၏ အဝေးကန်သွင်းချက် ဂိုးတိုင်မှန်ပြီး ပြန်လျှံထွက်လာသည့်ဘောလုံးက လိဒ်စ်ဂိုးသမား မက်စ်လီယာနှင့် ထိမိပြီး ဂိုးဝင်သွားသောကြောင့် ဝုဖ်အသင်း ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဂိုးကြောင့် လိဒ်စ်ဂိုးသမားသည် အသက် ၂၀ နှစ်နှင့် ၃၅၄ ရက်ဖြင့် ပရီမီယာလိဂ်၌ အသက်ငယ်ဆုံး ကိုယ့်ဂိုးကိုယ်သွင်းမိသည့် ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဝုဖ်အသင်းနှင့် လိဒ်စ်အသင်းတို့ပွဲစဉ်သည် ခြေရည်တူနှစ်သင်းဆုံတွေ့နေသောကြောင့် အပြန်အလှန် ထိုးဖောက်မှုများဖြင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် လိဒ်စ်အသင်းသည် ဝုဖ်အသင်းအပေါ် ဂိုးပေါက်ကန်သွင်းမှု၊ ဂိုးပေါက်တည့်မတ်မှု၊ ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းအဆုံးသတ်မသေချာမှု၊ ဝုဖ်အသင်းဂိုးသမား ကာကွယ်နိုင်မှုတို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဝုဖ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကစားရမည်ဖြစ်သည်။ လိဒ်စ်အသင်းက ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေး များကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင် ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။


Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India


ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါ ရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မင်းမနိုင်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၉၊ အခန်း ၁၆နေ (ဦးမောင်ကံ-ဒေါ်သောင်းဆင့်) တို့၏သား၊ (ဒေါ်ခင်ထားထား) ၏ခင်ပွန်း၊ ဒေါ်ရီရီလွင်-ဦးခင်မောင်သန်း၊ ဒေါက်တာ ထွန်းလွင်-ဒေါ်မြမြဝင်း၊ ဒေါ်သီသီလွင်၊ ဦးဝင်းလွင် (လဝက-ငြိမ်း)-ဒေါ်မြင့်မြင့်ဝေ၊(ဦးစန်းလွင်) တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၂၂ရက် (သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်အေး(ခ)ဒေါ်တင်ဇ
### B.A, M.A(ဂုဏ်ထူး)
### ကထိက(ငြိမ်း)၊ သမိုင်းဌာန
### ရန်ကုန်တက္ကသိုလ်(ပင်မ)၊ ဥက္ကဋ္ဌ၊ သီရိဆောင်၊ ကျောင်းသူဟောင်းများအသင်း
### အသက်(၈၅)နှစ်

လယ်ဝေးမြို့နယ်၊ ရမည်းသင်းခရိုင်၊ ချောင်းခွရွာသူကြီး(ဦးဘိုးဉာဏ်-ဒေါ်ပု) တို့၏သမီး၊ ဝဏ္ဏကျော်ထင် (ဗိုလ်မှူး ကပ်ကျုံး-ဒေါ်လှုန် ငှဲလ်)တို့၏သမီးချွေးမ၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည် အိမ်ရာဝင်း၊ အောင်ချမ်းသာ ၂လမ်း၊ အမှတ် ၆၄နေ [ ဦးရောဘတ်စွန်ခါ(တွဲဖက်ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာနအတွင်းရေးမှူး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ကျောင်းသားသမဂ္ဂ ရန်ကုန်တက္ကသိုလ်၊ လေထီးဆက်သွယ်ရေး စစ်သည်) ၏ချစ်လှစွာသောဇနီး၊ C/E ဦးခါမောင်ဦး၊ ဒေါက်တာ ခါမေတင်၊ ဒေါ်သီဒါခါ (ဒုတိယ ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ Capt ဦးအောင်ခိုင်-ဒေါ်သီရိခါ၊ ဒေါက်တာ စန္ဒာခါ (ပါမောက္ခဌာနမှူး၊ ဓာတုဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်၊ ဦးခိုင်ထက်ဦး-ဒေါ်အေးသက်တာ၊ ဒေါက်တာ ခင်ထျန်းခိုင်ဆုလာဒ်(Gangnam Aestetic Medical Center)၊ မောင်ခိုင်မင်းထွေး(BE UNSW) တို့၏ အဘွား၊ မညိုဆက်ရှင် (Abigail Robin Brown)၏ ဘွားဘွားကြီးသည် ၁၇-၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင်ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝန်ထမ်းအမြန်အလိုရှိသည်

လုံခြုံရေးဝန်ထမ်း(၆)ဦး အမြန်အလိုရှိသည်။ နေစရာစီစဉ်ပေးမည်။ တပ်မတော်အငြိမ်းစား၊ ရဲအငြိမ်းစားများ အလိုရှိသည်။ ကျန်းမာသန်စွမ်းရမည်။ နေ့ / ည ဆင်းနိုင်ရမည်။

**ဆက်သွယ်ရန်လိပ်စာ - အမှတ် (၄၂)၊ ကမာကြည်လမ်း၊ (၂၉) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**Ph- 09-5178979, 09- 451146685, 09-776187674**

## ကန့်ကွက်နိုင်ပါကြောင်း

ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ် /အမည်(၅၇/သီလဝ-၂)၊မြေကွက်အမှတ် (၈၉၅)၊ဦးပိုင်အမှတ် (၂၁၂)၊ မြေရိယာ၀ဒသမ၀၈၆ဧကရှိ မြေအား မြို့မြေတိုးချဲ့ရေးလုပ်ငန်းကော်မတီမှ ၁၅-၁၂-၁၉၉၀ ရက်တွင် လူနေထိုင် အသုံးပြုရန်အတွက် ဦးဝင်းမောင် အမည်ဖြင့် ချထားပေးခဲ့ပါကြောင်း၊ ၎င်းမြေကွက်အား ဒေါ်ဝတ်မှုံစိုးမှ ဝယ်ယူခဲ့ပြီး ယခုအခါ ဒေါ်ဝတ်မှုံစိုး အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်ဝတ်မှုံစိုးအမည်ဖြင့် မြေငှားဂရန် အသစ်ချထားပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရမည်းသင်းမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၅)ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃၀၀၀ | ၂၃-၃-၂၀၂၂ | ၁၂:၀၀ | ၂၃-၃-၂၀၂၂ | ၁၄:၀၀ |
| ယူရီးယားအောက်ကျုံး (မြောင်းတကာ+ ကန်ကြီးထောင့်) | ၁၀၈.၈၂ | ၂၃-၃-၂၀၂၂ | ၁၂:၀၀ | ၂၃-၃-၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ယာယီရွှေ့ဆိုင်းခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ၂၉-၂-၂၀၂၂ ရက်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Transformer/GCB Indoor Type | ၁၁/၁ လုံး |
| (ခ) | Generator | ၅ လုံး |

၂။ ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူထားခြင်းအား ယာယီရွှေ့ဆိုင်းထားရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဘိုးဘွားပိုင်အမည်ပြောင်းလျှောက်ထားခြင်းအားကြေညာခြင်း

ပျော်ဘွယ်မြို့၊ မြို့မရပ်ကွက်နေ ကျွန်မ ဒေါ်မာမာဦး (ဘ)ဦးကျော်သိန်း ၉/ပဘန(နိုင်)၁၅၃၉၉၈ ကိုင်ဆောင်သူမှ အများပြည်သူသိရှိရန် ကြေညာလိုက်ပါသည်။

ပျော်ဘွယ်မြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ ဦးပိုင်အမှတ်(၄၅ ခ)၊ ဧရိယာ ၀ဒသမ ၀၄၈ဧကရှိ အိမ်ဝိုင်းမြေကွက်အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီးပြီဖြစ်ပါ၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မာမာဦး**
**၉/ပဘန(နိုင်)၁၅၃၉၉၈**
**မြို့မရပ်ကွက်၊ပျော်ဘွယ်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ အောင်ပင်သာအုပ်စု၊ ကျွဲဘိကျေးရွာနေ ကျွန်မ ဒေါ်သင်းသင်း ၇/အဖန(နိုင်)၀၇၄၂၆၈ ၏သား မောင်ဝင်းကိုကို(ခ)မိုးဒီ ၇/ကပက(နိုင်)၁၂၀၃၈၄ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်သင်းသင်း ၇/အဖန(နိုင်)၀၇၄၂၆၈**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်နေ ကိုထွဋ်ထွဋ်လင်း ၁၄/ပတန(နိုင်)၀၈၄၃၄၃နှင့် မနှင်းသဉ္ဇာဆွေ ၁၄/ပတန(နိုင်)၁၃၆၆၅၅ တို့သည် ၁၈-၂-၂၀၂၂ ရက်တွင် အနောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများရှေ့၌ လက်မှတ်ရေးထိုး၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ထွဋ်ထွဋ်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင်**
**အထက်တန်းရှေ့နေ (စဉ်-၁၂၂၄၄)**
**အမှတ်-၂၁၊ စိတ္တသုခလမ်း၊ ပန်းတနော်မြို့၊ ဖုန်း-၀၉-၄၂၂၄၆၉၉၈၀**

## ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## Yangon Urban Public Transportation Public Company Limited
## တတိယအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးရွှေ့ဆိုင်းခြင်း

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၅-၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် Zoom Meeting ဖြင့် ပြုလုပ်ရန် ၂၇-၁-၂၀၂၂ရက်ထုတ် သတင်းစာများတွင် ကြေညာထားခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား ရွှေ့ဆိုင်းထားရှိပါကြောင်းနှင့် ပြုလုပ်မည့်ရက်အား ထပ်မံဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး**
**အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## မြေညီ နှစ်လွှာငှားမည်

၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ၁၃'x၅၈' အပေါ်/အောက်-ရေချိုး ဘိုထိုင်ပါ စီးပွားရေး/လူနေရန်ကောင်း၊ ရှယ်ပြင်ပြီး။

**ဖုန်း-၀၉-၅၁၄၆၅၁၅**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်၊ ကမ္ဘာအေးကွက်သစ်နေ ဒေါ်ဝင်း ၉/သပက(နိုင်)၀၆၁၂၁၇ ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လို သူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဝင်း**
**ကမ္ဘာအေးကွက်သစ်**

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံ (၁၆)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၈၄၇)နေ ဦးဟန်ဝင်းအောင် ၁၂/မဂဒ(နိုင်)၀၁၃၆၅၆၊ ဒေါ်စန္ဒာမြင့် ၇/ရတန(နိုင်)၀၀၁၉၅၆တို့၏ သားများဖြစ်ကြသည့် မောင်အောင်ကျော်သက် ၁၂/မဂဒ(နိုင်)၁၇၀၈၄၆၊ မောင်ဇော်သက်အောင် ၁၂/မဂဒ(နိုင်)၁၆၁၁၀၁တို့သည် မိဘဆိုဆုံးမမှုကို အကြိမ်ကြိမ် မနာခံပါသဖြင့် ၂၁-၂-၂၀၂၂ ရက်မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ဖြစ်ပေါ်လာမည့်ကိစ္စအဝဝအား မိဘများမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးဟန်ဝင်းအောင်-ဒေါ်စန္ဒာမြင့်**

## မီး
## သတိပြု




## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း

ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ် /အမည်(၅၉/သီလဝ-၃)၊ မြေကွက်အမှတ် (၅၁၇)၊ ဦးပိုင်အမှတ် (၇၃)၊ မြေဧရိယာ၀ဒသမ၀၈၆ဧကရှိ မြေအား မြို့မြေတိုးချဲ့ရေး လုပ်ငန်းကော်မတီမှ ၁၃-၁၂-၁၉၉၀ ရက်တွင် လူနေထိုင်အသုံးပြုရန်အတွက် ဦးခင်မောင်လတ် အမည်ဖြင့် ချထားပေးခဲ့ပါကြောင်း၊ ၎င်းမြေကွက်အား ဒေါ်ဝတ်မှုံစိုးမှ ဝယ်ယူခဲ့ပြီး ယခုအခါ ဒေါ်ဝတ်မှုံစိုး အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်ဝတ်မှုံစိုးအမည်ဖြင့် မြေငှားဂရန်အသစ် ချထားပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရမည်းသင်းမြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် (၁၁)တွင် နေထိုင်သူ ဦးတင်မြင့်ဇော် ၁၀/မဒန(နိုင်)၁၀၄၃၀၆နှင့် ဒေါ်ချိုချိုဝင်း ၁၂/လမန(နိုင်)၁၀၄၃၀၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ တပင်ရွှေထီးလမ်း၊ (၁၄)ရပ်ကွက်၊ အမှတ် (၁၁၁/က)၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (ကံဘဲ့)၊ မြေကွက်အမှတ် (၁၃၄/က)၊ (အလျား ၄၄ပေxအနံ၅၁ပေ၆လက်မ)၊ ဧရိယာ၀ဒသမ၀၅၂ဧက နှစ် ၆၀ ဂရန်မြေအမျိုးအစားဟုခေါ်တွင်သော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းရှိ နှစ် ၆၀ မြေငှားဂရန် စာချုပ်အမှတ် (ရက-ဂရန်-၄၆/၂၀၀၆)တွင် ဦးတင်မြင့်ဇော်နှင့် ဒေါ်ချိုချိုဝင်းအမည်ဖြင့် မှတ်သားတည်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးတင်မြင့်ဇော်နှင့် ဒေါ်ချိုချိုဝင်းသည် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ရီရီမာ ၁၂/ရကန(နိုင်)၀၁၂၃၇၆ထံမှ ဝယ်ယူသည့် ၁၅-၉-၂၀၀၅ရက်မှစ၍ ယနေ့အချိန်ထိ တရားဝင်လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေများ တရားဝင်အမည်ပေါက်လက်ရှိထားပိုင်ဆိုင်သည့် မြေကွက်အတွင်း မတရားကျူးကျော်၍ ခြံစည်းရိုးခတ်ခြင်း/နေအိမ်ဆောက်လုပ်ခြင်းပြုလုပ်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)**
**တိုက် (၂၅၅)၊ အခန်း (၅)၊ ရန်အောင်လမ်းသွယ် (၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျုံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်းကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန် ကန် စီစဉ်ထားရှိပြီး ရေများရရှိနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# တည်ငြိမ်အေးချမ်းမှုကို မလိုလားသော ဆန္ဒပြသူများက မန္တလေး ရတနာပုံသင်္ဘောကျင်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများ၊ ဂျင်ကလိများဖြင့် ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မန္တလေးမြို့ ဂေါဝန်ဆိပ်ကမ်းတွင် ယနေ့ ဖေဖော်ဝါရီ ၂၀ ရက်နေ့၌ မန္တလေးမှ ဗန်းမော်သို့ သွားရောက်ရန်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရောဝတီဌာနခွဲပိုင် ရေယာဉ်နှစ်စင်းအား မန္တလေးမြို့ စိန်ပန်းရပ်ကွက်ရှိ CDM လှုပ်ရှားသူများက ရေယာဉ်များ မထွက်ခွာနိုင်စေရေး ရန်လိုသည့် အပြုအမူဖြင့် အကြောင်းမဲ့ နှောင့်ယှက်တားဆီးသည့်အပြင် စက်မှုကျွမ်းကျင်အဆင့် ၄ ရှိသူ ဦးဌေးဝင်းကလည်း ရေယာဉ်စက်သော့များကို ဖြုတ်သိမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အပေါ် တာဝန်ရှိသူများနှင့် နေရာရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြေလျှော့မှုများပြုလုပ်ခဲ့သော်လည်း လက်မခံဘဲ ရန်လိုသူများမှ တုတ်၊ ဓား၊ ခဲ၊ လေးခွ၊ ဂျင်ကလိများဖြင့် ပစ်ခတ်လာခဲ့သောကြောင့် အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ လူစုခွဲခဲ့ရာ လူစုခေတ္တကွဲခဲ့ပြီး နေ့လယ်ပိုင်းတွင် ရန်လိုသူအင်အားအများအပြားသည် ၄၁ လမ်းနှင့် ကမ်းနားလမ်းထောင့်၌ ထပ်မံစုရုံး၍ နေရာလုံခြုံရေးယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများ၊ ဂျင်ကလိများဖြင့် ပစ်ခတ်ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပိတ်ဆို့ခဲ့ရာ တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ *စာမျက်နှာ ၁၈ ကော်လံ ၁* ○

မှာတိကာ

ယနေ့ မာ တိ ကာ

**အေးချမ်းစွာ နေပါရစေ . . .**

ဆောင်းပါး စာ ၈

......................

**ဝန်ထမ်းကောင်းတစ်ဦး ဆိုရာဝယ် . . .**

ဆောင်းပါး စာ ၁၀

## အမေရိကန်တွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းမှာ ဆောင်းမုန်တိုင်းကြောင့် အဟန့်အတားဖြစ်

နိုင်ငံတကာသတင်း စာ » ၁၃

## ကိုဗစ်-၁၉ ကာကွယ်ဆေး ကိုဗက်အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံကို ရန်ပုံငွေအဖြစ် ထည့်ဝင်သွားမည်ဟု အမေရိကန်ကြေညာ

နိုင်ငံတကာရေးရာ စာ » ၁၄

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇ ဦး တွေ့ရှိ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၁၉၆ ဦးရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

( ၂၀ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၉-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၈၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၂,၂၉၀) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၃၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၂၄၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၆) ဦး ရှိပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မီလန်မြို့ခံနှစ်သင်း ဆုံတွေ့နေသည့် စီးရီးအေပွဲစဉ် ၂၃ ရလဒ်က ဘယ်လိုဖြစ်လာမလဲ



ကိုပါအီတာလီယာဖလားပြိုင်ပွဲ၌ အင်တာမီလန်နှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

အီတလီစီးရီးအေပွဲစဉ် (၂၃)အဖြစ် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်ကို ယနေ့ ည ၈ နာရီခွဲတွင် အေစီမီလန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမှတ်ပေးဇယားအဆင့် (၁)နှင့် (၂) နေရာတွင် ရပ်တည်နေသည့် အသင်းနှစ်သင်း တွေ့ဆုံနေသောကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

အင်တာမီလန်အသင်းက စီးရီးအေ ၂၂ ပွဲ ကစားပြီး ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ အေစီမီလန်အသင်းက ၂၂ ပွဲကစား၍ ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ အဆိုပါ အသင်းနှစ်သင်း၏ ရမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိသောကြောင့် ယနေ့ပွဲစဉ်သည် ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိနေသည်။ အေစီမီလန်အသင်းက ယခုပွဲစဉ် အနိုင်ရရှိလျှင် အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခွင့်ရရှိမည်ဖြစ်သည့်အတွက် အင်အားအတောင့်တင်းဆုံး ပုံစံကိုအသုံးပြုကာ အင်တာမီလန်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ အင်တာမီလန်အသင်းကလည်း ယခု ပွဲစဉ်အနိုင်ရရှိလျှင် ရမှတ်လေးမှတ်အထိ ဖြတ်ထားနိုင်မည်ဖြစ်သောကြောင့် အကောင်းဆုံး ပြင်ဆင်လာဖွယ် ရှိနေသည်။

အေစီမီလန်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲတွင် စပီဇီယာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားကာ ဇဗက်ဒါအသင်းကို နှစ်ဂိုးစီ သရေကျထားသည်။ အင်တာမီလန်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲတွင် ဂျူဗင်တပ်စ်အသင်းကို ဂိုးမရှိ သရေကျထားပြီး လာဇီယိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသောကြောင့် ခြေစွမ်းအတက်ဘက် ရောက်နေသည်။ အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ နောက်ဆုံးနှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံထားမှုတွင် တစ်ကြိမ်စီ အနိုင်ရရှိထားသည်ကို တွေ့ရသည်။

အေစီမီလန်အသင်း၏ ယခုနှစ်ရာသီ စီးရီးအေအိမ်ကွင်း စွမ်းဆောင်ရည် ၁၁ ပွဲကိုကြည့်လျှင် ခြောက်ပွဲနိုင်ပြီး သုံးပွဲသရေ၊ နှစ်ပွဲရှုံးနိမ့် *စာမျက်နှာ ၉ ကော်လံ ၅* ❋